# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

## မိတ်ဆွေကောင်းနှင့်ပေါင်းသင်း

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဏတိတဝဂ် (ဓမ္မပဒ - ၇၈)

၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁ ရက် ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင် ၂၀ ရက်၊ တနင်္လာနေ့ အတွဲ (၅၉)၊ အမှတ် (၂၉၁)

# (၇၃) နှစ်မြောက် အာဇာနည်နေ့အခမ်းအနားသို့ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ သမီး နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ တက်ရောက် ဂါရဝပြု



ရန်ကုန် ဇူလိုင် ၁၉

၂၀၂၀ ပြည့်နှစ် (၇၃) နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိအာဇာနည်ဗိမာန်၌ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် နှင့် အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏သမီး နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ တက်ရောက်ဂါရဝပြုကြသည်။

အခမ်းအနားသို့ (၇၃) နှစ်မြောက် အာဇာနည်နေ့ ကျင်းပရေး ဗဟိုကော်မတီ နာယက ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊

*စာမျက်နှာ ၃ ကော်လံ ၁* ❒



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်တို့ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွမ်းသူ့ပန်းခွေချ၍ အလေးပြုကြစဉ်။ သတင်းစဉ်



ဗိုလ်ချုပ်အောင်ဆန်း၏သမီးဖြစ်သူ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် လွမ်းသူ့ပန်းခွေနှင့် ပန်းခြင်းချကာ ကန်တော့စဉ်။

သတင်းစဉ်



## ခေါင်းဆောင်ကြီးများ မျှော်မှန်းခဲ့သည့်နိုင်ငံ

လူ့သမိုင်းအစကပင် လူသည်စုပေါင်းနေထိုင်ခဲ့ကြသည်။ သန္တေဗီဇအရပင် လူသည် အထီးတည်းနေထိုင်ရှင်သန်သည့် သတ္တဝါမဟုတ်။ စုပေါင်းနေထိုင်တတ်သည့် သတ္တဝါဖြစ်သည်။ စုပေါင်းနေထိုင်ခြင်းဖြင့်သာ အန္တရာယ်ကို ရင်ဆိုင်ကာကွယ်နိုင်မည်။ စုပေါင်းနေထိုင်ခြင်းဖြင့်သာ တိုးတက်ကြီးပွားအောင် ဆောင်ရွက်နိုင်မည်။ စုပေါင်းနေထိုင်ခြင်းဖြင့်သာ အစွန့်ရှည်တည်တံ့မည်။ ဤသို့လျှင် စုပေါင်းနေထိုင်ခြင်း၊ စုစည်းညီညွတ်ခြင်းတို့မှ ရရှိလာသည့် စုပေါင်းစွမ်းအားဖြင့် လူ့အဖွဲ့အစည်းတို့ တည်တံ့ခဲ့ကြသည်။ လူ့အဖွဲ့အစည်းတို့ ဖွံ့ဖြိုးခဲ့ကြသည်။ စုပေါင်းခြင်း၊ စုစည်းခြင်းသည် အင်အားဖြစ်ပေါ်လာရေးအတွက် ဖြစ်ပြီး အစုအပေါင်း၊ အစုအစည်းပြိုကွဲသည့်အခါ အင်အားလည်း ပြိုကွဲပြီး ထိုလူ့အဖွဲ့အစည်းသည်လည်း ပျက်စီးရသည်။

ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးသွားပြီးသည့်နောက်တွင် ကမ္ဘာပေါ်ရှိ အင်ပါယာများလည်း တစ်ခုပြီးတစ်ခု ပြိုကွဲသွားသည်။ ဂျာမန်၊ ပြင်သစ်၊ ဒတ်ချ်၊ အီတလီ၊ ဘယ်လ်ဂျီယံ၊ ဂျပန်တို့ သိမ်းပိုက်ခဲ့သည့် ကိုလိုနီနိုင်ငံများကို လက်လွှတ်ခဲ့ရသလို တစ်ချိန်က နေမဝင်အင်ပါယာဟု တင်စားခေါ်ဝေါ်ခဲ့သည့် ဗြိတိသျှအင်ပါယာမှာလည်း နေဝင်စအချိန်အခါသို့ ရောက်ခဲ့သည်။ ဗြိတိန်နှင့် အမေရိကန်တို့ ၁၉၄၁ ခုနှစ်တွင် ချုပ်ဆိုခဲ့သည့် အတ္တလန္တိတ်ချာတာခေါ် စာချုပ်အရ ဗြိတိန်အနေဖြင့် ကိုလိုနီနယ်များကို လက်လွှတ်ရမည်ဖြစ်သော်လည်း အိန္ဒိယနှင့် မြန်မာတို့မပါကြောင်း လေသံလွှင့်ခဲ့သလို မဖြစ်မနေ လွတ်လပ်ရေးပေးရတော့မည့်အခြေအနေသို့ ရောက်ရှိလာသည့်အချိန်တွင်လည်း အိန္ဒိယကို ဘာသာရေးအရ ခွဲခြားကာ အိန္ဒိယနှင့် ပါကစ္စတန်(အနောက်နှင့်အရှေ့)တို့အဖြစ် ခွဲပေးခဲ့သည်။ မြန်မာနိုင်ငံကိုလည်း တောင်တန်းဒေသများအား ကိုယ်ပိုင်အုပ်ချုပ်ရေးနှင့် မထိုက်တန်သေးကြောင်းနှင့် ကာကွယ်ရေးအတွက် လိုအပ်ချက်အရ ဟူသော အကြောင်းပြချက်များဖြင့် ပြည်မနှင့်အတူတူ လွတ်လပ်ရေးမပေးဘဲ ချန်လှပ်ထားရန် ကြိုးပမ်းခဲ့သည်။ ထို့အပြင် လူမျိုးရေးအရလည်း သံသယများဝင်ရန် ခွဲခြားရန်တိုက်မှုကို နှစ်ရှည်လများစွာပင် စနစ်တကျဆောင်ရွက်ခဲ့ကြသည်။

ဗိုလ်ချုပ်အောင်ဆန်းသည် မြန်မာနိုင်ငံ လွတ်လပ်ရေးအတွက် ကြိုးပမ်းသည့်အခါ တောင်တန်းဒေသများပါ တစ်ပြိုင်တည်း လွတ်လပ်ရေး ရယူနိုင်ရန်၊ နယ်ချဲ့တို့ သွေးခွဲခြေထိုးမှုကြောင့် ဖြစ်ပေါ်လာသည့် သံသယများ ပျောက်ကွယ်ရန်၊ ညီညီညွတ်ညွတ် စုပေါင်းနေထိုင်ရန်အတွက် ခက်ခက်ခဲခဲကြိုးပမ်းခဲ့ရပြီးမှ တိုင်းရင်းသားခေါင်းဆောင်ကြီးများ၊ တိုးတက်သည့် တိုင်းရင်းသားလူငယ်များနှင့် နားလည်ယုံကြည်မှုရကာ ထိုခေတ်တိုင်းရင်းသားပြည်သူများ၏ တစ်ခဲနက်ထောက်ခံမှုဖြင့် စည်းလုံးညီညွတ်မှုကို ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက် ည ပင်လုံမြို့စော်ဘွားများ ထမင်းစားပွဲတွင် မိန့်ခွန်းပြောကြားရာ၌ "ယခုခေတ်ကမ္ဘာကြီး၏အခြေမှာ ဘယ်တိုင်းပြည်မဆို ကိုယ့်တိုင်းပြည်တစ်ပြည်တည်း အထီးတည်းနေနိုင်တဲ့အခြေမျိုး မရနိုင်ဘူး။ တစ်ပြည်နဲ့တစ်ပြည် ပေါင်းစပ်အမှီသဟဲရှိမှ နေနိုင်ကြမယ်"

"လူမျိုးရေးဆိုတာမှာလည်း ရှေးခေတ်က ဟစ်အော်လာကြတဲ့ အမျိုး၊ ဘာသာ၊ သာသနာ၊ ပညာဆိုတဲ့ စကားမျိုးကို လက်သုံးပြုလို့ မလုံလောက်တော့ဘူး။ အမျိုးဆိုရာမှာ ဘယ်လိုအမျိုးကို တည်ရမလဲ။ ဗမာ၊ ကရင်၊ ကချင်၊ ချင်းနဲ့ အခြားအမျိုးများလည်း ရှိသေးတယ်။ တခြားနိုင်ငံများကို ကြည့်လိုက်ရင် ဗမာပြည်မှာလို တိုင်းရင်းသားလူမျိုး အများရှိတာကို တွေ့နိုင်ပါတယ်။ တရုတ်ပြည်၊ ဂျပန်ပြည်နဲ့ ရုရှားပြည်တို့မှာလည်း သည်အတိုင်းပဲ၊ အမေရိကန်ပြည်မှာလည်း၊ အင်္ဂလိပ်စကားကို ပြောကြသော်လည်း အင်္ဂလိပ်၊ အီတလီ စတဲ့ လူအမျိုးမျိုးတို့ စုပေါင်းပြီး လူမျိုးတစ်မျိုးဖြစ်အောင် ထူထောင်ပြီး သူတို့ကိုယ်ကို အမေရိကန်လို့ ဆိုကြတာပဲ" ဆိုသည့်အချက်များကို ထည့်သွင်းပြောကြားခဲ့ရာ တိုင်းရင်းသားများ စုပေါင်းအားဖြင့် နိုင်ငံတည်ထောင်ရန် ရည်မှန်းခဲ့ခြင်းဖြစ်သည်ကို အထင်အရှား တွေ့နိုင်သည်။

လွတ်လပ်ရေးအကြိုကာလ ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်ခဲ့သည့် အစိုးရအဖွဲ့တွင် တိုင်းရင်းသားလူမျိုးဝန်ကြီးများ ပါဝင်ခဲ့သလို မန်းဘခိုင်နှင့် မိုင်းပွန်စော်ဘွားကြီးစဝ်စံထွန်းတို့မှာ ဗိုလ်ချုပ်နှင့်အတူ ကျဆုံးခဲ့ကြရသည့် တိုင်းရင်းသားခေါင်းဆောင်အာဇာနည်ကြီးများ ဖြစ်ကြသည်။ ပစ္စုပ္ပန်ကာလ မိမိတို့ လျှောက်လှမ်းနေကြသည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်ရေးခရီးတွင် ခေါင်းဆောင်ကြီးများ မျှော်မှန်းခဲ့သည့်အတိုင်း သံသယကင်းစွာ စည်းလုံးညီညွတ်စွာဖြင့် ပန်းတိုင်အရောက် လျှောက်လှမ်းနိုင်ကြပါစေကြောင်း။ ။

## (၇၃)နှစ်မြောက် အာဇာနည်နေ့လွမ်းသူ့ပန်းခွေချခြင်းနှင့် အလေးပြုခြင်းကို တောင်ကြီးမြို့၌ကျင်းပ

**တောင်ကြီး ဇူလိုင် ၁၉**

(၇၃)နှစ်မြောက် အာဇာနည်နေ့ လွမ်းသူ့ပန်းခွေချခြင်းနှင့် အလေးပြုခြင်းကို ဇူလိုင် ၁၉ ရက် နံနက် ၈ နာရီက တောင်ကြီးမြို့ ဗိုလ်ချုပ်ပန်းခြံ၌ ကျင်းပရာ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ အစိုးရအဖွဲ့ အတွင်းရေးမှူး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ တက်ရောက်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာန ချုပ် တိုင်းမှူးတို့က ဗိုလ်ချုပ်အောင်ဆန်း ကြေးရုပ်တွင် လွမ်းသူ့ပန်းခွေချခြင်းနှင့် ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများအား အလေးပြုခြင်း၊ ဝမ်းနည်းခြင်း အထိမ်းအမှတ် တစ်မိနစ် ငြိမ်သက်၍ ဆုတောင်းပေးကြသည်။




တောင်ကြီးမြို့ မြို့လယ်ဓမ္မာရုံ၌ (၇၃)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ် ကျဆုံးလေပြီးသော ဗိုလ်ချုပ် အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူး၍ ဆရာတော်ကြီး ၁၁ ပါးတို့အား ဆွမ်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ နိုင်ငံတော်ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယတောင်ကြီးမြို့ စွန်းလွန်းကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တ အဂ္ဂဓမ္မာဘိဝံသ အရှင်သူမြတ်ထံမှ ငါးပါးသီလ ခံယူ ဆောက်တည်ကြပြီး ဆရာတော် သံဃာတော် အရှင်သူမြတ်များက မေတ္တာသုတ် ပရိတ်တရားတော် ရွတ်ဖတ်သရဇ္ဈာယ်ပေးကာ ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းတို့ကို ဆက်ကပ်လှူဒါန်းပေးကြသည်။

**ခရိုင်(ပြန်/ဆက်)**

## (၇၃)နှစ်မြောက် အာဇာနည်နေ့တွင် ကန်တော်ကြီး ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်တုပန်းခြံသို့ ပြည်သူများ လာရောက်ဂါရဝအလေးပြု

**ရန်ကုန် ဇူလိုင် ၁၉**

၂၀၂၀ ပြည့်နှစ် ဇူလိုင် ၁၉ ရက်တွင် ကျရောက်သော (၇၃)နှစ်မြောက် အာဇာနည်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများအား ဝမ်းနည်းအောက်မေ့ခြင်း အထိမ်းအမှတ်အဖြစ် ယနေ့နံနက်ပိုင်းမှ စတင်ကာ ပြည်သူများက ရန်ကုန်မြို့ နတ်မောက်လမ်း ကန်တော်ကြီးသဘာဝဥယျာဉ်ရှိ ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်တုပန်းခြံသို့ လာရောက်ဂါရဝ အလေးပြုကြသည်။

အလေးပြုခြင်းအခမ်းအနားတွင် လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဗိုလ်ချုပ်အောင်ဆန်းကို ချစ်မြတ်နိုးကြသောပြည်သူများ၊ တစ်ကိုယ်တော် စက်ဘီးစီးသူများနှင့် အုပ်စုလိုက် စက်ဘီးစီးသူများ ဂုဏ်ပြုတက်ရောက်ကြသည်။ ကန်တော်ကြီး ကန်ပတ်လမ်းရှိ ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးချိန်ဖြစ်သည့် နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် ဥသြဆွဲသံများနှင့်အတူ ဗိုလ်ချုပ်အောင်ဆန်း ရုပ်တုသို့ တက်ရောက်လာသူအားလုံးက တညီတညွတ်တည်း ငြိမ်သက်စွာ ဦးညွှတ်ဂါရဝပြုကြသည်။

ထို့နောက် ဗိုလ်ချုပ်ပန်းခြံအတွင်း သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးရုံး၏ အစီအမံဖြင့် ရောက်ရှိနေသော မော်တော်ယာဉ်များပေါ်မှ အဆိုတော်ကြီး မေလှမြိုင်၏ အာဇာနည်နေ့ ဂုဏ်ပြုသီချင်းကို ဖွင့်လှစ်လိုက်ရာ တက်ရောက်လာသူအပေါင်းက ကြေကွဲဝမ်းနည်းစွာ ဂုဏ်ပြုအလေးပြုကြသည်။ ဂုဏ်ပြုအလေးပြုကြသူများတွင် စက်ဘီးဖြင့် ချီတက်အလေးပြုကြသော ဗဟန်းမြို့နယ် ပုလဲကွန်ဒိုမှ ဦးဝင်းအောင်၊ တာမွေမြို့နယ်ကျောက်မြောင်းမှ ကိုမောင်ရင်အေးတို့ကိုလည်း တွေ့ရသည်။ သူတို့၏ စက်ဘီးများတွင် အနီရောင်အလံငယ်လေးများ၊ ဗိုလ်ချုပ်အောင်ဆန်းနှင့် မိသားစုရုပ်ပုံများ၊ အာဇာနည်ခေါင်းဆောင်များ၏ ဓာတ်ပုံများ၊ ရင်ထိုးတံဆိပ်များ ချိတ်ဆွဲထားသည်။

ယခုနှစ် အာဇာနည်နေ့သည် ယခင်နှစ် အာဇာနည်နေ့များနှင့်မတူဘဲ ကိုဗစ်-၁၉ ကပ်ရောဂါထိန်းချုပ်ကာလဖြစ်သည့်အတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန လမ်းညွှန်ချက်နှင့်အညီ တက်ရောက်လာသူများအားလုံးက နှာခေါင်းစည်းများ တပ်ဆင်၍ ချီတက်အလေးပြုကြခြင်းဖြစ်သည်။

**တင်စိုး(မြန်မာ့အလင်း)**

## ဥက္ကံ-သိကြားစက်(တဘူးလှဆည်လမ်း) ကျေးလက်လမ်းဦးစီးဌာနက အဆင့်မြှင့်တင်

**ရန်ကုန် ဇူလိုင် ၁၉**

ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနသည် ဥက္ကံ-သိကြားစက် (တဘူးလှဆည်လမ်း) ၁၆ မိုင်အား ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေများဖြင့် ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်လျက်ရှိသည်။

အဆိုပါလမ်းမှာ ၁၉၈၈-၁၉၈၉ တပ်မတော်မှ ဦးဆောင်၍ ရန်ကုန်ပြည်လမ်းမှ တဘူးလှဆည်အထိ ၁၆ မိုင်အား လူထုလုပ်အားဖြင့် မြေသားလမ်းအဖြစ် စတင်ဆောင်ရွက်ခဲ့ပြီး ၁၉၉၇-၁၉၉၈ ခုနှစ်၌ မြန်မာ့ကြံလုပ်ငန်းမှ ၅ မိုင် ၂ ဖာလုံအထိကို ၁၆ ပေအကျယ် ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ပေးခဲ့သည်။

ယင်းနောက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၌ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူ၍ ကျောက်ဖြည့်ခင်းခြင်း၊ ကတ္တရာထပ်ပိုးလွှာခင်းခြင်း၊ ဂဝံလမ်းအဖြစ် ဆောင်ရွက်ခြင်း၊ ကျောက်လမ်း ခြောက်လက်မထုခင်းခြင်းတို့ကို ဆောင်ရွက်ပေးခဲ့သည်။



ယခု ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၌ ကျေးလက်လမ်းဦးစီးဌာနနှင့် တင်ဒါအောင်ကုမ္ပဏီများက ကွန်ကရစ်ခင်းခြင်း၊ မြေကာနံရံများ တည်ဆောက်ခြင်း၊ ရေပေါက်တံတားများ တည်ဆောက်ခြင်း၊ ကတ္တရာခင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

လက်ရှိ လမ်းအခြေအနေမှာ ကတ္တရာလမ်း ၅ မိုင် ၄ ဖာလုံ၊ ကွန်ကရစ်လမ်း ၇ မိုင်နှင့် ကျောက်လမ်း ၂ ဖာလုံ၊ (D.B.S.T ကတ္တရာလမ်း) ၃ ဖာလုံ၊ ဆေးရည်လမ်း ၃ မိုင် ၁ ဖာလုံ ရှိပြီး မြို့ပေါ်ရပ်ကွက်နှစ်ခု၊ ကျေးရွာအုပ်စု ၁၀ အုပ်စု၊ ကျေးရွာ ၉၇ ရွာ၊ အိမ်ခြေပေါင်း ၄၇၁၅ ရွာနှင့် ကျေးရွာလူထုဦးရေ ၁၉၇၁၀ တို့အား အကျိုးပြုနေသော ကျေးလက်လမ်း တစ်လမ်းဖြစ်ကြောင်း သိရသည်။

**ခရမ်းစိုးမြင့်**

# အာဇာနည်စိတ်မျိုး မွေးမြူအပ်

**မိမိတို့ယုံကြည်သော ဝါဒအတွက် အသက်ကိုပင် စွန့်သွားကြသော အာဇာနည်များအား မိမိသည် ချီးကျူးကြောင်း၊ ထိုစိတ်မျိုးကို ကျန်ခဲ့သူများက ထပ်တလဲလဲမွေးမြူအပ်ကြောင်း၊ အမျိုးဘာသာနှင့် နိုင်ငံအတွက် အသက်စွန့်ရန် ကြောက်နေသော နိုင်ငံတိုင်းမှာ မကြီးပွားနိုင်ကြောင်း။**

(ဗိုလ်ချုပ်အောင်ဆန်း၏ ၈-၁၂-၁၉၄၃ ရက်နေ့ အရှေ့အာရှတိုက်စစ်၊ တစ်နှစ်ပြည့်မြောက် နှစ်ပတ်လည်အထိမ်းအမှတ်တွင် ပြောကြားခဲ့သည့် မိန့်ခွန်းမှကောက်နုတ်ချက်)



❒ *ရှေ့ဖုံးမှ*

တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန်၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ အာဇာနည်နေ့ အခမ်းအနားကျင်းပရေးဗဟိုကော်မတီ ဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် ပြည်ထောင်စုဝန်ကြီးများ၊ အခမ်းအနားကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ လွှတ်တော် ကိုယ်စားလှယ်များ၊ အာဇာနည်နေ့ ကျင်းပရေး ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ ဗဟိုကော်မတီနာယက ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင် (ခ)ဦးထွန်းထွန်းဟိန်၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် ပြည်ထောင်စုဝန်ကြီးများသည် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွမ်းသူ့ပန်းခွေကို ချ၍ အလေးပြုကြပြီး ၂ မိနစ်ငြိမ်သက်စွာဖြင့် မေတ္တာပို့သ အမျှပေးဝေကြသည်။

ယင်းအချိန်တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံကို ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် တိုင်ဝက်သို့ လျှော့ချလွှင့်ထူပြီး ဂုဏ်ပြုတပ်ဖွဲ့ဝင်များက သေနတ်မြှောက်၍လည်းကောင်း၊ စစ်ခရာအဖွဲ့က ကျဆုံးရဲဘော် အလေးပြုခရာမှုတ်၍လည်းကောင်း အလေးပြုကြသည်။

ထို့နောက် ဗိုလ်ချုပ်အောင်ဆန်း၏ သားဖြစ်သူ ဦးအောင်ဆန်းဦး ကိုယ်စား တူတော်စပ်သူဦးရဲအောင်သန်း၊ သမီးဖြစ်သူ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အပါအဝင် အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များက အထိမ်းအမှတ်ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေနှင့် ပန်းခြင်းများချကာ အလေးပြုကြပြီး ဂါရဝပြုမေတ္တာပို့သ အမျှပေးဝေကြသည်။

ယင်းနောက် အခမ်းအနားကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော် ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များက ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ အထိမ်းအမှတ်ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချ အလေးပြုကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၊ မြန်မာနိုင်ငံ

*စာမျက်နှာ ၄ သို့*



မန်းဘခိုင် ဂူဗိမာန်၌ မန်းဘခိုင်၏ မိသားစုများ လွမ်းသူ့ပန်းခွေချပြီး ဂါရဝပြုစဉ်။

သတင်းစဉ်



မန်းဘခိုင် ဂူဗိမာန်၌ မန်းဘခိုင်၏ မိသားစုများ လွမ်းသူ့ပန်းခွေချပြီး ကန်တော့စဉ်။

သတင်းစဉ်



မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်း ဂူဗိမာန်၌ မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်း၏ မိသားစုများ လွမ်းသူ့ပန်းခွေချပြီး ကန်တော့စဉ်။

သတင်းစဉ်



ဦးရာဇတ် ဂူဗိမာန်၌ ဦးရာဇတ်၏ မိသားစုများ လွမ်းသူ့ပန်းခွေချပြီး အလေးပြုစဉ်။

သတင်းစဉ်



ဦးအုန်းမောင် ဂူဗိမာန်၌ ဦးအုန်းမောင်၏ မိသားစုများ လွမ်းသူ့ပန်းခွေချ ကန်တော့စဉ်။ သတင်းစဉ်



ရဲဘော်ကိုထွေး ဂူဗိမာန်၌ ရဲဘော်ကိုထွေး၏ မိသားစုများ လွမ်းသူ့ပန်းခွေချ အလေးပြုစဉ်။ သတင်းစဉ်

*စာမျက်နှာ ၃ မှ*

မီးသတ်တပ်ဖွဲ့၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး၊ မြန်မာနိုင်ငံ သဘင်ပညာရှင်များ အစည်းအရုံး၊ မြန်မာနိုင်ငံ ပန်းချီ၊ ပန်းပု အစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်း၊ မြန်မာနိုင်ငံ စာရေးဆရာအသင်း၊ မြန်မာနိုင်ငံ သတင်းစာဆရာအသင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်နှင့် မြန်မာနိုင်ငံ ဆရာဝန်အသင်းတို့ အပါအဝင် လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များက ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ အထိမ်းအမှတ် ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချ အလေးပြုကြသည်။

**လွမ်းသူ့ပန်းခွေချ**

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများ၊ ဥရောပသမဂ္ဂနှင့် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ သံအမတ်ကြီးများ၊ သံရုံးအကြီးအကဲများနှင့် သံရုံးယာယီတာဝန်ခံများက ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ အထိမ်းအမှတ် ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချ အလေးပြုကြသည်။

**ဂါရဝပြု**

ယင်းနောက် (၇၃) နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားသို့ တက်ရောက်ဂါရဝပြုကြသည့် ပြည်သူများက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ သတ်မှတ်ထားသော Social Distancing နှင့်အညီ တစ်ဦးချင်း ခြောက်ပေအကွာ စနစ်တကျတန်းစီပြီး အာဇာနည်ခေါင်းဆောင်ကြီးများ၏ ကျေးဇူးတရားကို အောက်မေ့သတိရစွာဖြင့် ဂါရဝပြုကြသည်။

၂၀၂၀ ပြည့်နှစ် (၇၃) နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကို ယခင်နှစ်များက ဆောင်ရွက်ခဲ့သည့် လုပ်ငန်းတာဝန်များတွင် Corona-virus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ပြည်သူသို့ ပန်ကြားချက်များ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ကြခြင်း ဖြစ်သည်။

**အသိပေးကြေညာပေး**

အာဇာနည်ဗိမာန်သို့ လာရောက်ဂါရဝပြုကြသူများကို ကျန်းမာရေးနှင့်ပတ်သက်၍ လိုက်နာရမည့်အချက်များအား ပိုစတာများ၊ လက်ကမ်းစာစောင်များ၊ Hand Speaker များနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက အသိပေးကြေညာပေးလျက်ရှိသည်။

**သတင်းစဉ်**



(၇၃) နှစ်မြောက် အာဇာနည်နေ့အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချ အလေးပြုစဉ်။ သတင်းစဉ်



(၇၃) နှစ်မြောက် အာဇာနည်နေ့အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချ အလေးပြုစဉ်။ သတင်းစဉ်



(၇၃) နှစ်မြောက် အာဇာနည်နေ့အခမ်းအနားတွင် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချ အလေးပြုစဉ်။ သတင်းစဉ်



(၇၃) နှစ်မြောက် အာဇာနည်နေ့အခမ်းအနားတွင် လူမှုရေးအသင်းအဖွဲ့များ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချ အလေးပြုစဉ်။ သတင်းစဉ်

# ပြည်သူသာလျှင် အဓိက



(၇၃) နှစ်မြောက် အာဇာနည်နေ့အခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများ၊ ဥရောပသမဂ္ဂနှင့် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများနှင့် ကိုယ်စားလှယ်များက အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချ အလေးပြုစဉ်။ (သတင်း - ရှေ့ဖုံး) သတင်းစဉ်



(၇၃) နှစ်မြောက် အာဇာနည်နေ့အခမ်းအနားတွင် ပြည်သူများ ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချ အလေးပြုစဉ်။

(သတင်း - ရှေ့ဖုံး) သတင်းစဉ်

## ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူး၍ (၇၃)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပ

**စစ်တွေ ဇူလိုင် ၁၉**

ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူး၍ (၇၃) နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းခြင်း၊ အာဇာနည်နေ့အခမ်းအနားနှင့် အာဇာနည်နေ့အထိမ်းအမှတ် စာစီစာကုံး၊ ပန်းချီ၊ ကဗျာရွတ်ဆိုပြိုင်ပွဲများတွင် ဆုရရှိသူများအား ဆုချီးမြှင့်ခြင်း အခမ်းအနားများကို ယနေ့နံနက်ပိုင်းတွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံးနှင့် ဦးဥတ္တမခန်းမတို့၌ ကျင်းပသည်။

ရှေးဦးစွာ နံနက် ၅ နာရီခွဲတွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ အာဇာနည် ခေါင်းဆောင်ကြီးများအား ရည်စူးလျက် စစ်တွေမြို့ပေါ်မှ သံဃာတော်အရှင်သူမြတ် ကိုးပါးတို့အား ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် ဇနီး၊ ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ဌာနဆိုင်ရာများက အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းခြင်း၊ မေတ္တာသုတ်ပရိတ်တရားတော်များ နာယူခြင်း၊ လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းခြင်းနှင့် မေတ္တာပို့အမျှဝေခြင်းတို့ ပြုလုပ်ကြသည်။

ထို့နောက် နံနက် ၁၀ နာရီတွင် အာဇာနည်နေ့အခမ်းအနားနှင့် အာဇာနည်နေ့အထိမ်းအမှတ် စာစီစာကုံး၊ ပန်းချီ၊ ကဗျာရွတ်ဆိုပြိုင်ပွဲများတွင် ဆုရရှိသူများအား ဆုချီးမြှင့်ခြင်းအခမ်းအနားကို စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်





ဦးညီပုက အမှာစကားပြောကြားပြီး စစ်တွေ တက္ကသိုလ် မြန်မာစာဌာနမှ ပါမောက္ခဌာနမှူး ဒေါက်တာမင်းမော်သန်းက အာဇာနည်နေ့ ဖြစ်ပေါ်လာပုံနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ၏ ကိုယ်ရေးအတ္ထုပ္ပတ္တိအား ဂုဏ်ပြုဟောပြောသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့် စာရင်းစစ်ချုပ်တို့က လွမ်းသူ့ပန်းခွေချ အလေးပြုကြပြီး တက်ရောက်လာကြသူများက ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများအား အလေးပြုကာ ဝမ်းနည်းခြင်းအထိမ်းအမှတ် ၂ မိနစ်ငြိမ်သက်ကြသည်။

ဆက်လက်၍ အာဇာနည်ခေါင်းဆောင်ကြီးများအား ဂုဏ်ပြုသောအားဖြင့် "အလေးပြုပါသည်" သီချင်းနှင့် ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ခွန်း ဗီဒီယိုမှတ်တမ်းအားပြသပြီး အာဇာနည်နေ့အထိမ်းအမှတ် ပြိုင်ပွဲများတွင် ဆုရရှိကြသော ကျောင်းသား ကျောင်းသူများကို ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြသည်။ (ဝဲပုံ)

အလားတူ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စစ်တွေခရိုင်ရုံးမှ ဝန်ထမ်းများက ပြန်ကြားရေးဝန်ကြီးဌာနမှ ထုတ်ဝေသော အာဇာနည်နေ့အထိမ်းအမှတ် အမှတ်တရ စာအုပ်များကို အခမ်းအနားသို့တက်ရောက်လာကြသူများအား ဖြန့်ဝေပေးခဲ့ကြသည်။

အဆိုပါအခမ်းအနားသို့ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ပြည်နယ်ဝန်ကြီးများနှင့် ဇနီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ မြို့မိမြို့ဖများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**



(၇၃) နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ်အဖြစ် ပန်းချီဆရာတစ်ဦး ရေးဆွဲထားသည့် ဗိုလ်ချုပ်အောင်ဆန်းပုံဖြင့် ထုတ်ဝေခဲ့သော ၃၅ ကျပ်တန်၊ ၂၅ ကျပ်တန်၊ ၁၅ ကျပ်တန်၊ ၁၀ ကျပ်တန်၊ ၅ ကျပ်တန်၊ ၁ ကျပ်တန်နှင့် ငွေအကြွေစေ့ဖြစ်သည့် ပြား ၅၀၊ ၂၅ ပြား၊ ၁၀ ပြား၊ ၅ ပြားစေ့ စသည့် ပန်းချီကားများ အပြင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ပုံကို ငွေစက္ကူများ နောက်ခံထား၍ ပန်းချီကားများကို ဇူလိုင် ၁၉ ရက်က ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံ၌ ပြသထားရာ လာရောက်ကြည့်ရှုသူများကို တွေ့ရစဉ်။

အာကာစိုး

## နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇူလိုင် ၁၉**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့်အနီး တစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားနည်းနေသည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မြစ်ဝကျွန်းပေါ်ဒေသများတွင် မိုးလျော့နည်းနိုင်သည်။ **မိုး/ဇလ**

# နမောဗုဒ္ဓသသ
# အောင်မြင်တဲ့အပြောင်းအလဲနဲ့ ချီးမြှောက်ခြင်းမင်္ဂလာ

ဓမ္မဘေရီအရှင်ဝီရိယ(တောင်စွန်း)

**၂၀၂၀ ပြည့်နှစ်၊ ဇူလိုင် (၁၉) ရက်၊ ရန်ကုန်မြို့၊ တက္ကသိုလ်ရိပ်သာလမ်း၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နေအိမ်မှာ ပြုလုပ်တဲ့ (၇၃)ကြိမ်မြောက် အာဇာနည်နေ့ အာဇာနည်ပုဂ္ဂိုလ်များကို ရည်စူးတဲ့ကုသိုလ်ပွဲမှာ ဟောကြားတော်မူသည့် တရားတော် –**

အာဇာနည်ဆိုတာ လောကအတွက် အထူးသိတတ်ပြီး လောကကြီးကို မှောင်ရာက လင်း၊ ယိုင်ရာက မတ်၊ ငုပ်ရာက ပေါ်၊ ဆူပူရာက ငြိမ်းချမ်း၊ ဆင်းရဲရာက ချမ်းသာလာအောင် သက်စွန့်ကြိုးပမ်းဆောင်ရွက်တတ်ကြတဲ့ ပုဂ္ဂိုလ်များပါပဲ။ မုချကတော့ သဗ္ဗညုအလောင်းတော်များနဲ့ သဗ္ဗညု ဘုရားရှင်တို့ကို ခေါ်တာပါ။

အဲဒီထုံးကို နှလုံးမူပြီးတော့ လူ့လောကမှာလည်း မိမိနဲ့ဆက်စပ်နေထိုင်ရာ လောကအပေါ် အထူးသိတတ်ပြီး မကျေနပ်စရာ အကြောက်ဘေးတွေ ကင်းဝေးလွတ်မြောက်စေဖို့၊ ကျေနပ်စရာတွေ အမျှော်လွတ် ပြည့်စုံပြီး ငြိမ်းချမ်းသာယာဝပြောစေဖို့ ရည်မှန်းချက်ထားပြီး သက်စွန့်ကြိုးပမ်း ဆောင်ရွက်နေကြသူတွေကို အာဇာနည်ပုဂ္ဂိုလ်တွေလို့ ခေါ်ကြပါတယ်။

ဒီလို တစ်လောကလုံးအတွက်ဖြစ်စေ၊ ဆက်စပ်ရာ နိုင်ငံနယ်ပယ်တစ်ခု အတွက်ဖြစ်စေ၊ တိုးတက်ပြောင်းလဲရေးကို ဦးတည်လုပ်ဆောင်ရာမှာ တစ်ဦးကောင်း တစ်ယောက်ကောင်းနဲ့ မရနိုင်ပါဘူး။ သဗ္ဗညုဘုရားရှင်များလည်း နောက်လိုက်နောက်ပါ အခြံအရံအများကြီး စည်းရုံးစုဆောင်းပြီး ဝိုင်းဝန်းလုပ်ကိုင်ဆောင်ရွက်ရတာပါ။

အများနဲ့ စုပေါင်းလုပ်ဆောင်ရတဲ့ အပြောင်းအလဲ စီမံကိန်းကြီးတစ်ခု အောင်မြင်ဖို့နဲ့ အရှည်ခန့် တည်တံ့ဖို့အတွက် အရေးကြီးဆုံးကတော့ ချီးမြှောက် ထိုက်တဲ့ "စံ" လေးမျိုးနဲ့ ပြည့်စုံတဲ့ ဝန်းရံသူတွေရှိဖို့ လိုအပ်ပါတယ်။ ချီးမြှောက် ထိုက်တဲ့ "စံ" လေးမျိုးကို သင်္ဂဟတရား လေးပါးလို့ ခေါ်ပါတယ်။

(၁) ပေယျဝဇ္ဇ – ချစ်ဖွယ်စကားနဲ့ ပြောကြားချီးမြှောက်ခြင်း။

(၂) ဒါန – ပေးကမ်းချီးမြှောက်ခြင်း။

(၃) အတ္ထစရိယ – အကျိုးစီးပွားကို ဆောင်ပြီး ချီးမြှောက်ခြင်း။

(၄) သမာနတ္တတာ – ကိုယ်နဲ့ထပ်တူထား ချီးမြှောက်ခြင်းပါ။

**"ချစ်ဖွယ်စကား၊ ပေးကမ်းငြား၍၊ စီးပွားဆောင်လင့်၊ ကိုယ်တူကျင့်၊ လေးဆင့် သင်္ဂဟ"** လို့ အတိုကောက် မှတ်လို့ရပါတယ်။

(၁) **"ချစ်ဖွယ်စကား"**။ ဟုတ်ပါတယ်၊ ကိုယ်က "ချစ်ဖွယ်စကားနဲ့ ပြောကြားချီးမြှောက် အသိအမှတ်ပြုထိုက်တဲ့ ဝန်းရံသူတွေဟာ အပြောင်းအလဲ ကာလမှာ ဘယ်လောက်ထိ အရေးပါတယ်၊ ဒီလို ချီးမြှောက်ထိုက်သူတို့ အပေါ် တာဝန်ရှိသူများက "ချစ်ဖွယ်စကား"နဲ့ သိမှတ်လေးစား ချီးမြှောက်ပြောဆိုမှုဟာ ဘယ်လောက် ထိရောက်တယ်ဆိုတာ ကိုဗစ်(၁၉) ကာလမှာ သက်စွန့်ကြိုးပမ်းတာဝန်ထမ်းကြတဲ့ ဆေးဘက်ဆိုင်ရာဝန်ထမ်းများနဲ့ သူတို့အပေါ် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရဲ့ "ချစ်ဖွယ်စကားနဲ့ ပြောကြားချီးမြှောက်မှုများ"က အထင်ရှားဆုံး သာဓက ပါပဲ။

ဒီလိုကာလမျိုးမှာ ဒီလိုချီးမြှောက်ထိုက်တဲ့ ဝန်ထမ်းများသာမရှိခဲ့ရင် ..၊ ဒီလိုဝန်ထမ်းများရှိပါလျက် နိုင်ငံခေါင်းဆောင်တစ်ဦးက ဒီလိုချီးမြှောက်အားပေးမှုမျိုးသာ မလုပ်ခဲ့ရင် ..၊ ကိုဗစ် (၁၉)နဲ့ ပတ်သက်လို့ မြန်မာနိုင်ငံရဲ့ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများဟာ ခုလို ကမ္ဘာက လေးစားသိမှတ်လောက်အောင် အောင်မြင်မှာ မဟုတ်ပါဘူး။ ဒါ့ကြောင့် အပြောင်းအလဲ တစ်ခုရဲ့ အောင်မြင်ရေးမှာ "ချစ်ဖွယ်စကား""နဲ့ ချီးမြှောက်ထိုက်တဲ့ ဝန်းရံသူတွေနဲ့ ချီးမြှောက်မှုမျိုးကလည်း ရှိဖို့လိုပါတယ်။

(၂) **"ပေးကမ်းငြား၍"** ။ ဒါကတော့ ဝန်ထမ်းအားလုံးပါပဲ။ လစာရိက္ခာ ပေးကမ်းချီးမြှောက် ရတာချည်းပါပဲ။ ဒီလိုချီးမြှောက်လိုက်တဲ့ ဝန်ထမ်းကလည်း ပေးပျော်ယူပျော်ဆိုသလို အပြန်အလှန် ကျေနပ်ပျော်ရွှင်မှုဖြစ်အောင် ချီးမြှောက်ထိုက်တဲ့ ဝန်ထမ်းမျိုးတွေ ဖြစ်ဖို့လိုပါတယ်။

(၃) **"စီးပွားဆောင်လင့်"** ။ ဒါကတော့ မိတ်ဆွေသင်္ဂဟတို့နဲ့ ပိုပြီး ဆိုင်မယ်ထင်ပါတယ်။ သူ့ရဲ့ ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှနဲ့ ကိုယ့်အပေါ်အကျိုးဆောင်သူ၊ ကိုယ့်အပေါ် ဝန်းရံသူကိုကျတော့ သူ့ဘဝအတွက်လည်း ချို့တဲ့မှု မရှိအောင် အကျိုးစီးပွားကိုဆောင်ပြီး ချီးမြှောက်သင့်တယ်လို့ ပြောတာပါ။ နိုင်ငံတစ်နိုင်ငံ အနေနဲ့တော့ ပင်စင်လစာထောက်ပံ့တဲ့ သဘောမျိုးပါပဲ။ ဒါပေမယ့် အသက်ထက်ဆုံး စားဝတ်နေမှုပြည့်စုံအောင် ချီးမြှောက်နိုင်မှ ဒီသင်္ဂဟတရားနဲ့ ညီတယ်ဆိုရမှာပါ။

ဒီအထိ သင်္ဂဟသုံးမျိုးကတော့ အပြောင်းအလဲကြီးတစ်ခုအတွက် အခြံအရံဖြစ်တဲ့ ချီးမြှောက်မှုများလို့သာ ဆိုရမယ်ထင်ပါတယ်။ ဘာလို့လဲဆိုတော့ ဒီသုံးမျိုးနဲ့ ချီးမြှောက်ထိုက်သူများဟာ အခြံအရံဝန်းရံသူများသာ ဖြစ်လို့ပါပဲ။

(၄) အပြောင်းအလဲကြီး တစ်ခုလုံးအတွက် အရေးအပါဆုံး ဝန်းရံသူဆိုတာ နံပါတ်(၄)ဖြစ်တဲ့ **"သမာနတ္တတာ** – ကိုယ်နဲ့ ထပ်တူထားပြီး ချီးမြှောက်ထိုက်သူ"ပါ။ အပြောင်းအလဲကို ဦးဆောင်ကြိုးပမ်းနေသူ တစ်ဦးအတွက် မရှိမဖြစ်လိုအပ်သူများဖြစ်သလို ရည်မှန်းချက် ပြည့်စုံပြီးမြောက်ရေးနဲ့ အရှည်ခန့်တည်တံ့ရေးအတွက် မရှိမဖြစ်လိုအပ်တဲ့ ချီးမြှောက်ထိုက်သူနဲ့ ချီးမြှောက်မှုလည်း ဖြစ်ပါတယ်။

"သမာနတ္တတာသင်္ဂဟတရား"ဆိုတာ ခေါင်းဆောင်က ချီးမြှောက်ချင်တိုင်း ချီးမြှောက်လို့ရတဲ့ သင်္ဂဟတရား မဟုတ်ပါဘူး။ တကယ့်ကို ကိုယ်နဲ့ တန်းတူထား ချီးမြှောက်ထိုက်အောင် တာဝန်ယူထမ်းဆောင်နိုင်တဲ့ အရည်အချင်းနှင့် ပြည့်စုံသူ အခြံအရံကောင်းဖြစ်မှ ချီးမြှောက်ရတဲ့ သင်္ဂဟပါ။

အဖွဲ့အစည်းတစ်ခုရဲ့ ရည်မှန်းချက်များ အောင်မြင်မှုနဲ့ ရေရှည်တည်တံ့ခိုင်မြဲမှုဟာ ဦးဆောင်သူရဲ့ "သမာနတ္တတာ သင်္ဂဟတရား" မှန်ကန်မှုအပေါ်မှာ လုံးလုံးလျားလျား တည်နေပါတယ်။

ဒီချီးမြှောက်မှုနဲ့ပတ်သက်လို့ အထင်ရှားဆုံး နမူနာယူစရာကတော့ ကမ္ဘာ့သက်တမ်းအရှည်ဆုံးနဲ့ ဂုဏ်သိက္ခာအကြီးမားဆုံးဖြစ်တဲ့ သံဃာ့အဖွဲ့အစည်းကြီးကို ဦးဆောင်တော်မူခဲ့တဲ့ သဗ္ဗညုဘုရားရှင်ရဲ့ ပထမဝါကျွတ်အပြီး သာသနာပြုအမိန့်တော် ပြန်တမ်းကြီးကိုကြည့်ရင် တွေ့မြင်နိုင်ပါတယ်။

ဝါကျွတ်ပြီး ဒုတိယ ပဝါရဏာနေ့ဖြစ်တဲ့ တန်ဆောင်မုန်းလပြည့်နေ့မှာ ပထမဝါအတွင်းက သဘောတရားလက်တွေ့ပါ ဟောညွှန်သင်ကြား တတ်မြောက်ထားကြတဲ့ အရည်အချင်းပြည့် တပည့်ခြောက်ကျိပ်တို့ကို စုဝေးခေါ်ယူပြီး "ရဟန်းတို့ ... ငါဘုရားလဲ နတ်တို့ရဲ့ တဏှာကျော့ကွင်း၊ လူတို့ရဲ့ တဏှာကျော့ကွင်း နှစ်မျိုးလုံးက လွတ်ပြီ။ သင်ရဟန်းတို့လဲ ဒီကျော့ကွင်း နှစ်မျိုးလုံးက လွတ်ကြပါပြီ" ဆိုတဲ့ စကားနဲ့ သာသနာပြုအမိန့်တော်ပြန်တမ်းကို စတင်လိုက်ပါတယ်။

တကယ်တော့ ဘုရားရှင်နဲ့ တပည့်သာဝကတွေဆိုတာ ဘုန်းတော်၊ ကံတော်၊ ဉာဏ်တော်အရ မမှန်းဆနိုင်အောင် ကွာခြားလှပေမယ့် ကျော့ကွင်းနှစ်မျိုးလုံးက လွတ်ကြတာချင်းကတော့ တူပါတယ်။ ဒါကြောင့် ဘုရားရှင်က တူညီသမျှနဲ့ ထုတ်ဆောင်ပြီး ကိုယ်နဲ့ထပ်တူပြု ချီးမြှောက်လိုက်တာပါ။ သဗ္ဗညုဘုရားရှင်ကြီး ကိုယ်တိုင်က ကိုယ်နဲ့ထပ်တူထားပြီး ယုံစားချီးမြှောက်ခြင်းကို ခံရတဲ့ ရဟန်းတော်တို့ ရင်ထဲမှာ ဘယ်လောက်ထိ အားတက်ရွှင်လန်း ဖြစ်သွားမလဲ၊ ဘယ်လောက်ထိ ဂုဏ်ယူဝမ်းမြောက်ဖြစ်သွားမလဲဆိုတာ မှန်းဆပြီး သိနိုင်ပါတယ်။

ရဟန်းတွေ အားတက်ရွှင်လန်း ဖြစ်သွားပြီဆိုတော့မှ ဘုရားရှင်က –

"ရဟန်းတို့ ... လူအပေါင်းတို့ရဲ့ အကျိုးစီးပွားနဲ့ ချမ်းသာသုခကို ဆောင်ဖို့၊ လောကကို သနားစောင့်ရှောက် ချီးမြှောက်ဖို့၊ နတ်လူတို့ရဲ့ အကျိုးစီးပွားနဲ့ ချမ်းသာသုခအတွက် ခရီးလှည့်လည်ကြပါ။ ခရီးတစ်ကြောင်းကို နှစ်ပါးပေါင်း မသွားကြနဲ့၊ တစ်ပါးတစ်ကြောင်းစီ ထွက်ကြ"တဲ့။

ဒီစကားပိုဒ်မှာ သာသနာဝန်ထမ်း၊ သာသနာပြုပုဂ္ဂိုလ်တို့ရဲ့ ထားရမည့် စိတ်ဓာတ်နဲ့ ရည်မှန်းချက်ကို ဘုရားရှင်က တိတိကျကျ ပြဋ္ဌာန်းသတ်မှတ်ပေးထားပါတယ်၊ "လောကကို သနားစောင့်ရှောက် ချီးမြှောက်ဖို့၊ နတ်လူတို့ရဲ့ အကျိုးစီးပွားနဲ့ ချမ်းသာသုခကို ဆောင်ဖို့"တဲ့။

ဒီမှာတမ်းက "သာသနာကို လောကအကျိုး၊ နတ်လူတို့အကျိုးအတွက် အသုံးချကြ၊ လောကနဲ့ နတ်လူတို့ကို သာသနာအတွက် အသုံးချတာမျိုး မဖြစ်စေကြနဲ့"ဆိုတဲ့ သာသနာတော်ရဲ့ ရည်မှန်းချက်နဲ့ ရပ်တည်ချက်ကို ရှင်းရှင်းလင်းလင်းပြုပြီး အခိုင်အမာခံယူစေလိုက်တဲ့သဘောလည်း ဖြစ်ပါတယ်။ ဒါဟာ မဟာကရုဏာရှင်၊ မဟာပညာရှင် ဖြစ်တဲ့ ဘုရားရှင်ရဲ့ တပည့်သားသံဃာ အဖွဲ့အစည်းကြီးအပေါ် အများက လေးစားယုံကြည်အားကိုးမှုခံရခြင်းနဲ့ သံဃာ့အဖွဲ့အစည်းကြီး အရှည်ခန့် တည်တံ့ခြင်းရဲ့ အခြေခံအကြောင်းတရားလည်း ဖြစ်ပါတယ်။

ဆက်လက်ပြီးတော့မှ ဒေသစာရီလှည့်လည်ကြမည့် သာသနာပြုရဟန်းတို့ ထမ်းဆောင်ရမည့် တာဝန်နဲ့ ပတ်သက်လို့ "ရဟန်းတို့ .. ရောက်လေရာ အရပ်တိုင်းမှာ သီလ,သမာဓိ,ပညာဆိုတဲ့ အစအလယ်အဆုံး ကောင်းခြင်းသုံးဖြာနဲ့လဲ ပြည့်စုံ၊ အနက်အဓိပ္ပာယ်ပုဒ်ပါဠ်အက္ခရာ ဖြည့်စရာ ဖျက်စရာမလိုအောင် ထက်ဝန်းကျင် မှန်ကန်ပြည့်စုံတဲ့ တရားတော်ကို လာဘသက္ကာရ မငဲ့ဘဲ စင်ကြယ်တဲ့ မေတ္တာစိတ်သန့်သန့်နဲ့ ဟောကြ။ သိက္ခာသုံးရပ် အကျင့်မြတ်ဖြစ်တဲ့ သာသနာတော်ကို ထင်ရှားပြုကြ။ လောကမှာ တရားကို သိနိုင်လောက်အောင် ကိလေသာမြူ နည်းပါးကြသူတွေ အများကြီးရှိတယ်။ သူတို့အတွက် တရားသိခွင့် မဆုံးရှုံးပါစေနဲ့။ ငါဘုရားလဲ ခရီးတစ်ကြောင်း တာဝန်ယူပြီး သေနနိဂုံး ဥရုဝေလတောဆီ ကို တရားဟောသွားပါမယ်"ဆိုပြီး အမိန့်တော်ကို အဆုံးသတ်လိုက်ပါတယ်။

နောက်ဆုံးဖြစ်တဲ့ "ငါဘုရားလဲ ခရီးတစ်ကြောင်း တာဝန်ယူပြီး သေနနိဂုံး၊ ဥရုဝေလတောဆီ တရားဟောဖို့ သွားပါမယ်" ဆိုတဲ့ နိဂုံးချုပ်စကားကတော့ ဒီအမိန့်တော်ပြန်တမ်းရဲ့ အထွတ်အထိပ်အကျဆုံး အသက်သွေးကြောကြီးလို့ ဆိုရပါလိမ့်မယ်။ ဘုရားရှင်သာသနာတော်မှာ ခုလို ကိုယ်နဲ့ထပ်တူပြု ချီးမြှောက်ထိုက်တဲ့ ဝန်းရံသူ သာဝကများ မရှိခဲ့ရင်၊ ရှိခဲ့ပေမယ့် ဘုရားရှင်က ခုလို ကိုယ်တူပြု ချီးမြှောက်တဲ့ "သမာနတ္တတာသင်္ဂဟ" ကို မပြုခဲ့ရင်၊ ကိုယ်တော်တိုင်လည်း ခုလိုတာဝန်ခွဲဝေယူမှု မရှိခဲ့ရင် ဘုရားရှင်သာသနာတော်ဟာ ခုလောက် အလျင်အမြန်အောင်မြင်တိုးတက်လာမှာ မဟုတ်ပါဘူး။

- **ဘုရားရှင်ရဲ့ ပထမဆုံးသာသနာပြုအစီအစဉ်မှာ အထူးသတိပြုသင့်တာကတော့ အောင်မြင်တဲ့အပြောင်းအလဲမှာ ထပ်တူပြုချီးမြှောက်ထိုက်အောင် အရည်အချင်းပြည့်ဝတဲ့ ဝန်းရံသူတွေရှိဖို့နဲ့ အရည်အချင်းပြည့် ဝန်းရံသူများကို မဖြစ်မနေ သိမှတ်ချီးမြှောက်ပေးဖို့ရယ်၊ ဩဇာတိက္ကမ ကြီးမားသက်ရောက်တဲ့အမိန့်ဆိုတာ နှုတ်နဲ့ချည်း ထုတ်ရမှာ မဟုတ်ဘဲ အလုပ်နဲ့ပါတွဲပြီး ထုတ်နိုင်ရမယ်**
- **တာဝန်ကျေတဲ့ အာဇာနည်ခေါင်းဆောင်ကြီးများက လွတ်လပ်ရေးကြီးကို သက်စွန့်ကြိုးပမ်း ရယူပေးခဲ့ကြပါပြီ။ မျိုးဆက်သစ်များက တရားမျှတ လွတ်လပ်ခြင်း၊ ခွင့်တူညီမျှ ဝါဒဖြူစင်ခြင်း၊ အေးချမ်းသာယာ ဝပြောခြင်းတို့နဲ့ ပြည့်စုံတဲ့ ပြည်ထောင်စုကြီးအဖြစ် အစွန့်ရှည်တည်တံ့အောင် သင်္ဂဟတရား လေးပါးနဲ့အညီ တာဝန်ကိုယ်စီ ကျေပွန်ကြပြီး တည်ဆောက်ထိန်းသိမ်း**

ဒီနိဂုံးစကားပိုဒ်က "ဩဇာတိက္ကမ ကြီးမားသက်ရောက်ပြီး ရေရှည်လမ်းပြဖြစ်နိုင်မည့် အမိန့်ဆိုတာ နှုတ်နဲ့ချည်းပေးရတာ မဟုတ်ဘဲ အလုပ်နဲ့ပါ တွဲပေးရတာမျိုး ဖြစ်တယ်"ဆိုတာကိုလည်း ဘုရားရှင်ကိုယ်တိုင် လက်တွေ့ပြသလိုက်တာ ဖြစ်ပါတယ်။ နောက်ဆက်ပြီးတော့လည်း တပည့်ရဟန်းတော်များကို ဘုရားရှင်နည်းတူ ရှင်ရဟန်းပြုပေးခွင့်အထိ ထပ်တူပြု ချီးမြှောက်ခဲ့တာကြောင့်လည်း သာသနာတော်ဟာ ခုချိန်ထိ အရှိန်အဟုန်မပျက် တိုးတက်ပြီး အစွန့်ရှည်နေနိုင်တာပါ။

လောကအပြောင်းအလဲတွေ အလျင်အမြန် အောင်မြင်ရေးနဲ့ အစွန့်ရှည်တည်တံ့ရေးမှာလည်း ဒီ "သမာနတ္တတာသင်္ဂဟ"တရားပြည့်စုံမှန်ကန်ရေးဟာ အဓိကအရေးကြီးဆုံးပဲ ဖြစ်ပါလိမ့်မယ်။

အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းလည်း ဘုန်းတော်ကြီးကျောင်းမှာ နေခဲ့ဖူးတော့ ဒီအကြောင်းတွေ သိပုံရပါတယ်။ သူ့ရဲ့ ဖက်ဆစ်တော်လှန်ရေး အမိန့်ပေးရာမှာလည်း ဒီနည်းအတိုင်းပဲ "ရဲဘော်တို့ အကျယ်ချဲ့ပြီး ရှည်ရှည်မပြောချင်ဘူး၊ အခု စစ်မြေပြင်ကို ထွက်ရမယ်၊ ရဲဘော်တို့ကို ကတိပေးထားတဲ့အတိုင်း ကျုပ်ကိုယ်တိုင် ရဲဘော်တို့နဲ့ အတူ ချီတက်မယ်"လို့ အမိန့်ပေးတာကို ဖတ်ရဖူးပါတယ်။

ဘုရားရှင်ရဲ့ ပထမဆုံး သာသနာပြု အစီအစဉ်မှာ အထူးသတိပြုသင့်တာကတော့ အောင်မြင်တဲ့ အပြောင်းအလဲမှာ ထပ်တူပြု ချီးမြှောက်ထိုက်အောင် အရည်အချင်းပြည့်ဝတဲ့ ဝန်းရံသူတွေ ရှိဖို့နဲ့ အရည်အချင်းပြည့် ဝန်းရံသူများကို မဖြစ်မနေ သိမှတ်ချီးမြှောက်ပေးဖို့ရယ်၊ ဩဇာတိက္ကမကြီးမား သက်ရောက်တဲ့ အမိန့်ဆိုတာ နှုတ်နဲ့ချည်း ထုတ်ရမှာ မဟုတ်ဘဲ အလုပ်နဲ့ပါတွဲပြီး ထုတ်နိုင်ရမယ် ဆိုတာရယ်ပါပဲ။

ဒီလို တာဝန်ကျေတဲ့ အာဇာနည်ခေါင်းဆောင်ကြီးများက လွတ်လပ်ရေးကြီးကို သက်စွန့်ကြိုးပမ်း ရယူပေးခဲ့ကြပါပြီ။ မျိုးဆက်သစ်များက တရားမျှတ လွတ်လပ်ခြင်း၊ ခွင့်တူညီမျှ ဝါဒဖြူစင်ခြင်း၊ အေးချမ်းသာယာ ဝပြောခြင်းတို့နဲ့ ပြည့်စုံတဲ့ ပြည်ထောင်စုကြီးအဖြစ် အစွန့်ရှည်တည်တံ့အောင် သင်္ဂဟတရား လေးပါးနဲ့အညီ တာဝန်ကိုယ်စီ ကျေပွန်ကြပြီး တည်ဆောက် ထိန်းသိမ်းနိုင်ကြပါစေလို့ ဆန္ဒပြုရင်း အာဇာနည်ခေါင်းဆောင်ကြီးများ နှစ်ဝနတ်များ ကြားသိဝမ်းမြောက်စေဖို့ ရေစက်သွန်းချ အမျှပေးဝေကြပါစို့ ..... ။

ဓမ္မဘေရီအရှင်ဝီရိယ(တောင်စွန်း) [၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၁၉ ရက်]

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူး၍ နေ့ဆွမ်းဆက်ကပ်လှူဒါန်း

**ရန်ကုန် ဇူလိုင် ၁၉**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်း အမှတ် (၅၄) နေအိမ်၌ ဖခင်ဖြစ်သူ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများကို ရည်စူး၍ ဆရာတော်သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။

အဆိုပါ ဆွမ်းဆက်ကပ်လှူဒါန်းပွဲတွင် တောင်စွန်းဆရာတော် အရှင်ဝီရိယ (ဓမ္မဘေရီ) ထံမှ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူး၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ရေစက်သွန်းချ အမျှပေးဝေကာ ဆရာတော်သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။

အလားတူ (၇၃) နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများကို အောက်မေ့သတိရခြင်း အထိမ်းအမှတ်အဖြစ် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံ သန္တန္တန ဓမ္မပါလက (ဟိန္ဒူ) အဖွဲ့ချုပ်၊ အစ္စလာမ်ဓမ္မဗိမာန်၊ Myanmar Jewish Community၊ နိုင်ငံလုံးဆိုင်ရာ ဘဟာအီသာသနာ အဖွဲ့ချုပ်၊ ရန်ကုန်ဂိုဏ်းချုပ် ကက်သလစ်သာသနာ၊ ယုဒသန် အသင်းတော်၊ မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော် (အင်္ဂလီကန်) နှင့် မြန်မာနိုင်ငံ ခရစ်ယာန် အသင်းတော်များ ကောင်စီတို့၏ ဘာသာပေါင်းစုံ ဆုတောင်းလွှာများကို ဘာသာပေါင်းစုံကိုယ်စား မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော်များကောင်စီ ဒုတိယဥက္ကဋ္ဌ သိက္ခာတော်ရဆရာ စောရွှေလင်းက ပေးအပ်သည်။

**သတင်းစဉ်**

# အာဇာနည်ခေါင်းဆောင်ကြီးများအားရည်စူး၍ ကုသိုလ်ပြုအမျှပေးဝေခြင်းအခမ်းအနား နေပြည်တော်၌ ကျင်းပ

နေပြည်တော် ဇူလိုင် ၁၉

**(၇၃) နှစ်မြောက် အာဇာနည်နေ့တွင် နိုင်ငံတော်အတွက် အသက်ပေးလှူသွားကြသည့် အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူး၍ ကုသိုလ်ပြုအမျှပေးဝေခြင်း အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက နေပြည်တော်ရှိ နေပြည်တော်ကောင်စီရုံး ဇမ္ဗူသီရိခန်းမ၌ ကျင်းပသည်။**



အခမ်းအနားသို့ လယ်ဝေးမြို့ ပေါက်မြိုင်ကျောင်းတိုက် ပဓာနနာယက ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရုဘဒ္ဒန္တဇနိန္ဒ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌ ဦးမျိုးညွန့်၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးလှသိန်း၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်ကာကွယ်ရေး ဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စု စာရင်းစစ်ချုပ်၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော် ကောင်စီဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် လယ်ဝေးမြို့ ပေါက်မြိုင်ကျောင်းတိုက် ပဓာနနာယက ဆရာတော်ထံမှ ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။ **(ယာပုံ)**

ယင်းနောက် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ် (ကြည်း)၊ ပြည်ထောင်စုဝန်ကြီးများနှင့် နေပြည်တော်ကောင်စီ ဥက္ကဋ္ဌတို့က ဆရာတော်၊ သံဃာတော်များထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ပျဉ်းမနားမြို့ ပါဠိတက္ကသိုလ်မင်္ဂလာ ဇေယျုံကျောင်းတိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိမလဗုဒ္ဓိထံမှ ဧည့်ပရိသတ်များက သံဝေဂ ကထာတရား နာယူကြပြီး အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူး၍ ရေစက် သွန်းလောင်းအမျှပေးဝေကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

**သတင်းစဉ်**

# အာဇာနည်ခေါင်းဆောင်ကြီးများအားရည်စူး၍ ရန်ကုန်မြို့တော်ခန်းမ၌ နေ့ဆွမ်းဆက်ကပ်လှူဒါန်း

ရန်ကုန် ဇူလိုင် ၁၉

**(၇၃) နှစ်မြောက် အာဇာနည်နေ့တွင် ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူး၍ နေ့ဆွမ်း ဆက်ကပ်လှူဒါန်း အမျှပေးဝေခြင်း အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီ မိနစ် ၄၀ က ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမပထမထပ်ရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။**



အခမ်းအနားသို့ (၇၃)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနား ကျင်းပရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး သူရဦးအောင်ကို၊ ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးသိန်းဆွေ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒေါက်တာ မြင့်ထွေး၊ အာဇာနည်နေ့ အခမ်းအနား ကျင်းပရေး ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်နှင့် ကော်မတီဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရေးဦးစွာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ ထံမှ ပရိသတ်တို့က ငါးပါးသီလ ခံယူဆောက်တည်ကြပြီး **(ဝဲပုံ)** ဆရာတော်၊ သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည့် မေတ္တသုတ် ပရိတ်တရားတော်များကို နာယူကြကာ ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင်မင်းကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တစန္ဒိမာ ဘိဝံသထံမှ အနုမောဒနာ တရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြကာ ဆရာတော် သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

**သတင်းစဉ်**

# (၇၃) နှစ်မြောက် အာဇာနည်နေ့အခမ်းအနား ဟားခါး၌ ကျင်းပ

**ဟားခါး ဇူလိုင် ၁၉**

(၇၃) နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို ယနေ့နံနက် ၈ နာရီက ချင်းပြည်နယ် ဟားခါးမြို့ မြို့တော်ခန်းမ၌ကျင်းပရာ အခမ်းအနားသို့ ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွှယ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွဲ့၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးဝင်းမြင့်ကျော်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြပြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများအား သတိရခြင်းအထိမ်းအမှတ် လွမ်းသူ့ပန်းခွေချ အလေးပြုကြသည်။

ထို့နောက် ချင်းပြည်နယ်အစိုးရအဖွဲ့ကကြီးမှူး၍ (၇၃) နှစ်မြောက် အာဇာနည်နေ့ဆုတောင်းပွဲကို နံနက် ၉ နာရီတွင် ဟားခါးမြို့ မြို့တော်ခန်းမ၌ ဆက်လက်ကျင်းပရာ သိက္ခာတော်ရဆရာ ဒေါက်တာစတီဗင်လျန်ဟုပ်လိန်းက ဝတ်ပြုဆုတောင်းခြင်းအဖွင့်ကျမ်းစာဖတ်ခြင်းပြုလုပ်၍ ပြည်နယ်ဝန်ကြီးချုပ်က နှုတ်ခွန်းဆက် အမှာစကားပြောကြားသည်။

ဆက်လက်၍ ဟားခါး ခရစ်ယာန်ဂိုဏ်းပေါင်းစုံအဖွဲ့ အတွင်းရေးမှူး ဟားခါးနှစ်ခြင်းအသင်းတော်မှ သင်းအုပ် သိက္ခာတော်ရဆရာ ဒေါက်တာစတီဗင်လျန်ဟုပ်လိန်းက အာဇာနည်ခေါင်းဆောင်ကြီးများနှင့် မိသားစုများအတွက် အထူးဆုတောင်းပေးခဲ့ကာ သိက္ခာတော်ရဆရာဗန်သီယမ်းနှင့်အတူ ကောင်းချီးမင်္ဂလာပေးခဲ့ကြပြီးနောက် ပြည်နယ်ဝန်ကြီးချုပ်က ဆရာတော်ကြီးများအား မေတ္တာလက်ဆောင်ပေးအပ်သည်။

အခမ်းအနားအပြီးတွင် ပြည်နယ်ဝန်ကြီးချုပ်၊ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့် ဧည့်သည်တော်များသည် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် အာဇာနည်ခေါင်းဆောင်ကြီးများ၏ အတ္ထုပ္ပတ္တိများ၊ ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့် မိန့်ခွန်းကောက်နုတ်ချက်များစသည့် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲကိုကြည့်ရှုအားပေးကြသည်။

ယင်းနောက် အာဇာနည်ခေါင်းဆောင်ကြီးများအားရည်စူး၍ ပရိတ်တရားတော်နာယူခြင်းနှင့် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်းကို နံနက် ၁၀ နာရီခွဲတွင် ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ပြုလုပ်ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# ၂၀၂၀ ပြည့်နှစ် (၇၃) နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် နေပြည်တော်ရှိ ဗိုလ်ချုပ်မြင်းစီးကြေးရုပ်၌ လွမ်းသူ့ပန်းခွေချ ဂါရဝပြု



အာဇာနည်နေ့တွင် နေပြည်တော်ရှိ ဗိုလ်ချုပ်မြင်းစီးကြေးရုပ်၌ လွမ်းသူ့ပန်းခွေချ ဂါရဝပြုကြစဉ်။

နေပြည်တော် ဇူလိုင် ၁၉

**၂၀၂၀ ပြည့်နှစ် (၇၃)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ်အခမ်းအနားများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး စည်းမျဉ်းစည်းကမ်း၊ သတ်မှတ်ချက်များနှင့်အညီ ကျင်းပလျက်ရှိရာ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် သပြေကုန်းရပ်ကွက် ပျဉ်းမနား - တောင်ညို လမ်းမကြီးပေါ်ရှိ ဗိုလ်ချုပ်မြင်းစီးကြေးရုပ် အဝိုင်း၌ ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများနှင့် ပြည်သူများလာရောက်၍ လွမ်းသူ့ပန်းခွေချ ဂါရဝပြုကြသည်။**

အဆိုပါအခမ်းအနားတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာ မျိုးအောင်နှင့် တာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ လူမှုရေး အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် ပြည်သူများက ယနေ့နံနက် ၈ နာရီမှ စတင်၍ အစုအဖွဲ့များအလိုက် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူး၍ လွမ်းသူ့ပန်းခွေချ အလေးပြုကြသည်။

အခမ်းအနား ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီဝင် ဦးမင်းသူက "ဒီနေ့ ကျရောက်တဲ့ (၇၃)နှစ်မြောက် အာဇာနည်နေ့မှာ ပထမဆုံးအကြိမ် နေပြည်တော်နယ်မြေကိုယ်စားပြုပြီး အာဇာနည်ခေါင်းဆောင်ကြီးတွေကို အလေးပြုတဲ့အစီအစဉ် ပြုလုပ်တာ ဖြစ်ပါတယ်။ အခုလို အလေးပြုတဲ့ အစီအစဉ်ကို ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေး စည်းမျဉ်း စည်းကမ်းတွေနဲ့အညီ ကျင်းပဆောင်ရွက်တာ ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့ ရည်ရွယ်ချက်က လက်ရှိလူငယ်တွေ၊ အနာဂတ်လူငယ်တွေ၊ ပြည်သူတွေအနေနဲ့ အမိမြန်မာပြည် လွတ်လပ်ရေးအတွက် ဆောင်ရွက်ခဲ့ကြတဲ့ အာဇာနည်တွေရဲ့ ကျေးဇူးတရားတွေနဲ့ စိတ်ဓာတ်စွမ်းအားတွေကို အောက်မေ့သတိရနေဖို့အတွက် အခုလို ဆောင် ရွက်တာဖြစ်ပါတယ်။

" မြို့နယ်အရပ်ရပ်မှာ သက်ဆိုင်ရာ အဖွဲ့တွေက ဗိုလ်ချုပ်ပန်းခြံ၊ ဗိုလ်ချုပ်ကြေးရုပ်တွေမှာ အခမ်းအနားတွေ လုပ်ကြတယ်။ ဗိုလ်ချုပ်အောင်ဆန်းနဲ့တကွ အာဇာနည်ခေါင်းဆောင်ကြီးများကို ရည်စူးပြီး ဆွမ်းဆက်ကပ်လှူဒါန်းမှုတွေ လုပ်တယ်။ အခုအခြေအနေအရ လူစုလူဝေးတွေနဲ့ ကျင်းပတဲ့ အခမ်းအနားမျိုးမဟုတ်ဘဲ ကိုဗစ်-၁၉ ရောဂါကြောင့် သတ်မှတ်ထားတဲ့ Social Distancing နဲ့ ဆောင်ရွက်နေတာ ဖြစ်ပါတယ်"ဟု ပြောသည်။

အာဇာနည်နေ့ အခမ်းအနားသို့ လာရောက်ဂါရဝပြုသည့် ဇေယျာသီရိမြို့နယ်မှ ဦးကျော်စွာဝင်းက "အာဇာနည်နေ့မှာ ကိုဗစ်-၁၉ ကြောင့် လာရောက်ဂါရဝပြုတဲ့သူတွေနည်းတာ တွေ့ရတယ်။ ဗိုလ်ချုပ်အောင်ဆန်းနဲ့ အာဇာနည်ခေါင်းဆောင်ကြီးတွေရဲ့ စိတ်ဓာတ်နဲ့ စွမ်းအားဟာ နောင်လာမယ့် မျိုးဆက်သစ်တွေအတွက် နမူနာပြယုဂ်တစ်ခု ဖြစ်တယ်။ ဗိုလ်ချုပ်လမ်းညွှန်မှာကြားတဲ့ လမ်းညွှန်ချက်တွေနဲ့အတူ တိုင်းပြည်တိုးတက်အောင် စိတ်ရင်းစေတနာနဲ့ ဆောင်ရွက်ပေးကြဖို့ တိုက်တွန်းလိုပါတယ်"ဟု ပြောသည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့် တကွ အာဇာနည် ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့သည့် နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင် ဦးမင်းသူ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ လူမှုရေး အသင်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် ပြည်သူများက ဗိုလ်ချုပ်မြင်းစီးကြေးရုပ်၌ အာဇာနည်ခေါင်းဆောင်ကြီးများအား အောက်မေ့သတိရခြင်းအားဖြင့် ဥသြဆွဲ၍ နှစ်မိနစ်ခန့် ငြိမ်သက် ဂါရဝပြုကြသည်။

**ဟိန်းမင်းစိုး၊ ဓာတ်ပုံ - ချက်ကြီး**

# ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့သည့် အတွင်းဝန်ရုံးတွင် (၇၃)နှစ်မြောက် အာဇာနည်နေ့ အလံတင် အခမ်းအနားကျင်းပ

**ရန်ကုန် ဇူလိုင် ၁၉**

ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့သည့် အတွင်းဝန်ရုံး (ယခင်ဝန်ကြီးများရုံး)တွင် (၇၃) နှစ်မြောက်အာဇာနည်နေ့ အထိမ်းအမှတ် အလံတင်အခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အလံတင်အခမ်းအနားသို့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးမောင်မောင်စိုးနှင့် ကော်မတီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဂုဏ်ပြုတပ်ဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် တကွ အာဇာနည်ခေါင်းဆောင်ကြီးများအား အလေးပြုခြင်း၊ အာဇာနည်ခေါင်းဆောင်များအား မေတ္တာပို့အမျှဝေရန် နှစ်မိနစ် ငြိမ်သက်ခြင်းတို့ကို ပြုလုပ်ခဲ့သည်။ **(ယာပုံ)**

ကိုဗစ်-၁၉ ရောဂါကြောင့် ယခုနှစ် အလံတင်အခမ်းအနားကို ကျင်းပရာတွင် လူဦးရေ ၆၇ ဦးဖြင့်သာ ကျင်းပခဲ့ပြီး ယခင်နှစ်များက ကျောင်းသားကျောင်းသူများနှင့် လူမှုအဖွဲ့အစည်းများအပါအဝင် လူဦးရေ ၇၈၀ တက်ရောက် အလေးပြုခဲ့ကြောင်း သိရသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးသန်းက "ဒီနေ့ (၇၃) နှစ်မြောက် အာဇာနည်နေ့အခမ်းအနားက ယခင်နှစ်စဉ်နှစ်တိုင်း ကျင်းပနေတဲ့ပုံစံနဲ့ မတူပါဘူး။ ကိုဗစ်-၁၉ ကာကွယ် ထိန်းချုပ်ရေးနဲ့ ပတ်သက်လို့ အမျိုးသားအဆင့်ဗဟိုကော်မတီ၊ နောက်ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ကညွှန်ကြားထားတဲ့ ညွှန်ကြားချက်တွေအတိုင်း လိုက်နာပြီးတော့ ကျင်းပရတဲ့ အခမ်းအနားဖြစ်ပါတယ်။ ညွှန်ကြားချက်များနဲ့အညီ ကျင်းပနိုင်ရေးအတွက် Social Distancing အရ ခြောက်ပေအကွာ နေရာယူပြီး ကျင်းပရတဲ့ အခမ်းအနားဖြစ်တာကြောင့် ၆၇ ဦးနဲ့ပဲ ကျင်းပတာပါ" ဟု ပြောသည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့သည့် အတွင်းဝန်ရုံး (ယခင်ဝန်ကြီးများရုံး) အတွင်းသို့ အများပြည်သူလာရောက်လေ့လာခွင့်ကို ယခင်နှစ်များက ဇူလိုင် ၁၉၊ ၂၀၊ ၂၁ ရက်နေ့များအထိ သုံးရက်တိုင် ဝင်ရောက်လေ့လာခွင့်ပြုခဲ့သော်လည်း ယခုနှစ်တွင် ကိုဗစ်-၁၉ ရောဂါကြောင့် ဝင်ရောက်လေ့လာခွင့်ပြုထားခြင်းမရှိကြောင်း သိရသည်။

(၇၃) နှစ်မြောက်အာဇာနည်နေ့ ဝမ်းနည်းခြင်းအထိမ်းအမှတ်အနေဖြင့် ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးသည့် နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် ရန်ကုန်မြို့အနှံ့ ဥသြဆွဲအချက်ပေးခြင်း၊ ဟွန်းတီးခြင်းများပြုလုပ်ကာ နှစ်မိနစ် ငြိမ်သက်ခဲ့ကြပြီး ရန်ကုန်မြို့တော်ခန်းမတွင် အာဇာနည်ခေါင်းဆောင်ကြီးများကို ရည်စူး၍ နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်းကို ပြုလုပ်ခဲ့ကြောင်း သိရသည်။



ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့သည့် အတွင်းဝန်ရုံးတွင် (၇၃)နှစ်မြောက် အာဇာနည်နေ့ အလံတင်အခမ်းအနား ကျင်းပစဉ်။

**ညွန့်ကိုကို၊ ဓာတ်ပုံ - ဖိုးထောင်**

# ၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စု၏အခွန်အကောက် ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

*ယမန်နေ့မှအဆက်*

၂၃။ (က) အောက်ဖော်ပြပါ အခွန်ထမ်းအမျိုးအစားများနှင့်ပတ်သက်၍ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ အရ သက်သာခွင့်များ မနုတ်ပယ်မီ စုစုပေါင်းအသားတင်အမြတ်ဝင်ငွေအပေါ် ၂၅ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန် စည်းကြပ်ရမည် -

(၁) မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရဖြစ်စေ၊ ၁၉၅၀ ပြည့်နှစ် အထူးကုမ္ပဏီအက်ဥပဒေအရဖြစ်စေ မြန်မာနိုင်ငံ၌ မှတ်ပုံတင်၍ ဖွဲ့စည်းတည်ထောင်ထားသည့် ကုမ္ပဏီ၊

(၂) ပြည်ပနေနိုင်ငံခြားသား၏လစာခါင်းစဉ်မှတစ်ပါး အခြားဝင်ငွေ၊

(၃) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ကထုတ်ပေးသည့် ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်သော လုပ်ငန်း၊

(၄) နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ။

(ခ) အခြေခံသမဝါယမအသင်းမှအပဖြစ်သော သမဝါယမအသင်းများ၏ အသားတင်အမြတ်ဝင်ငွေမှ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ အရ သက်သာခွင့်များနုတ်ပယ်ပြီး ကျန်ဝင်ငွေအပေါ် ၂၅ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။

၂၄။ ပြည်ပနေနိုင်ငံခြားသားဖြစ်လျှင် ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ နှင့် ၆-က တို့အရ သက်သာခွင့်များ နုတ်ပယ်ခြင်းမပြုရ။ ယင်း၏စုစုပေါင်းဝင်ငွေအပေါ် လစာခါင်းစဉ်မှဝင်ငွေဖြစ်ပါက ဤဥပဒေ ပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ) ပါ အခွန်နှုန်းများအတိုင်း ဝင်ငွေခွန်စည်းကြပ်ရမည်။

၂၅။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ နှင့် ၆-က တို့အရ သက်သာခွင့်များမနုတ်မီ စည်းကြပ်မှုမှ လွတ်ကင်းနေသော ဝင်ငွေအပေါ် ၃၀ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။ အသုံးပြုသည့်ဝင်ငွေမှ ဝင်ငွေရလမ်းတင်ပြနိုင်သည့် ဝင်ငွေရှိပါက ယင်းဝင်ငွေအားနုတ်ပယ်ပြီး ကျန်စည်းကြပ်မှုမှ လွတ်ကင်းနေသော ဝင်ငွေအပေါ်တွင်လည်းကောင်း၊ ဝင်ငွေရလမ်း တင်ပြနိုင်ခြင်းမရှိပါက အသုံးပြုသည့် ဝင်ငွေအပေါ်တွင်လည်းကောင်း ဝင်ငွေခွန်စည်းကြပ်ရမည်။ အသုံးပြုသည့် ဝင်ငွေအားလုံးအပေါ် ဝင်ငွေရလမ်းအတိအကျ တင်ပြနိုင်ပါက ဝင်ငွေခွန်ထမ်းဆောင်ရန်မလိုပါ။ ဤပုဒ်မအရ အခွန် စည်းကြပ်ခြင်းသည် တရားမဝင်ရရှိသည့် ပစ္စည်းများပိုင်ဆိုင်ခြင်း၊ ရောင်းဝယ်ခြင်းတို့နှင့် လည်းကောင်း၊ ငွေကြေး ခဝါချမှုတိုက်ဖျက်ရေးဥပဒေအရ အရေးယူသည့်ကိစ္စရပ်များနှင့်လည်းကောင်း သက်ဆိုင်ခြင်း မရှိစေရ။

၂၆။ သမဝါယမအသင်းဥပဒေအရ မှတ်ပုံတင်ဖွဲ့စည်းထားသည့် အခြေခံသမဝါယမအသင်းများ၏ အသားတင်အမြတ် ဝင်ငွေမှ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ အရ သက်သာခွင့်များနုတ်ပယ်ပြီး ကျန်ဝင်ငွေအပေါ် ဤဥပဒေ ပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ) ပါ ဝင်ငွေခွန်နှုန်းများဖြင့် ဝင်ငွေခွန် စည်းကြပ်ရမည်။

၂၇။ အခြေပစ္စည်းတစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ရောင်းချခြင်း၊ လဲလှယ်ခြင်း၊ အခြား တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းမှ မြတ်စွန်းငွေရရှိလျှင် ထိုသို့မြတ်စွန်းသည့် ကျပ်ငွေ သို့မဟုတ် နိုင်ငံခြားငွေအပေါ် ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ နှင့် ၆-က တို့အရ သက်သာခွင့်များမနုတ်မီ-

(က) မြန်မာနိုင်ငံ၏ ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ခြင်းကဏ္ဍတွင် ပါဝင်လုပ်ကိုင်သည့် ကုမ္ပဏီဖြစ်ပါက အောက်တွင် မြတ်စွန်းငွေနှင့် ယှဉ်တွဲဖော်ပြထားသော အခွန်နှုန်းများအတိုင်း ရရှိသည့် ငွေကြေးအမျိုးအစားဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်-

| မြတ်စွန်းငွေ | ပေးဆောင်ရမည့်ဝင်ငွေခွန်နှုန်း |
|---|---|
| (၁) ညီမျှကျပ် သန်းပေါင်း(၁၀၀,၀၀၀) အထိ | ၄၀ ရာခိုင်နှုန်း |
| (၂) ညီမျှကျပ် သန်းပေါင်း(၁၀၀,၀၀၀) အထက်မှ (၁၅၀,၀၀၀) အထိ | ၄၅ ရာခိုင်နှုန်း |
| (၃) ညီမျှကျပ် သန်းပေါင်း(၁၅၀,၀၀၀) အထက် | ၅၀ ရာခိုင်နှုန်း |

(ခ) မြန်မာနိုင်ငံ၏ ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ခြင်းကဏ္ဍတွင် ပါဝင်လုပ်ကိုင်သော ကုမ္ပဏီမှအပဖြစ်သည့် ပုဂ္ဂိုလ်စုများ သို့မဟုတ် တစ်ဦးချင်းပုဂ္ဂိုလ်ဖြစ်ပါက မြတ်စွန်းသည့် ကျပ်ငွေ သို့မဟုတ် နိုင်ငံခြားငွေအပေါ် တစ်ဆယ်ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။ ပြည်ပနေ နိုင်ငံခြားသား ဖြစ်ပါက ကျသင့်အခွန်ကို ရရှိသည့် ငွေကြေးအမျိုးအစားဖြင့် ပေးဆောင်ရမည်။

၂၈။ နှစ်တစ်နှစ်အတွင်း အခြေပစ္စည်းတစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ ရောင်းချခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် အခြား တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းပြုလုပ်သည့် အခြေပစ္စည်း၏တန်ဖိုး စုစုပေါင်းသည် ကျပ်သိန်း ၁၀၀ ထက်မပိုလျှင် အခြေပစ္စည်းမှမြတ်စွန်းငွေ ပေါ်ပေါက်စေကာမူ ဝင်ငွေခွန် မကျသင့်စေရ။

၂၉။ အသစ်ထူထောင်သော ထုတ်လုပ်မှုကို အခြေခံသည့်အသေးစား၊ အလတ်စားလုပ်ငန်းများအတွက် လုပ်ငန်း စတင်သောနှစ်အပါအဝင် တစ်ဆက်တည်း သုံးနှစ်ကာလအတွင်း နှစ်တစ်နှစ် စုစုပေါင်း အသားတင်အမြတ်ဝင်ငွေ ကျပ်သိန်း ၁၀၀ ထိ ဝင်ငွေခွန်ကင်းလွတ်ခွင့်ပြုသည်။ ဖော်ပြပါ ဝင်ငွေထက် ပိုမိုရရှိပါက ပိုမိုရရှိသည့်ဝင်ငွေအပေါ်တွင်သာ ဝင်ငွေခွန် စည်းကြပ်ရမည်။

၃၀။ အခြေပစ္စည်းမှမြတ်စွန်းငွေခေါင်းစဉ်မှအပ ကျန်ဝင်ငွေခေါင်းစဉ်များအတွက် နိုင်ငံခြားငွေဖြင့် ဝင်ငွေရရှိလျှင် ယင်းဝင်ငွေအပေါ်တွင် ဝင်ငွေခွန်စည်းမျဉ်းများ စည်းမျဉ်း ၈ ပါ ပြဋ္ဌာန်းချက်နှင့်အညီ တွက်ချက်၍ ပြည်တွင်းနေ နိုင်ငံသားနှင့် ပြည်တွင်းနေနိုင်ငံခြားသားဖြစ်ပါက ကျပ်ငွေဖြင့်လည်းကောင်း၊ ပြည်ပနေနိုင်ငံခြားသားဖြစ်ပါက ရရှိသည့်ငွေကြေးအမျိုးအစားဖြင့်လည်းကောင်း ဝင်ငွေခွန် ပေးဆောင်ရမည်။

၃၁။ (က) အောက်ဖော်ပြပါဝင်ငွေတစ်ရပ်ရပ် သို့မဟုတ် ဝင်ငွေအမျိုးအစား တစ်ရပ်ရပ်အပေါ် ဝင်ငွေခွန် ကင်းလွတ်ခွင့်ပြုသည်-

(၁) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သောဆေးဝါးများဆိုင်ရာ ဥပဒေအရ ဖမ်းဆီးရမှုအပေါ် ဆုငွေချီးမြှင့်ခြင်းအစီအစဉ်အရ နှစ်တစ်နှစ်အတွင်း ဆုငွေကို တစ်ကြိမ်တည်းရရှိခြင်းဖြစ်စေ၊ အကြိမ်ကြိမ်ရရှိခြင်းဖြစ်စေ ရရှိသည့် စုစုပေါင်းဝင်ငွေ၊

(၂) တရားမဝင်ပစ္စည်းများ ဖမ်းဆီးရမှုအပေါ် ဆုငွေချီးမြှင့်ခြင်း အစီအစဉ်အရ နှစ်တစ်နှစ်အတွင်း ဆုငွေကို တစ်ကြိမ်တည်းရရှိခြင်းဖြစ်စေ၊ အကြိမ်ကြိမ်ရရှိခြင်းဖြစ်စေ ရရှိသည့်စုစုပေါင်းဝင်ငွေ၊

(၃) နိုင်ငံတော်မှချီးမြှင့်သော ဘွဲ့ထူးဂုဏ်ထူးတံဆိပ်များနှင့်အတူ ရရှိသည့်ချီးမြှင့်ငွေများ၊

(၄) ပြည်ပနေနိုင်ငံသား၏ ပြည်ပတွင် နိုင်ငံခြားငွေဖြင့်ရရှိသော လစာခါင်းစဉ်မှ ဝင်ငွေ၊

(၅) အစိုးရအောင်ဘာလေသိန်းဆု ဆုမဲမှ ထုတ်ယူရရှိငွေ၊

(၆) အငြိမ်းစားယူသည့်အခါ ရရှိသည့်ပင်စင်၊ ပင်စင်မှပြောင်းလဲ၍ ရရှိသောငွေနှင့် လုပ်သက်ဆုငွေ (Gratuity)၊

(၇) ရှေးဟောင်းပစ္စည်းတွေ့ရှိမှုအပေါ် နိုင်ငံတော်မှဂုဏ်ပြုချီးမြှင့်ငွေ။

(ခ) အောက်ဖော်ပြပါကိစ္စရပ်များအတွက် စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာနသည် ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဝင်ငွေခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့်များပြုနိုင်သည်-

(၁) ပြည်တွင်းပြည်ပအဖွဲ့အစည်းများက နိုင်ငံတော်သို့လှူဒါန်းငွေ၊ ထောက်ပံ့ငွေဖြင့် ဆောင်ရွက်သည့် လုပ်ငန်းများနှင့်စပ်လျဉ်းသည့် ဝင်ငွေခွန်ကိစ္စရပ်များ၊

(၂) ငွေချေးသက်သေခံလက်မှတ်ဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်းသည့် ဝင်ငွေခွန်ကိစ္စရပ်များ။

၃၂။ ဤဥပဒေ၏ အခန်း (၇) တွင် ဖော်ပြပါရှိသော စကားရပ်များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်သည် ဝင်ငွေခွန်ဥပဒေတွင် ဖော်ပြထားသည့်အတိုင်း ဖြစ်စေရမည်။

## အခန်း (၈)

## ရတနာခွန်

၃၃။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ ၃၈ အရ ကျောက်မျက်ရတနာအရိုင်းကိုဖြစ်စေ၊ ကျောက်မျက်ရတနာ အချောထည်ကိုဖြစ်စေ၊ လက်ဝတ်ရတနာကိုဖြစ်စေ၊ ကျောက်မျက်ရတနာဖြင့် ပြုလုပ်သော ပစ္စည်းကိုဖြစ်စေ ယင်းတို့နှင့် စပ်လျဉ်း၍ ယှဉ်တွဲဖော်ပြပါ အခွန်နှုန်းထားများအတိုင်း ရတနာခွန် ကျသင့်စေရမည်။ ကောက်ခံရရှိသည့် ရတနာခွန် နှင့်စပ်လျဉ်း၍ ပြည်တွင်းအခွန်များဦးစီးဌာန၏ သက်ဆိုင်ရာဘဏ်စာရင်းသို့ လွှဲပြောင်းပေးသွင်းရမည် -

(က) ကျောက်မျက်ရတနာများ ရောင်းချခြင်းဖြစ်ပါက အမှန်တကယ်ရောင်းချသည့် တန်ဖိုးအပေါ်တွင် လည်းကောင်း၊ အမှန်တကယ်ရောင်းချသည့် တန်ဖိုးအပေါ် အခြေပြု၍ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေး လုပ်ငန်းက သတ်မှတ်သည့် ရောင်းဈေးတန်ဖိုးအပေါ်တွင်လည်းကောင်း၊ ယင်းတန်ဖိုး နှစ်ရပ်အနက် များရာတန်ဖိုးအပေါ်တွင်လည်းကောင်း၊

(ခ) ပြည်တွင်းသို့ တင်သွင်းခြင်းဖြစ်လျှင် ကုန်းပေါ်ရောက်တန်ဖိုးအပေါ်တွင်လည်းကောင်း၊

| စဉ် | ကျောက်မျက်ရတနာအမျိုးအစား | အခွန်နှုန်း |
|---|---|---|
| ၁ | ကျောက်စိမ်းအရိုင်းထည်များ။ | ၁၁ ရာခိုင်နှုန်း |
| ၂ | စိန်နှင့်မြမှအပ ပတ္တမြား၊ နီလာနှင့် အခြားအဖိုးတန် ကျောက်မျက်ရတနာ အရိုင်းထည်များ။ | ၉ ရာခိုင်နှုန်း |
| ၃ | စိန်နှင့်မြမှအပ ကျောက်စိမ်း၊ ပတ္တမြား၊ နီလာနှင့် အခြား အဖိုးတန် ကျောက်မျက်ရတနာ အချောထည်များ၊ စိန်နှင့်မြမှအပ ကျောက်စိမ်း၊ ပတ္တမြား၊ နီလာနှင့် အခြားအဖိုးတန် ကျောက်မျက်ရတနာများစွဲကပ်ထားသည့် လက်ဝတ်ရတနာ အချောထည်များ။ | ၅ ရာခိုင်နှုန်း |
| ၄ | ကျောက်မျက်ရတနာဖြင့်ပြုလုပ်သောပစ္စည်းများ။ | ၅ ရာခိုင်နှုန်း |

## အခန်း (၉)

## အခြားအခွန်အကောက်ဆိုင်ရာ ကောက်ခံရမည့်နှုန်းထားများ

၃၄။ သက်ဆိုင်ရာဝန်ကြီးဌာနများသည် အောက်ဖော်ပြပါ အခွန်တစ်ရပ်ရပ်၏ ကောက်ခံရမည့် နှုန်းထားများ၊ ကင်းလွတ်ခွင့်နှင့် သက်သာခွင့်တို့ကို တည်ဆဲဥပဒေနှင့်အညီ စီမံဆောင်ရွက်ရမည် -

(က) ယစ်မျိုးခွန်၊

(ခ) သွင်းကုန်အတွက်လိုင်စင်ကြေး၊ ပါမစ်ကြေးများ၊

(ဂ) မြန်မာနိုင်ငံအောင်ဘာလေသိန်းဆု၊

(ဃ) မော်တော်ယာဉ်၊ ယာဉ်မောင်းလိုင်စင်၊ လုပ်ငန်းလိုင်စင်ဆိုင်ရာ အခငွေများ၊

(င) ရုံးခွန်နှင့် တံဆိပ်ခေါင်းခွန်၊

(စ) ခရီးလှည့်လည်ရေးလိုင်စင်၊ ဟိုတယ်နှင့်တည်းခိုရိပ်သာလိုင်စင်၊ ဧည့်လမ်းညွှန်လုပ်ငန်း လိုင်စင်များအတွက် လိုင်စင်ကြေး၊

(ဆ) အကောက်ခွန်၊

(ဇ) မြေယာပေါ်တွင်ကောက်ခံသည့်အခွန်၊

(ဈ) ရေခွန်၊

(ည) တာတမံခွန်၊

(ဋ) သစ်တောများမှပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့်သစ်တောခွန်၊

(ဌ) ဓာတ်သတ္တုပစ္စည်းများ ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန် (စက်မှုကုန်ကြမ်း တွင်းထွက်နှင့် အလှဆင်ကျောက်များမပါ)၊

(ဍ) ငါးလုပ်ငန်းဆိုင်ရာအခွန်အခ၊

(ဎ) ရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန်၊

(ဏ) ဓာတ်သတ္တုခွန်နှင့်တွင်းဝခွန်၊

(တ) ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်ခြင်းကြောင့် ကောက်ခံသည့်အခွန်အခ၊

(ထ) ရေအားအရင်းအမြစ်မှ လျှပ်စစ်ဓာတ်အားထုတ်ယူသည့်အတွက် အခမဲ့ရရှိသည့် ဓာတ်အားခ၊

(ဒ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ရရှိသူများထံမှ ကောက်ခံရရှိသည့် အခွန်။

## အခန်း (၁၀)

## အထွေထွေ

၃၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည် အခွန်ကောက်ခံမှု အထောက်အကူပြုအဖွဲ့များကို အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ဖွဲ့စည်းဆောင်ရွက်ရမည်။

၃၆။ ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်အတွင်းထုတ်လုပ်သည့် ကုန်စည်များနှင့် ပြည်ပမှတင်သွင်းသည့် ကုန်စည်များ ဈေးကွက်အတွင်း ယှဉ်ပြိုင်ရောင်းချနိုင်ရေးအတွက်လည်းကောင်း၊ ပြည်တွင်း ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အဓိက မှီတည်ဆောင်ရွက်နေရသည့် ပြည်တွင်းစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ၊ နိုင်ငံတော်အတွင်း ဆောင်ရွက်လျက်ရှိကြသည့် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ရေရှည်အကျိုးစီးပွား ဖြစ်ထွန်းတိုးတက် လာစေရန်လည်းကောင်း၊ နိုင်ငံတော်မှပါဝင်လက်မှတ်ရေးထိုးထားသည့် အပြည်ပြည်ဆိုင်ရာသဘောတူညီချက်များ နှင့် ဆန့်ကျင်ခြင်း မရှိစေဘဲ အောက်ပါတို့ကို ဆောင်ရွက်ပေးရမည် -

(က) ကုန်စည်များ တင်သွင်းခွင့်ပြုသည့်ပမာဏ၊ အကောက်ခွန်နှုန်းထားများနှင့် စပ်လျဉ်း၍ ကမ္ဘာ့ကုန်သွယ်ရေး အဖွဲ့၊ ကမ္ဘာ့အကောက်ခွန်အဖွဲ့နှင့် အာဆီယံလွတ်လပ်သော ကုန်သွယ်ရေးဆိုင်ရာ သဘောတူစာချုပ်များ မူဘောင်အတွင်းမှ အာဆီယံဒေသတွင်းနိုင်ငံများနည်းတူ အမြင့်ဆုံးရရှိနိုင်သည့် အခွင့်အရေး၊ သက်သာခွင့် များ ရရှိစေနိုင်ရန် ဆောင်ရွက်ပေးခြင်း၊

(ခ) အကောက်ခွန်ဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီဖြစ်စေ၊ ပို့ကုန်သွင်းကုန် ခွင့်ပြုခြင်းနှင့် ခွဲတမ်းသတ်မှတ် ပေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း ပြဋ္ဌာန်းချက်များနှင့်အညီဖြစ်စေ လိုအပ်သည့် အစီအမံများကို ဆောင်ရွက် ပေးခြင်း။

*(ဆက်လက်ဖော်ပြပါမည်)*

# ၂၀၂၀ ပြည့်နှစ်၊ ဝင်ငွေခွန်ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

*ယမန်နေ့မှ အဆက်*

**အမြဲတမ်းလုပ်ငန်းတည်ရာဌာန**

၇။ (က) ဤပုဒ်မနှင့် မဆန့်ကျင်စေဘဲ အမြဲတမ်းလုပ်ငန်းတည်ရာဌာနသည် ပုဂ္ဂိုလ်တစ်ဦး၏ လုပ်ငန်းကို အပြည့်အဝဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ ဆောင်ရွက်သည့် လုပ်ငန်းနေရာကို ဆိုသည်။

(ခ) အောက်ပါတို့ကို အမြဲတမ်းလုပ်ငန်းတည်ရာဌာနအဖြစ် မှတ်ယူရမည် -

(၁) စီမံခန့်ခွဲသည့်နေရာ၊ အခွဲ(branch)၊ ရုံး၊ စက်ရုံ၊ ကုန်လှောင်ရုံ၊ သို့မဟုတ် အလုပ်ရုံ၊ သို့ရာတွင် ယင်းပုဂ္ဂိုလ်၏ လုပ်ငန်းကို ကိုယ်စားပြုရန် (representation) လုပ်ဆောင်မှု တစ်ခုတည်းအတွက်သာ ဆောင်ရွက်သည့်ရုံး မပါဝင်။

(၂) ဓာတ်သတ္တုတွင်း သို့မဟုတ် ကျောက်မျက်ရတနာတွင်း၊ ရေနံ သို့မဟုတ် သဘာဝဓာတ်ငွေ့တွင်း၊ ကျောက်ထုတ်စခန်း၊ သို့မဟုတ် သဘာဝသယံဇာတများကို ရှာဖွေသည့် သို့မဟုတ် တူးဖော်ထုတ်ယူသည့် အခြားနေရာဖြစ်ပြီး ယင်းတို့တွင် တပ်ဆင်ထားရှိသည့် အရာများ၊ အဆောက်အအုံ၊ ရေနံတွင်း တူးစင်၊ သဘာဝသယံဇာတများ ရှာဖွေရာ၌ သို့မဟုတ် တူးဖော်ထုတ်ယူရာ၌ အသုံးပြုသည့် ရေယာဉ်တို့လည်း ပါဝင်သည်၊

(၃) ပုဂ္ဂိုလ်တစ်ဦးက အကြံပေးဝန်ဆောင်မှုများ အပါအဝင်ဖြစ်သည့် ဝန်ဆောင်မှုများကို ယင်းကိုယ်တိုင်ဖြစ်စေ၊ ယင်းပုဂ္ဂိုလ်က ယင်းကဲ့သို့သော ရည်ရွယ်ချက်အတွက် ခန့်အပ်တာဝန်ပေးသည့် ဝန်ထမ်းများဖြင့်ဖြစ်စေ၊ အခြားသူများဖြင့် ဖြစ်စေ ဆောင်ရွက်ပေးခြင်း၊ သို့ရာတွင် ယင်းသို့သော သဘောသဘာဝရှိသည့် လုပ်ဆောင်ချက်များသည် ယင်းပုဂ္ဂိုလ် သို့မဟုတ် ယင်း၏ တွဲဖက်လုပ်ကိုင်သူတစ်ဦး၏ တူညီသော သို့မဟုတ် ဆက်စပ်နေသော စီမံချက်တစ်ခုအတွက် မည်သည့် ၁၂ လတာ ကာလအတွင်း၌မဆို စုစုပေါင်း ရက် ၃၀ ထက် ပိုမိုကြာမြင့်သော ကာလတစ်ခု သို့မဟုတ် ကာလများဖြင့် ဆက်လက်ဖြစ်ပေါ်နေမှသာ ယင်းသို့ အကျုံးဝင်သည်။

(ဂ) ပုဒ်မခွဲ (ဃ) နှင့် မဆန့်ကျင်စေဘဲ တည်ဆောက်ရေးလုပ်ငန်းခွင်၊ ဆောက်လုပ်ရေး၊ ပေါင်းစည်းတပ်ဆင်ခြင်း သို့မဟုတ် တပ်ဆင်တည်ဆောက်ခြင်းဆိုင်ရာ စီမံချက်၊ သို့မဟုတ် ယင်းကဲ့သို့သော လုပ်ငန်းခွင် သို့မဟုတ် စီမံချက်နှင့် ဆက်စပ်နေသည့် ကြီးကြပ်ကွပ်ကဲရေး လုပ်ဆောင်ချက်သည် ရက်ပေါင်း ၉၀ ထက် ပိုမိုကြာမြင့်စွာ ဆက်လက်တည်ရှိနေမှသာလျှင် အမြဲတမ်းလုပ်ငန်းတည်ရာဌာန ဖြစ်သည်။

(ဃ) ပုဂ္ဂိုလ်တစ်ဦးသည် ပုဒ်မခွဲ (ဂ) တွင် ဖော်ပြခဲ့သည့် တည်ဆောက်ရေးလုပ်ငန်းခွင် သို့မဟုတ် စီမံချက် သို့မဟုတ် လုပ်ဆောင်ချက်တစ်ရပ်ကို ဆောင်ရွက်သည့် အခါတွင် ရက်ပေါင်း ၉၀ ထက် ပိုမိုကြာမြင့်ခြင်းရှိမရှိ ဆုံးဖြတ်နိုင်ရန်အလို့ငှာ ယင်းပုဂ္ဂိုလ်၏ တွဲဖက်လုပ်ကိုင်သူတစ်ဦးက ဆောင်ရွက်သည့် ဆက်စပ်မှုရှိသော မည်သည့် လုပ်ဆောင်ချက်ကိုမဆို ပထမပုဂ္ဂိုလ်က တည်ဆောက်ရေးလုပ်ငန်းခွင် သို့မဟုတ် လုပ်ဆောင်ချက်များကို လုပ်ကိုင်ဆောင်ရွက်သည့်ကာလတွင် ပေါင်းထည့်ရမည်။

(င) ပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ(ခ) တွင် မည်သို့ပင်ဆိုစေကာမူ ပုဂ္ဂိုလ်တစ်ဦး (ယင်းကို "ကိုယ်စားလှယ်" (Agent) ဟု ရည်ညွှန်းမည်) သည် အခြားပုဂ္ဂိုလ်တစ်ဦး၏ (ယင်းကို "အရင်းခံပုဂ္ဂိုလ်" (Principal) ဟု ရည်ညွှန်းမည်) ကိုယ်စားဆောင်ရွက်သည့်အခါ ကိုယ်စားလှယ်သည် အောက်ပါတစ်ခုခုကို ပြုလုပ်ပါက ကိုယ်စားလှယ်သည် အရင်းခံပုဂ္ဂိုလ်၏ အမြဲတမ်းလုပ်ငန်းတည်ရာဌာန ဖြစ်သည် -

(၁) ပဋိညာဉ်များကို အရင်းခံပုဂ္ဂိုလ်အမည်ဖြင့်ဖြစ်စေ၊ ကိုယ်စားလှယ်အမည်ဖြင့်ဖြစ်စေ ပြုလုပ်စေကာမူ ယင်းပဋိညာဉ်များကို အရင်းခံပုဂ္ဂိုလ် ကိုယ်စား လုပ်ရိုးလုပ်စဉ်အတိုင်း ပုံမှန်ညှိနှိုင်းဆွေးနွေးခြင်း၊

(၂) ကိုယ်စားလှယ်သည် ကုန်စည်များကို ထိန်းသိမ်းထားပြီး ယင်းကုန်စည်များကို အရင်းခံပုဂ္ဂိုလ်ကိုယ်စား လုပ်ရိုးလုပ်စဉ်အတိုင်း ပုံမှန်သယ်ယူပေးပို့ ဖြန့်ဝေခြင်း၊ သို့ရာတွင် ယင်းကိုယ်စားလှယ်သည် ယင်းကဲ့သို့သော လုပ်ငန်းမျိုးကို ယင်းလုပ်ငန်း၏ သဘောသဘာဝအရ ပုံမှန်ဆောင်ရွက်နေသည့် သီးခြားလွတ်လပ်သော အထွေထွေ ကိုယ်စားလှယ် မဖြစ်စေရ။

**ပြည်တွင်းနေတစ်ဦးချင်းပုဂ္ဂိုလ်**

၈။ (က) ပုဒ်မခွဲ (ခ) နှင့် ပုဒ်မခွဲ(ဂ) တို့နှင့် မဆန့်ကျင်စေဘဲ တစ်ဦးချင်းပုဂ္ဂိုလ်တစ်ဦးသည် အောက်ပါအခြေအနေတစ်ရပ်ရပ်တွင် အခွန်နှစ်တစ်နှစ်အတွက် ပြည်တွင်းနေ တစ်ဦးချင်းပုဂ္ဂိုလ် ဖြစ်သည် -

(၁) ယင်းအခွန်နှစ်အတွင်း မြန်မာနိုင်ငံတွင် ၎င်း၏ နေအိမ်ရှိခြင်း၊

(၂) ယင်းအခွန်နှစ်အတွင်း စတင်သည့် သို့မဟုတ် ကုန်ဆုံးသည့် မည်သည့် ၁၂ လ တာကာလအတွင်းမဆို စုစုပေါင်း အနည်းဆုံး ၁၈၃ ရက် ရှိသည့် ကာလ သို့မဟုတ် ကာလများအတွက် မြန်မာနိုင်ငံတွင် ရှိနေခြင်း၊

(၃) မြန်မာနိုင်ငံသားဖြစ်ပြီး အစိုးရ သို့မဟုတ် အများပြည်သူဆိုင်ရာ အာဏာပိုင်အဖွဲ့၏ အရာရှိ သို့မဟုတ် ဝန်ထမ်းဖြစ်ခြင်း။

(ခ) ပုဒ်မခွဲ (က) အရ အခွန်နှစ်တစ်နှစ် (ဤပုဒ်မတွင် "လက်ရှိအခွန်နှစ်"ဟု ရည်ညွှန်းမည်) တွင် ပြည်တွင်းနေတစ်ဦးချင်း ပုဂ္ဂိုလ်ဖြစ်သူသည် ပြီးခဲ့သည့်အခွန်နှစ်တွင် ပြည်တွင်းနေ တစ်ဦးချင်းပုဂ္ဂိုလ် မဟုတ်ခဲ့ပါက ယင်းကို ယင်းတစ်ဦးချင်း ပုဂ္ဂိုလ် မြန်မာနိုင်ငံတွင် ပထမဆုံးရှိနေသည့်နေ့မှ စတင်သည့် ကာလအတွက်သာ လက်ရှိအခွန်နှစ်တွင် ပြည်တွင်းနေ တစ်ဦးချင်းပုဂ္ဂိုလ်ဖြစ်သည်ဟု မှတ်ယူရမည်။

(ဂ) ပုဒ်မခွဲ (က) အရ လက်ရှိအခွန်နှစ်တွင် ပြည်တွင်းနေတစ်ဦးချင်းပုဂ္ဂိုလ်ဖြစ်သည့် တစ်ဦးချင်းပုဂ္ဂိုလ်တစ်ဦးသည် လာမည့် အခွန်နှစ်တွင် ပြည်တွင်းနေတစ်ဦးချင်းပုဂ္ဂိုလ် မဟုတ်ပါက ယင်းကို ယင်းတစ်ဦးချင်းပုဂ္ဂိုလ် မြန်မာနိုင်ငံတွင် နောက်ဆုံးရှိနေသည့်နေ့တွင် ကုန်ဆုံးသည့် ကာလအတွက်သာ လက်ရှိအခွန်နှစ်တွင် ပြည်တွင်းနေတစ်ဦးချင်း ပုဂ္ဂိုလ်ဖြစ်သည်ဟု မှတ်ယူရမည်။

**မြန်မာနိုင်ငံရင်းမြစ်မှ ဝင်ငွေ**

၉။ (က) အောက်ပါအလုပ်အကိုင်မှ ဝင်ငွေတစ်ရပ်ရပ်သည် မြန်မာနိုင်ငံရင်းမြစ်မှဝင်ငွေ ဖြစ်သည် -

(၁) ဝင်ငွေကို မည်သည့်နေရာတွင် ပေးချေသည်ဖြစ်စေ ဝန်ထမ်းတစ်ဦးက မြန်မာနိုင်ငံအတွင်း ဆောင်ရွက်သော အလုပ်အကိုင်မှ ရရှိလာသည့် အတိုင်းအတာအထိဖြစ်သောဝင်ငွေ၊

(၂) အလုပ်အကိုင်ကို မည်သည့်နေရာတွင် ဆောင်ရွက်သည်ဖြစ်စေ မြန်မာနိုင်ငံ အစိုးရကသော်လည်းကောင်း၊ မြန်မာနိုင်ငံအစိုးရကိုယ်စားသော်လည်းကောင်း ဝန်ထမ်းတစ်ဦးသို့ ပေးချေသည့် ဝင်ငွေ။

(ခ) ပြည်တွင်းနေပုဂ္ဂိုလ်က မြန်မာနိုင်ငံပြင်ပရှိ အမြဲတမ်းလုပ်ငန်းတည်ရာဌာနတစ်ခုမှ တစ်ဆင့် လုပ်ငန်းတစ်ရပ်ဆောင်ရွက်ခြင်းကြောင့် ရရှိလာခြင်းဟု မှတ်ယူနိုင်သည့် (Attributable) အတိုင်းအတာအထိဖြစ်သော ဝင်ငွေမှလွဲ၍ ယင်းပြည်တွင်းနေပုဂ္ဂိုလ် ရရှိလာသည့် လုပ်ငန်းမှဝင်ငွေသည် မြန်မာနိုင်ငံရင်းမြစ်မှဝင်ငွေ ဖြစ်သည်။

(ဂ) ပြည်ပနေပုဂ္ဂိုလ်က ရရှိလာသည့် လုပ်ငန်းမှဝင်ငွေသည် အောက်ပါအခြေအနေ တစ်ရပ်ရပ်မှ ရရှိလာခြင်းဟု မှတ်ယူနိုင်သည့် အတိုင်းအတာအထိ မြန်မာနိုင်ငံရင်းမြစ်မှ ဝင်ငွေဖြစ်သည် -

(၁) ပြည်ပနေပုဂ္ဂိုလ်က မြန်မာနိုင်ငံရှိ အမြဲတမ်းလုပ်ငန်းတည်ရာဌာန တစ်ခုမှ တစ်ဆင့် ဆောင်ရွက်သည့် လုပ်ငန်း၊

(၂) ပြည်ပနေပုဂ္ဂိုလ်က မြန်မာနိုင်ငံရှိ အမြဲတမ်းလုပ်ငန်းတည်ရာဌာန တစ်ခုမှ တစ်ဆင့်ရောင်းချသည့် ကုန်ပစ္စည်းများ သို့မဟုတ် ကုန်စည်များနှင့် တူညီသော သို့မဟုတ် အလားသဏ္ဌာန်တူသော ကုန်ပစ္စည်းများ သို့မဟုတ် ကုန်စည်များကို ယင်းပြည်ပနေပုဂ္ဂိုလ်က မြန်မာနိုင်ငံအတွင်း၌ ရောင်းချခြင်း၊

(၃) ပြည်ပနေပုဂ္ဂိုလ်က မြန်မာနိုင်ငံရှိ အမြဲတမ်းလုပ်ငန်းတည်ရာဌာနမှတစ်ဆင့် ဆောင်ရွက်သည့် လုပ်ငန်းဆောင်ရွက်ချက်နှင့် တူညီသော သို့မဟုတ် အလားသဏ္ဌာန်တူသော အခြား မည်သည့် လုပ်ငန်းဆောင်ရွက်ချက်ကိုမဆို ယင်းပြည်ပနေပုဂ္ဂိုလ်က မြန်မာနိုင်ငံအတွင်း၌ ဆောင်ရွက်ခြင်း။

(ဃ) ပုဒ်မခွဲ (က)၊ (ခ) နှင့် (ဂ) တွင် မည်သို့ပင်ဆိုစေကာမူ အောက်ပါတို့သည် မြန်မာနိုင်ငံရင်းမြစ်မှ ဝင်ငွေဖြစ်သည် -

(၁) မြန်မာနိုင်ငံတွင် တည်ရှိသည့် မရွှေ့မပြောင်းနိုင်သောပစ္စည်းကို အငှားချထားခြင်းမှ ရရှိသည့် ငှားရမ်းခ၊

(၂) မြန်မာနိုင်ငံရှိ ရှယ်ယာပိုင်ဆိုင်မှုကို ထုခွဲရောင်းချခြင်းမှ ပေါ်ပေါက်လာသည့် အမြတ်အစွန်း၊

(၃) မြန်မာနိုင်ငံရှိ ဆုံးရှုံးနိုင်ခြေတစ်ခုကို အာမခံထားရှိခြင်း သို့မဟုတ် တစ်ဆင့် အာမခံထားရှိခြင်းနှင့် ဆက်စပ်နေသည့် အာမခံပရီမီယံ၊

(၄) ဖျော်ဖြေသူတစ်ဦး သို့မဟုတ် ဖျော်ဖြေသူ အုပ်စုတစ်ခုက မြန်မာနိုင်ငံအတွင်း ဖျော်ဖြေတင်ဆက်မှုမှ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော် လည်းကောင်း ရရှိသည့်ဝင်ငွေ၊

(၅) ဓာတ်သတ္တု၊ ကျောက်မျက်ရတနာ၊ ရေနံ၊ သို့မဟုတ် အခြားသက်ရှိ သို့မဟုတ် သက်မဲ့ရင်းမြစ်ကို မြန်မာနိုင်ငံ၏ မြေမှဖြစ်စေ၊ ရေပိုင်နက် သို့မဟုတ် သီးသန့် စီးပွားရေးဇုန်မှဖြစ်စေ ထုတ်ယူခြင်းနှင့် သက်ဆိုင်ပါက သဘာဝသယံဇာတဆိုင်ရာ ငွေကြေးပမာဏ၊

(၆) အောက်ပါနည်းလမ်းတစ်ခုခုဖြင့် ပေါ်ပေါက်သည့် အတိုး၊ ခိုင်ကြေး၊ နှစ်စဉ်ကြေး၊ စီမံခန့်ခွဲမှုအခ သို့မဟုတ် နည်းပညာအခ (technical fee) -

(ကက) ပြည်တွင်းနေပုဂ္ဂိုလ်တစ်ဦးကမြန်မာနိုင်ငံပြင်ပရှိ အမြဲတမ်းလုပ်ငန်း တည်ရာဌာန တစ်ခုမှတစ်ဆင့် ယင်းပြည်တွင်းနေ ပုဂ္ဂိုလ်ဆောင်ရွက်သည့် လုပ်ငန်း တစ်ခု၏ အသုံးစရိတ်အဖြစ်မဟုတ်သော ပေးချေခြင်း၊

(ခခ) ပြည်ပနေပုဂ္ဂိုလ်တစ်ဦးက မြန်မာနိုင်ငံရှိ အမြဲတမ်းလုပ်ငန်းတည်ရာ ဌာနတစ်ခုမှ တစ်ဆင့် ယင်းပြည်ပနေပုဂ္ဂိုလ် ဆောင်ရွက်သည့် လုပ်ငန်းတစ်ခု၏ အသုံးစရိတ်အဖြစ် ပေးချေခြင်း။

(၇) ပြည်တွင်းနေ ကုမ္ပဏီတစ်ခုက ပေးချေသည့် အမြတ်ဝေစု၊

(၈) ပုဒ်မ ၃၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂၃)၊ ပုဒ်မခွဲငယ်စိတ် (စစ) အရ အမြတ်ဝေစုအဖြစ် မှတ်ယူသည့် ငွေကြေးပမာဏတစ်ရပ်။

**အပြီးသတ်နုတ်ယူပေးသွင်းရမည့် ပေးချေမှု**

၁၀။ ဤဥပဒေ၏ ရည်ရွယ်ချက်များအလို့ငှာ အောက်ပါတို့သည် အပြီးသတ်နုတ်ယူပေးသွင်းရမည့် ပေးချေမှုများ ဖြစ်သည် -

(က) မြန်မာနိုင်ငံရင်းမြစ်မှ ဝင်ငွေဖြစ်ပြီး ပြည်ပနေပုဂ္ဂိုလ်တစ်ဦးကို ပေးချေသည့် သို့မဟုတ် ပေးရန်ရှိသည့် အမြတ်ဝေစုများ၊ အတိုး၊ ခိုင်ကြေး၊ နှစ်စဉ်ကြေး၊ အာမခံပရီမီယံ၊ စီမံခန့်ခွဲမှုအခများ၊ သဘာဝသယံဇာတဆိုင်ရာငွေကြေးပမာဏများ သို့မဟုတ် နည်းပညာအခများ (technical fees)၊

(ခ) ပြည်ပနေဖျော်ဖြေသူတစ်ဦး သို့မဟုတ် ဖျော်ဖြေသူအုပ်စုတစ်စုကို မြန်မာနိုင်ငံအတွင်း ပြုလုပ်သည့် ဖျော်ဖြေတင်ဆက်မှုတွင် ပါဝင်ဆောင်ရွက်ခြင်းအတွက် ပေးချေမှုများ၊

(ဂ) မည်သည့်ပြည်ပနေပုဂ္ဂိုလ်ကိုမဆို ပုဒ်မခွဲ(ခ)တွင် ဖော်ပြထားသည့် ဖျော်ဖြေတင်ဆက်မှုတစ်ခုအတွက် ပေးချေမှုများ။

**ဥပဒေသည် နိုင်ငံတော်အပေါ် စည်းနှောင်မှုရှိစေခြင်း**

၁၁။ ဤဥပဒေသည် မြန်မာနိုင်ငံအပေါ် စည်းနှောင်မှုရှိစေရမည်။

## အခန်း ( ၂ )
## အခွန်ကျသင့်စေခြင်း

**ဝင်ငွေခွန်ကျသင့်စေခြင်း**

၁၂။ (က) ဝင်ငွေခွန်ကို အခွန်နှစ် တစ်နှစ်စီအတွက် အောက်ပါပုဂ္ဂိုလ်တစ်ဦးဦးက ပေးဆောင်ရမည် -

(၁) ယင်းအခွန်နှစ်အတွက် အခွန်စည်းကြပ်ရန်ဝင်ငွေ ရရှိသူ၊

(၂) ယင်းအခွန်နှစ်အတွင်း အပြီးသတ်နုတ်ယူပေးသွင်းရမည့် ပေးချေမှုတစ်ရပ်ကို ရရှိသူ။

*(ဆက်လက်ဖော်ပြပါမည်)*

# ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် မကွေးတိုင်းဒေသကြီးအတွင်းရှိ လမ်း၊ တံတား ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ထားရှိသည့် လုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇူလိုင် ၁၉**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်သည် ဇူလိုင် ၁၈ ရက် နံနက်ပိုင်းက မကွေး-ရေနံချောင်း - ချောက် လမ်းပြုပြင်ထိန်းသိမ်းထားရှိမှုနှင့် လမ်းချဲ့နေမှုတို့ကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အနော်ရထာတံတားသို့ရောက်ရှိပြီး တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့ (၅) မှ ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ) ဦးအောင်ညိုက တံတားကြီး ကြံ့ခိုင်ရေးအတွက် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ( ယာပုံ) ပြည်ထောင်စုဝန်ကြီးက တံတားကြီးရေရှည်တည်တံ့ခိုင်မြဲရေးအတွက် တံတားအပေါ်ထည် စစ်ဆေးသကဲ့သို့ အောက်ပိုင်းနှင့် တံတားတိုင်များကိုပါ သေသေချာချာစစ်ဆေးရန် မှာကြားပြီး ကြံ့ခိုင်မှုဆောင်ရွက်ထားရှိမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။



မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဧရာဝတီမြစ်အနောက်ဘက်ကမ်း မင်းဘူး-စလင်း-တညောင်-ဆိပ်ဖြူလမ်းအခြေအနေတို့ကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးပြီး တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့(၅) မှ တည်ဆောက်နေသော နွယ်တမယ်တံတား တည်ဆောက်ရေး လုပ်ငန်းခွင်သို့ရောက်ရှိရာ ဒုတိယညွှန်ကြားရေး(မြို့ပြ) ဦးအောင်ညိုက နွယ်တမယ်တံတား တည်ဆောက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များ၊ ဘဏ္ဍာရေးနှစ်အလိုက် တာဝန်ယူဆောင်ရွက်သည့် တံတားများနှင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ အပ်နှံထားသည့် တံတားများနှင့်ပတ်သက်၍ ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြရာ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဆွေက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းများ သတ်မှတ်အချိန်မီပြီးစီးရေး၊ စံချိန်စံညွှန်းပြည့်မီရေး အထူးအလေးထား ဆောင်ရွက်ရန်လိုပါကြောင်း၊ တံတားကြီးပြီးသည့်နှင့် တစ်ပြိုင်နက် ချဉ်းကပ်လမ်းများ ပြီးစီးရန်လိုပါကြောင်း၊ တည်ဆောက်ပြီး တံတားများကိုလည်း အမြဲမပြတ်စစ်ဆေးပေးရန်မှာကြားပြီး တံတားတည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း ကြည့်ရှုစစ်ဆေးသည်။

ယခုတည်ဆောက်နေသည့် နွယ်တမယ်တံတားသည် မင်းဘူး-စလင်း-တညောင်-ဆိပ်ဖြူလမ်းပေါ်တွင် တည်ရှိပြီး တံတားအရှည်ပေ ၁၄၂၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ လူသွားလမ်းတစ်ဖက်လျှင် သုံးပေစီပါရှိပြီး တံတားအမျိုးအစားမှာ အပေါ်ထည် PC Girder၊ RC Girder သံကူကွန်ကရစ်ကြမ်းခင်းနှင့် သံလက်ရန်းတို့ဖြစ်ကာ ကိုယ်ထည်-သံကူးကွန်ကရစ် အောက်ခံအုတ်မြစ် 1.5 ⌀m ဘိုးပိုင်တို့ဖြင့် တည်ဆောက်ထားပြီး တံတား၏ ခွင့်ပြုအလေးချိန်မှာ တန် ၆၀ ဖြစ်သည်။ ယခုအခါ တံတားတစ်စင်းလုံးပြီးစီးမှုမှာ ၉၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မုန်းချောင်းတံတားကြံ့ခိုင်မှုအခြေအနေနှင့် ဧရာဝတီတံတား(မကွေး) ကြံ့ခိုင်မှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား တံတားကြီးများ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် တံတားအပေါ်ထည်ပိုင်း၊ တံတားအောက်ပိုင်းနှင့် ရေလမ်းကြောင်း အခြေအနေတို့ကို အမြဲမပြတ်စစ်ဆေးရန် မှာကြားသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် နတ်မောက်မြို့ ဒီပင်္ကရာကျောင်းတိုက်၌ (၇၃)နှစ်မြောက်အာဇာနည်နေ့တွင် နိုင်ငံတော်အတွက် အသက်ပေးလှူသွားသည့် အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူး၍ ဝါဆိုသင်္ကန်းနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး၊ ဝန်ထမ်းမိသားစုတို့က နတ်မောက်မြို့ ဒီပင်္ကရာကျောင်းတိုက် ဆရာတော်အမှူးပြုသော ဆရာတော် ဘဒ္ဒန္တနိမ္မလထံက ငါးပါးသီလခံယူဆောက်တည်ကြပြီး ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းလောင်း အမျှပေးဝေကာ နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နတ်မောက်-ရွာမွန်-ပျော်ဘွယ်လမ်း၊ မိုင်တိုင်အမှတ် (၅၆/၂ နှင့် ၅၆/၃) ကြား ရေကျော်ရေစီးလမ်းကြောင်းနှင့် လောလောဆယ် ပြုပြင်ထိန်းသိမ်းထားရှိရန် အခြေအနေကိုလည်းကောင်း၊ အကွေ့အကောက်ရှည်လျားပြီး ယာဉ်အန္တရာယ်ရှိနိုင်သည့် လေးအိမ်ကျေးရွာအနီး မိုင်တိုင်အမှတ် (၅၅/၄ နှင့် ၅၅/၅) ကြားရှိ မီးရထားလမ်း ခုံးကျော်တံတား တည်ဆောက်ရန်လျာထားနေရာ အခြေအနေတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## နိုင်ငံတော်သို့ အခွန်ပေးဆောင်ကြသော ကုမ္ပဏီများ၏ အခွန်ပေးသွင်းခြင်း လုပ်ငန်းစဉ်တွင် ငွေသား/ချက်လက်မှတ်ဖြင့် ပေးသွင်းနေမှုအစား အီလက်ထရောနစ်ငွေပေးချေမှုစနစ်များဖြင့် ပြောင်းလဲကျင့်သုံးသွားမည့် အစီအစဉ်ကို အသိပေးကြေညာ

**စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန**
**ပြည်တွင်းအခွန်များဦးစီးဌာန**
**နိုင်ငံတော်သို့ အခွန်ပေးဆောင်ကြသော ကုမ္ပဏီများ၏**
**အခွန်ပေးသွင်းခြင်း လုပ်ငန်းစဉ်တွင် ငွေသား/ချက်လက်မှတ်ဖြင့်**
**ပေးသွင်းနေမှုအစား အီလက်ထရောနစ်ငွေပေးချေမှု စနစ်များဖြင့်**
**ပြောင်းလဲကျင့်သုံးသွားမည့် အစီအစဉ်ကို အသိပေးကြေညာခြင်း**

၁။ ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် အခွန်ထမ်းပြည်သူများ အခွန်ငွေပေးသွင်းခြင်း လုပ်ငန်းစဉ်တွင် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ (COVID-19) ကာကွယ် ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို အထောက်အကူဖြစ်စေရန်နှင့် အခွန်ပေးဆောင်ရာတွင် လွယ်ကူလျင်မြန်စေရန်ရည်ရွယ်၍ အီလက်ထရောနစ်ငွေပေးချေမှုစနစ်များဖြစ်သော m-Banking, e-Banking, i-Banking, Mobile Payment စနစ်များဖြင့်လည်းကောင်း၊ MPU Corporate Debit Card အသုံးပြု၍ Online မှလည်းကောင်း သက်ဆိုင်ရာဘဏ်များနှင့် ချိတ်ဆက်၍ ပေးဆောင်နိုင်ရေး ဆောင်ရွက်ထားရှိပြီး ဖြစ်ပါသည်။

၂။ အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး (သို့မဟုတ်) အလယ်အလတ် အခွန်ထမ်းများဆိုင်ရာအခွန်ရုံးများတွင် အခွန်ထမ်းဆောင်နေသည့် အခွန်ထမ်းကုမ္ပဏီများ၏ ဝန်ထမ်းများအတွက် လစာဝင်ငွေခွန် ပေးဆောင်ခြင်းကို လုပ်ငန်းခွင်တည်ရှိရာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများနှင့် ဆက်သွယ်၍ အခွန်ပေးဆောင်နေရမှုအစား အီလက်ထရောနစ်ငွေပေးချေမှုစနစ်များကို အသုံးပြု၍ အခွန်ထမ်းကုမ္ပဏီမှ အခွန်ထမ်းဆောင်နေသော အခွန်ရုံး၏ ဘဏ်စာရင်းသို့ ပေးဆောင်နိုင်ရန် ဆောင်ရွက်လျက်ရှိပါသည်။

၃။ လစာဝင်ငွေခွန် ပေးဆောင်မှုမှတ်တမ်းအဖြစ် မှတ်တမ်းစာအုပ်ထုတ်ပေးခြင်းအစား ဌာန၏ Data Center နှင့် ချိတ်ဆက်၍ မိုဘိုင်းလ်ဖုန်းစနစ် (Mobile App) ဖြင့် အခွန်ပေးဆောင်ထားရှိမှုအချက်အလက်များကို ကြည့်ရှုနိုင်ရန် ပြောင်းလဲဆောင်ရွက်မည် ဖြစ်ပါသည်။

၄။ အခွန်ထမ်းကုမ္ပဏီများအနေဖြင့် ပြည်တွင်းအခွန်များဦးစီးဌာနသို့ ပေးသွင်းရမည့် ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ အထူးကုန်စည်ခွန်နှင့် ရတနာခွန်များကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ CBM-NET စနစ်နှင့် ချိတ်ဆက်၍ ပုဂ္ဂလိကဘဏ်များ၏ အီလက်ထရောနစ်ငွေပေးချေမှုစနစ်များကို အသုံးပြုပြီး လွယ်ကူလျင်မြန်စွာနှင့် လုံခြုံစိတ်ချစွာဖြင့် ပေးဆောင်နိုင်ပါသည်။

၅။ ယင်းသို့ အခွန်ထမ်းပြည်သူများ နိုင်ငံတော်သို့ အခွန်ပေးဆောင်ရာတွင် ငွေသား/ချက်လက်မှတ်များ အသုံးပြု၍ လူကိုယ်တိုင် လာရောက်အခွန်ပေးသွင်းနေမှုအစား အီလက်ထရောနစ်ငွေပေးချေမှုစနစ်ကို အသုံးပြု၍ အခွန်ပေးဆောင်ခြင်းဖြင့် သက်ဆိုင်ရာအခွန်ရုံးနှင့် သက်ဆိုင်ရာ မြန်မာ့စီးပွားရေးဘဏ်တို့သို့ သွားရောက်ရသည့် အချိန်နှင့်ကုန်ကျစရိတ် သက်သာခြင်း၊ ငွေကြေးများကိုင်ဆောင်၍ သွားလာရန် မလိုအပ်သဖြင့် ငွေကြေးဆုံးရှုံးမှုအန္တရာယ်မရှိနိုင်ခြင်းနှင့် အလွဲသုံးစားနှင့် မသမာမှုအန္တရာယ်များဖြစ်ပွားခြင်းမှ ကာကွယ်နိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ပါသည်။

၆။ အီလက်ထရောနစ် ငွေပေးချေမှုစနစ်အား အသုံးပြု၍ အခွန်ပေးသွင်းရာတွင် ပေးသွင်းမှု အထောက်အထားများအဖြစ် သက်ဆိုင်ရာ အီလက်ထရောနစ် ငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများမှ အခွန်ထမ်းသို့ အခွန်ငွေပေးသွင်းပြီးကြောင်း အထောက်အထားကို ကနဦး ထုတ်ပေးမည်ဖြစ်ပြီး မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများရှိ သက်ဆိုင်ရာအခွန်ရုံးများ၏ ငွေစာရင်းများတွင် အခွန်ငွေ လွှဲပြောင်း လက်ခံရရှိပြီးပါက ပြည်တွင်းအခွန်များဦးစီးဌာနမှ အခွန်ငွေပေးသွင်းပြီးကြောင်း အထောက်အထားကို အခွန်ထမ်းထံသို့ email အသုံးပြု ပေးပို့အကြောင်းကြားမည် ဖြစ်ပါသည်။

၇။ သို့ဖြစ်ပါ၍ ၂၀၂၀-၂၀၂၁ ခု ဘဏ္ဍာရေးနှစ်၊ အောက်တိုဘာလ (၁) ရက်နေ့မှစတင်၍ အခွန်ထမ်း မှတ်ပုံတင်အမှတ် (Taxpayer Identification Number-TIN) ရရှိပြီးဖြစ်သော အခွန်ထမ်း ကုမ္ပဏီများအနေဖြင့် နိုင်ငံတော်သို့ အခွန်ငွေပေးဆောင်ရာတွင် ငွေသား/ချက်လက်မှတ်ဖြင့် အခွန်ငွေပေးသွင်းမှုအစား ပိုမိုလွယ်ကူလျင်မြန်ပြီး လုံခြုံမှုရှိသည့် အီလက်ထရောနစ်ငွေပေးချေမှုစနစ်များဖြင့်သာ အခွန်ပေးသွင်းနိုင်ရေးအတွက် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါရန် မေတ္တာရပ်ခံပန်ကြားအပ်ပါသည်။

၈။ အခွန်ထမ်းကုမ္ပဏီများအနေဖြင့် သိရှိလိုသည်များရှိပါက အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (နေပြည်တော်) ရုံးအမှတ်(၄၆)၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ ဖုန်းနံပါတ်- ၀၆၇-၃၄၃၀၅၃၃၊ ၀၆၇-၃၄၃၀၅၂၂၊ (သို့မဟုတ်) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (ရန်ကုန်) အမှတ်-၅၉/၆၁ (ပထမထပ်)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ဖုန်းနံပါတ်- ၀၁-၃၇၈၃၇၀၊ ၀၁-၃၇၈၃၇၂၊ (သို့မဟုတ်) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (မန္တလေး) ၆၅ လမ်း၊ ၂၂ x ၂၃ လမ်းကြား၊ ဖုန်းနံပါတ်- ၀၂-၄၀၃၀၁၉၂ သို့ မေးမြန်းစုံစမ်းနိုင်ပါသည်။

ပုံ (မင်းထွဋ်)
ညွှန်ကြားရေးမှူးချုပ်
ပြည်တွင်းအခွန်များဦးစီးဌာန

## Ar K Club က ကျင်းပသည့် ဖိတ်ခေါ် 9 Ball ပြိုင်ပွဲတွင် ဘုန်းမြင့်ကျော် ဒုတိယဆုရရှိ

**ရန်ကုန် ဇူလိုင် ၁၉**

မြန်မာ Pool ကစားသမား ဘုန်းမြင့်ကျော်(ခ) အားတီသည် တရုတ်နိုင်ငံရှိ Ar K Club က ကြီးမှူးကျင်းပသည့် ဖိတ်ခေါ် 9 Ball ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ဒုတိယဆုရရှိသည်။

ဘုန်းမြင့်ကျော်သည် အဓိက ပြိုင်ပွဲမရှိသည့် ကာလတွင် ဖိတ်ခေါ်ပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်ပြီး ဇူလိုင် ၁၃ ရက်မှ ၁၈ ရက်အထိ ကျင်းပသည့် ဖိတ်ခေါ်ပြိုင်ပွဲတွင် ဗိုလ်လုပွဲအထိ တက်ရောက်ကာ ဒုတိယဆုရရှိခြင်းဖြစ်သည်။ ဘုန်းမြင့်ကျော်သည် ယင်းပြိုင်ပွဲတွင် ၃၂ ဦးအဆင့်မှ စတင်ယှဉ်ပြိုင်ခဲ့ရပြီး တရုတ်ကစားသမားများနှင့် အခြားကစားသမားများကို ကျော်ဖြတ်ကာ ဗိုလ်လုပွဲတက်ရောက်ခဲ့သည်။ ဗိုလ်လုပွဲတွင် တရုတ်လက်ရွေးစင်ဟောင်းကို ၁၁ ပွဲ-၁၀ ပွဲဖြင့် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။ ဘုန်းမြင့်ကျော်သည် ဒုတိယဆုရခဲ့သောကြောင့် ဆုကြေးအဖြစ် မြန်မာငွေကျပ်သိန်း ၂၀ နှင့် ညီမျှသည့် ပမာဏရရှိခဲ့ပြီး ပထမဆုရရှိသူမှာမူ ဆုကြေးအဖြစ် မြန်မာငွေကျပ်သိန်း ၆၀ နှင့် ညီမျှသည့် ပမာဏရရှိခဲ့သည်။

ဘုန်းမြင့်ကျော်သည် ဇူလိုင် ၁၉ ရက်တွင် စတင်ကျင်းပမည့် ဖိတ်ခေါ်ပြိုင်ပွဲတွင် ထပ်မံယှဉ်ပြိုင်မည်ဖြစ်သည်။



**ညီမြတ်သော်တာ၊ ဓာတ်ပုံ- ko Ar Ti facebook**

# စစ်ပွဲတွေဖြစ်နေပြီး စီးပွားရေးအခြေအနေဆိုးရွားနေသော်လည်း ဆီးရီးယားပြည်သူများ ပါလီမန်အသစ်အတွက် ဆန္ဒမဲပေးမည်

ဒမတ်စကတ် ဇူလိုင် ၁၉

**ဆီးရီးယားအစိုးရသည် စစ်ပွဲကြောင့်ပျက်စီးနေသော နိုင်ငံအစိတ်အပိုင်းအတော်များများကို ပြန်လည်သိမ်းပိုက်ပြီးနောက် နိုင်ငံတကာအရေးယူပိတ်ဆို့မှုဆိုင်ရာ ပြဿနာများဖြင့် လုံးထွေးနေသလို စီးပွားရေးပြိုလဲမှုများနှင့် ရင်ဆိုင်နေရစဉ် ဆီးရီးယားပြည်သူများသည် ပါလီမန်သစ်အတွက် မဲပေးရန် တနင်္ဂနွေနေ့က မဲရုံများသို့သွားခဲ့ကြသည်။**

ဆီးရီးယားနိုင်ငံ၏ အစိုးရထိန်းချုပ်ရာဒေသများတွင် ရှိသော မဲရုံပေါင်း ၇၄၀၀ သည် ယင်းနေ့ ဒေသစံတော်ချိန် ၇ နာရီခွဲတွင် ဖွင့်လှစ်မည်ဖြစ်သည်။

သမ္မတ ဘတ်ရှာအယ်လ်အာဆတ်၏ ဘတ်ပါတီနှင့် ၎င်း၏မိတ်ဖက်ပါတီများသည် ပါလီမန်၏ အမတ်နေရာ ၂၅၀ အနက် နေရာအတော်များများကို ရရှိမည်ဟု ခန့်မှန်းထားကြသည်။ ယခုလိုမျိုး မဲပေးမှုသည် လွန်ခဲ့သော ကိုးနှစ် စစ်ပွဲများစတင်သော အချိန်ကတည်းကစကာ တတိယ အကြိမ်ရှိပြီဖြစ်ကြောင်း သိရသည်။

မဲပေးမည့်အကြိုရက်တွင် ဒမတ်စကတ်တွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားသောကြောင့် တစ်ဦးသေဆုံးခဲ့ပြီး အခြားတစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဆာနားသတင်းအေဂျင်စီကဖော်ပြလိုက်သည်။

နိုင်ငံတစ်ဝန်း လူအတော်များများ၏ စာရင်းများကို ခွင့်ပြုပေးထားသော်လည်း အမှန်တကယ်ပြိုင်ဘက်များမှာ ပျက်ကွက်လျက်ရှိသောကြောင့် အာဏာရ ဘတ်ပါတီသည်သာ ပြန်လည်လွှမ်းမိုးလိမ့်မည်ဖြစ်ကြောင်း မျှော်လင့်ထားကြသည်။

ယှဉ်ပြိုင်သူများ၏ ပုံများကို ဒမတ်စကတ်တစ်ဝန်း သီတင်းပတ်အတော်ကြာ ကပ်ထားကြောင်း သိရသည်။ ယှဉ်ပြိုင်သူ ၁၆၅၈ ဦးတွင် ထင်ရှားသော စီးပွားရေးသမားများလည်း ပါဝင်ကြသည်။

ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါ ကူးစက်ပြန့်ပွားမှုကြောင့် ဧပြီလကစကာ နှစ်ကြိမ်တိုင်တိုင် ရွှေ့ဆိုင်းခဲ့ရသော ရွေးကောက်ပွဲသည် ပြန်လည်ကျင်းပခွင့်ရသောအခါတွင် ဆီးရီးယားပြည်သူအများစုက လူနေမှုစရိတ် ပိုမိုကြီးထွားလာမည်ကို စိုးရိမ်လျက်ရှိကြသည်။

ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်သူအများစုက ငွေကြေးဖောင်းပွမှုကို ဖြေရှင်းပေးမည်ဟု ကတိပြုခဲ့ကြသလို စစ်ပွဲကြောင့်ပျက်စီးခဲ့ရသော အခြေခံအဆောက်အအုံများကို တိုးတက်ကောင်းမွန်အောင် တည်ဆောက်မည်ဖြစ်ကြောင်း ကတိပြုခဲ့ကြသည်။

လူပေါင်း ၃၈၀၀၀၀ သေဆုံးခဲ့သော စစ်ပွဲကြောင့် နိုင်ငံမှ ထွက်ပြေးသွားပြီးနောက် နိုင်ငံခြားတွင် နေထိုင်လျက်ရှိသော ဆီးရီးယားပြည်သူများအနေဖြင့် မဲပေးခွင့်ရမည် မဟုတ်ကြောင်း သိရသည်။ **အေအက်ဖ်ပီ**



ဆီးရီးယားပြည်သူများ မဲပေးရန် မဲရုံများဆီသို့ ကားများဖြင့် သွားနေကြစဉ်။

# ကမ္ဘာတစ်ဝန်း ကိုရိုနာဗိုင်းရပ်စ်ကြောင့်သေဆုံးသူ ခြောက်သိန်းကျော်ရှိလာပြီဖြစ်

**ပါရီ ဇူလိုင် ၁၉**

ကမ္ဘာတစ်ဝန်း ဖြစ်ပွားလျက်ရှိသော ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါတစ်မျိုးကြောင့် ယခုအခါတွင် လူပေါင်း ခြောက်သိန်းကျော် သေဆုံးခဲ့ကြောင်း အေအက်ဖ်ပီက ဖော်ပြလိုက်သည်။

ကမ္ဘာတစ်ဝန်း ကိုရိုနာဗိုင်းရပ်စ် ဖြစ်ပွားသူပေါင်း ၁၄၂၃၃၃၅ ဦး ရှိသည့်အနက် လူပေါင်း ၆၀၀၅၃၂ ဦး သေဆုံးခဲ့ပြီဖြစ်ကြောင်း တရားဝင် ထုတ်ပြန်ထားသော စာရင်းဇယားများကို ကိုးကား၍ အေအက်ဖ်ပီက ဖော်ပြခဲ့သည်။ အဆိုပါသေဆုံးမှုများတွင် ကမ္ဘာ့ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါကို အဆိုးဆုံးခံစားခဲ့ရသော ဥရောပရှိ သေဆုံးသူ ၂၀၅၀၆၅ ဦးလည်း ပါဝင်သည်။

ကိုရိုနာဗိုင်းရပ်စ်သည် လက်တင်အမေရိကတွင် အလွန်လျင်မြန်သော နှုန်းဖြင့် ကူးစက်ပျံ့နှံ့လျက်ရှိပြီး အဆိုပါဒေသသည် ကိုရိုနာဗိုင်းရပ်စ်ကြောင့် ဒုတိယသေဆုံးမှု အများဆုံးဖြစ်ခဲ့ပြီး သေဆုံးသူပေါင်း ၁၆၀၇၂၆ ဦးရှိခဲ့သည်။

အမေရိကန်ပြည်ထောင်စုသည် ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါကြောင့် သေဆုံးမှုအများဆုံး နိုင်ငံတစ်နိုင်ငံ ဖြစ်ခဲ့ပြီး စုစုပေါင်းသေဆုံးသူ ၁၄၀၁၀၃ ဦးရှိခဲ့သည်။ ယင်းနောက် ဘရာဇီးနိုင်ငံသည် ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးမှုတွင် ဒုတိယနေရာမှ လိုက်ကာ ၇၈၇၂၂ ဦးရှိခဲ့ပြီး ဗြိတိန်သည် ၄၅၂၇၃ ဦး၊ မက္ကဆီကိုသည် ၃၈၈၈၈ဦးနှင့် အီတလီသည် ၃၅၀၄၂ ဦး တို့ဖြစ်ကြောင်း သိရသည်။

ကိုဗစ်-၁၉ နှင့်ဆက်စပ်လျက်ရှိသော သေဆုံးမှုဆိုင်ရာ ကိန်းဂဏန်းများသည် လွန်ခဲ့သောနှစ်လကျော်က နှစ်ဆခန့်မြင့်တက်လာခဲ့သည်။ ဇွန် ၂၈ ရက်ကစကာ လွန်ခဲ့သော သီတင်းပတ်သုံးပတ်အတွင်း ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးသူပေါင်း ၁၀၀၀၀၀ ကျော်ခဲ့ကြောင်း မှတ်တမ်းတင်နိုင်ခဲ့သည်။

**အေအက်ဖ်ပီ**



ဘရာဇီးနိုင်ငံရှိ ဂီဘာတိုနီဖေ့စ်ဆေးရုံ၏ အထူးကြပ်မတ်ကုသဆောင်တစ်ခုတွင် ကိုရိုနာဗိုင်းရပ်စ်ရောဂါသည်များကို စောင့်ကြည့်ကုသမှုများ လုပ်ဆောင်နေစဉ်။

# ဂျီ - ၂၀ ဘဏ္ဍာရေးဝန်ကြီးများ ကမ္ဘာ့စီးပွားရေး တိုးတက်ရန် ကတိပြု

**တိုကျို ဇူလိုင် ၁၉**

ဂျီ - ၂၀ ဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများသည် ဖြစ်နိုင်သမျှသော နည်းလမ်းများကို အသုံးချကာ ကမ္ဘာ့စီးပွားရေးတိုးတက်အောင် ကူညီလုပ်ဆောင်သွားမည်ဖြစ်ကြောင်း သဘောတူခဲ့ကြသည်။

၎င်းတို့သည် ဇူလိုင် ၁၈ ရက်က ဗီဒီယိုအစည်းအဝေး ကျင်းပခဲ့ကြသည်။

အဆိုပါဗီဒီယိုအစည်းအဝေးသို့ ဂျပန်စီးပွားရေးဝန်ကြီး အေဆိုတာရိုနှင့် ဂျပန်ဗဟိုဘဏ်အုပ်ချုပ်ရေးမှူး ကူရိုဒါ ဟာရူဟီကိုလည်း ပါဝင်တက်ရောက်ခဲ့သည်။

အဆိုပါ ဂျီ-၂၀ အကြီးအကဲများအဖွဲ့သည် အစည်းအဝေးပြီးနောက် တရားဝင်ကြေညာချက်တစ်စောင်ထုတ်ပြန်ခဲ့သည်။

ကိုဗစ်- ၁၉ ကပ်ရောဂါကူးစက်မှု၏ အကျိုးသက်ရောက်မှုကြောင့် ကမ္ဘာ့စီးပွားရေးသည် ၂၀၂၀ ပြည့်နှစ်တွင် သိသိသာသာကျဆင်းခဲ့ကြောင်း၊ ရှေ့အနာဂတ်အလားအလာသည်လည်း သေချာရေရာမှုမရှိသေးကြောင်း အဆိုပါ ထုတ်ပြန်ချက်တွင် ဆက်လက်ဖော်ပြထားသည်။

အဆိုပါအဖွဲ့သည် ကမ္ဘာ့စီးပွားရေးတိုးတက်ရန် ၎င်းတို့၏ ဖြစ်နိုင်သမျှသော နည်းလမ်းများကို အသုံးပြုရန် စိတ်ပိုင်းဖြတ်ထားကြသည်။ ထို့အပြင် အဆိုပါအဖွဲ့က ဘဏ္ဍာရေးနှင့် ငွေကြေးဆိုင်ရာမူဝါဒများကို ကောင်းမွန်ပြည့်စုံသော နည်းလမ်းဖြင့် စီးပွားရေးတိုးတက်ကောင်းမွန်လာသည်အထိ ဆက်လက်လည်ပတ်ကျင့်သုံးရန်လည်း ဆွေးနွေးကြသည်။

ထုတ်ပြန်ချက်တွင် ဧပြီလက ဂျီ-၂၀ အစည်းအဝေးတွင် သဘောတူခဲ့သော ကြွေးမြီရပ်ဆိုင်းရေး ပဏာမခြေလှမ်းကို ဖော်ပြခဲ့သည်။ အဆိုပါ ကြွေးမြီရပ်ဆိုင်းရေးပဏာမခြေလှမ်းသည် ဆေးဘက်ဆိုင်ရာ ထောက်ပံ့မှု မပြည့်စုံသော ဝင်ငွေနည်းနိုင်ငံများ ယခုနှစ်ကုန်အထိ ကူညီသွားရန် ရည်ရွယ်ကြောင်း သိရသည်။

အဆိုပါ ထုတ်ပြန်ချက်တွင် နိုင်ငံပေါင်း ၄၂ နိုင်ငံသည် ကြွေးမြီရပ်ဆိုင်းရေးကို ရွှေ့ဆိုင်းရန် တောင်းဆိုခဲ့ကြသည်။ ဂျီ - ၂၀ အဖွဲ့က အဆိုပါကြွေးမြီရပ်ဆိုင်းရေးကို သင့်လျော်သောအချိန်ကာလအထိ တိုးချဲ့ရန် သဘောတူခဲ့ကြသည်။

**အင်န်အိတ်ချ်ကေ**




ဂျီ-၂၀ အစည်းအဝေးကျင်းပနေသည်ကို တွေ့ရစဉ်။

# တိုကျိုအိုလံပစ် အစီအစဉ်သစ်ကို ပွဲစီစဉ်သူများ ကြေညာ

**တိုကျို ဇူလိုင် ၁၉**

ကိုဗစ်- ၁၉ ကပ်ရောဂါကြောင့် လာမည့်နှစ်အထိ ရွှေ့ဆိုင်းထားသည့် တိုကျိုအိုလံပစ်အားကစားပြိုင်ပွဲများ၏ အချိန်ဇယားသစ်ကို ပွဲစီစဉ်သူများသို့ ထုတ်ဖော်ကြေညာလိုက်ကြောင်း သိရသည်။

အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီက လွန်ခဲ့သောရက်က ပြုလုပ်ခဲ့သော ဗီဒီယိုအစည်းအဝေးတစ်ခုတွင် တိုကျိုအိုလံပစ်ကျင်းပရေးကော်မတီ၏ အကြီးအကဲ မစ္စတာ မိုရီယိုရှီရိုက ကြေညာခဲ့သည်။

အိုလံပစ်ပွဲစဉ်များကို ယခုနှစ်အတွက် မူလစီစဉ်ထားသည်ထက် တစ်ရက်စောပြီး ဇူလိုင် ၂၃ ရက်ကစ၍ ၁၇ ရက်ကြာ ကျင်းပမည်ဖြစ်ကြောင်း မိုရီက ပြောကြားလိုက်သည်။

ကမ္ဘာတစ်ဝန်းမှ အားကစားသမားများသည် အားကစားနည်း ၃၃ ခု၏ ပွဲစဉ်ပေါင်း ၃၃၉ ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

စီစဉ်သူများသည် ရွှေ့ဆိုင်းထားသည့် ကစားပွဲများအတွက် ရည်ရွယ်ထားသည့် အားကစားပွဲနေရာများ၊ အားကစားသမားများ တည်းခိုမည့် အားကစားကျေးရွာနှင့် အခြားအဆောက်အအုံများအားလုံးကို အသုံးပြုနိုင်ရန် စီစဉ်မည်ဖြစ်ကြောင်း၊ မူလစီစဉ်ထားသည့်အတိုင်း တစ်ထပ်တည်းကျသည့် ပြိုင်ပွဲအစီအစဉ်သစ်အဖြစ် တတ်နိုင်သလောက် ပြုလုပ်မည်ဖြစ်ကြောင်း ပြောကြားထားသည်။

**အင်န်အိတ်ချ်ကေ**

# အာရှအခြေခံအဆောက်အအုံရင်းနှီးမြှုပ်နှံမှုဘဏ်က ဗီယက်နမ်နိုင်ငံကို စီးပွားရေးနာလန်ထူရန် ချေးငွေအမေရိကန်ဒေါ်လာ သန်း ၁၀၀ ခွင့်ပြု

**ဟန္တိုင်း ဇူလိုင် ၁၉**

အာရှအခြေခံအဆောက်အအုံ ရင်းနှီးမြှုပ်နှံမှုဘဏ် ဒါရိုက်တာအဖွဲ့က ဗီယက်နမ်နိုင်ငံတွင် ဖြစ်ပွားခဲ့သော ကိုဗစ်- ၁၉ ကပ်ရောဂါကြောင့် စီးပွားရေးထိခိုက်နစ်နာမှုများကို ကူညီရန် စီးပွားရေးဘဏ်တစ်ခုအား ချေးငွေ အမေရိကန်ဒေါ်လာ သန်း ၁၀၀ ခွင့်ပြုပေးကြောင်း သိရသည်။

အဆိုပါချေးငွေသည် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအပါအဝင် ပုဂ္ဂလိကကဏ္ဍအား ဘဏ်မှချေးငွေတိုးချဲ့ပေးနိုင်ရန် ဗီယက်နမ်နိုင်ငံ၏ ဘဏ်ကို အာရှအခြေခံအဆောက်အအုံ ရင်းနှီးမြှုပ်နှံမှုဘဏ်က ချေးငွေပေးအပ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ ချေးငွေသည် ဗီယက်နမ်နိုင်ငံတွင် ပထမဆုံးငွေကြေးထောက်ပံ့သည့် စီမံကိန်းဖြစ်သည်။

အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများသည် စီးပွားရေး၏ ကျောရိုးများဖြစ်ကြောင်း၊ ဗီယက်နမ်နိုင်ငံတွင် စီးပွားရေးပြန်လည်နာလန်ထူနိုင်ရန် တစ်စိတ်တစ်ပိုင်းအဖြစ် အခုလို ကူညီခြင်းဖြစ်ကြောင်း အာရှအခြေခံအဆောက်အအုံ ရင်းနှီးမြှုပ်နှံမှုဘဏ် ဒုတိယဥက္ကဋ္ဌ ဒီဂျေပန်တီယန်က ပြောသည်။

**ဆင်ဟွာ**

# လစ်ဗျားနိုင်ငံအပေါ် လက်နက်ကုန်သွယ်ခွင့်ပိတ်ပင်ထားမှုကို ချိုးဖောက်လျှင် ပြင်သစ်၊ ဂျာမနီနှင့် အီတလီတို့က ပိတ်ဆို့မှုများပြုလုပ်မည်

ပါရီ ဇူလိုင် ၁၉

လစ်ဗျားနိုင်ငံအပေါ် ကုလသမဂ္ဂက ချမှတ်ထားသည့် လက်နက်ကုန်သွယ်ခွင့်ပိတ်ပင်မှုကို ချိုးဖျက်လျှင် အရေးယူ ပိတ်ဆို့မှုများ လုပ်ဆောင်မည်ဖြစ်ကြောင်း ပြင်သစ်၊ ဂျာမနီနှင့် အီတလီနိုင်ငံများက ဇူလိုင် ၁၈ ရက်တွင် ပြောကြားလိုက်သည်။

လစ်ဗျားနိုင်ငံရှိ ပဋိပက္ခအတွင်းပါဝင်သည့် အဖွဲ့အစည်းများအားလုံးက အပစ်အခတ်ရပ်စဲကြရန်နှင့် လစ်ဗျားအရေးတွင် ပြည်ပမှ ဝင်ရောက်စွက်ဖက်နေမှုများကို အဆုံးသတ်ကြရန် ယင်းနိုင်ငံများက သတိပေးခဲ့သည်။ ပြင်သစ်သမ္မတ အီမန်နျူရယ်မက်ခရွန်၊ ဂျာမနီဝန်ကြီးချုပ် အန်ဂျလာမာကယ်နှင့် အီတလီဝန်ကြီးချုပ်ဂူဆက်ပီ ကွန်တီတို့၏ပူးတွဲထုတ်ပြန်ချက်၌ လစ်ဗျားရှိ သက်ဆိုင်ရာအဖွဲ့အစည်းများအားလုံးနှင့် ၎င်းတို့ကို ထောက်ခံအားပေးနေသည့် ပြည်ပမှအဖွဲ့အစည်းများ အနေဖြင့် အမြန်ဆုံးအပစ်အခတ်ရပ်စဲကြရန်နှင့် လစ်ဗျားနိုင်ငံတစ်ဝန်းတွင် စစ်ရေးတင်းမာနေမှုများကို အဆုံးသတ်ရန် တိုက်တွန်းထားသည်။

ထို့ပြင် အကယ်၍ ကုလသမဂ္ဂက လစ်ဗျားနိုင်ငံအပေါ် ချမှတ်ထားသည့် ပင်လယ်နှင့် ကုန်းမြေပေါ်တွင် လက်နက်ကုန်သွယ်ဝယ်ခွင့်ပိတ်ပင်ထားမှုကို ချိုးဖျက်ခဲ့လျှင် ပြင်သစ်၊ ဂျာမနီနှင့် အီတလီနိုင်ငံများက အရေးယူ ပိတ်ဆို့မှုများပြုလုပ်ရန် ထည့်သွင်းစဉ်းစားရလိမ့်မည် ဖြစ်ကြောင်း သတိပေးခဲ့သည်။ ယခုကဲ့သို့ အရေးကြီးသည့် အချိန်ကာလမျိုးတွင် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ အနေဖြင့် တင်းမာမှုများ လျှော့ချနိုင်ရန် ဘက်ပေါင်းစုံမှ ကြိုးစားသင့်ကြောင်း ကျွန်ုပ်တို့က တိုက်တွန်းလိုသည်ဟု သုံးနိုင်ငံပူးတွဲထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဆင်ဟွာ



ဂျာမနီဝန်ကြီးချုပ် အန်ဂျလာမာကယ်နှင့် ပြင်သစ်သမ္မတ မက်ခရွန်တို့ ဆွေးနွေးနေစဉ်။

# တရုတ်နိုင်ငံ အနောက်တောင်ပိုင်းတွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ၁၁ ဦးသေဆုံး

ချုံကင်း ဇူလိုင် ၁၉

တရုတ်နိုင်ငံ အနောက်တောင်ပိုင်းတွင် နောက်တစ်ကျော့ ထပ်မံဖြစ်ပွားသည့် မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် လူ ၁၁ ဦး သေဆုံးပြီး ဒေသခံပြည်သူ ၂၁၅၀၀ ကို ရေဘေးလွတ်ရာသို့ ကယ်ဆယ်ရွှေ့ပြောင်းပေးခဲ့ရကြောင်း ဒေသအာဏာပိုင်များက ပြောကြားခဲ့သည်။

ပြီးခဲ့သည့် ရက်သတ္တပတ်မှ စတင်ကာ အဆက်မပြတ် မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် ခရိုင်ပေါင်း ၃၁ ခုတို့ရှိ ဒေသခံပြည်သူ ၅၅၀၀၀၀ ခန့် ရေဘေးသင့်ခဲ့ရကြောင်း ချုံကင်းမြို့ရှိ ရေလွှမ်းမိုးမှုထိန်းချုပ်ရေးနှင့် မိုးခေါင်ရေရှား ဖြစ်ပွားမှုလျှော့ပါးသက်သာစေရေး ရုံးက သတင်းထုတ်ပြန်ခဲ့သည်။ ရေကြီးမှုကြောင့် ကောက်ပဲသီးနှံစိုက်ခင်း ဟက်တာပေါင်း ၂၃၀၀၀ ခန့် ရေနစ်မြုပ်ပျက်စီးခဲ့ကာ နေအိမ်အလုံးရေ ၁၀၀ အထိ ထိခိုက်ပျက်စီးခဲ့ရကြောင်း သိရသည်။



ချုံကင်းရှိ ရေနစ်မြုပ်ခဲ့သည့် နေရာတစ်ခုတွင် ဒေသခံများနှင့် စည်ပင်ဝန်ထမ်းများ ရှင်းလင်းရေးဆောင်ရွက်နေစဉ်။

နေ့စဉ် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ယန်စီမြစ်နှင့် ဝူကျန်းမြစ်များတွင် မြစ်ရေကြီးမှုဖြစ်ပေါ်ခဲ့ သည်။ ယန်စီမြစ်၏ အဓိကမြစ်လက်တက်ဖြစ်သည့်ဝူကျန်းတစ်လျှောက် မြစ်ရေမြင့်တက်ခဲ့ကာ ဇူလိုင် ၁၈ ရက်တွင် မြစ်ရေသတိပေးချက် အဆင့်ကျော်လွန်ခဲ့ကြောင်း သိရသည်။

ချုံကင်းပြည်နယ် အရှေ့ပိုင်းရှိ မြစ်ချောင်းများတွင် ရေတက်နိုင်ဖွယ်ရှိသေးကြောင်း ခန့်မှန်းထားသည်။ ယခုနှစ်၏ ဒုတိယအကြိမ် ထပ်မံဖြစ်ပွားသည့် ယန်စီမြစ်ရေကြီးမှုသည် ဇူလိုင် ၁၈ ရက် နံနက်ပိုင်းက မြစ်ရေမြင့်တက်မှု အမြင့်ဆုံးအမှတ်သို့ရောက်ရှိခဲ့ကာ အန္တရာယ်ရှိ အမှတ်သို့ နီးကပ်လာကြောင်း သိရသည်။ ဒေသခံပြည်သူများ အနေဖြင့် ကယ်ဆယ် ရွှေ့ပြောင်းမှုအတွက် အဆင်သင့် ပြင်ဆင်ထားကြရန် သတိပေး နှိုးဆော်ထားကြောင်း ချုံကင်းမြို့ အရေးပေါ်အခြေအနေစီမံခန့်ခွဲမှု ဒါရိုက်တာ ကျာအိုကျာပင်က ပြောကြားခဲ့သည်။

ဆင်ဟွာ

## ဘင်္ဂလားဒေ့ရှ်၌ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုနှင့် သေဆုံးမှု ဆက်လက်မြင့်တက်

ဒါကာ ဇူလိုင် ၁၉

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ဇူလိုင် ၁၉ ရက်တွင် ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူ အရေအတွက်၂၄၅၉ ဦးအထိ ရှိခဲ့ပြီး ရောဂါကူးစက်မှုကြောင့် ၃၇ ဦး ထပ်မံသေဆုံးခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဖော်ပြခဲ့သည်။

**သေဆုံးသူအရေအတွက် ၂၆၁၈ ဦးရှိ**

ယခုအခါ တစ်နိုင်ငံလုံး ရောဂါကူးစက်ဖြစ်ပွားသူ အရေအတွက် စုစုပေါင်း ၂၀၄၅၂၅ ဦးရှိပြီး သေဆုံးသူ အရေအတွက် ၂၆၁၈ ဦးရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာန အကြီးတန်းအရာရှိ နာဆီမာ စူလ်တန်နာက ဇူလိုင် ၁၉ ရက်ညနေပိုင်းတွင် ပြုလုပ်ခဲ့သည့် သတင်းစာရှင်းလင်းပွဲ၌ ပြောကြားခဲ့သည်။

**ဗိုင်းရပ်စ်စစ်ဆေးမှုပေါင်း ၁၀၆၂၅ ခု အထိ ဆောင်ရွက်**

အာဏာပိုင်များ၏ဖော်ပြချက်အရ ဘင်္ဂလားဒေ့ရှ်နိုင်ငံတစ်ဝန်းရှိ ဓာတ်ခွဲခန်းများတွင် ပြီးခဲ့သည့် ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ဗိုင်းရပ်စ်စစ်ဆေးမှုပေါင်း ၁၀၆၂၅ ခု အထိ ဆောင်ရွက်ထားကြောင်း သိရသည်။ တစ်နိုင်ငံလုံးတွင် ရောဂါကူးစက်မှုကြောင့် သေဆုံးသူ အရေအတွက်သည် ၁ ဒသမ ၂၈ ရာခိုင်နှုန်းဖြစ်ပြီး လက်ရှိပြန်ကောင်းလာသူ အရေအတွက် ၅၄ ဒသမ ၅၉ ရာခိုင်နှုန်းဖြစ်ကြောင်း သိရသည်။

ဘင်္ဂလားဒေ့ရှ် နိုင်ငံတစ်ဝန်း ကိုဗစ် - ၁၉ ကူးစက်ခံရပြီးနောက် ပြန်ကောင်းလာသူ အရေအတွက် စုစုပေါင်းမှာ ယခုအခါ ၁၁၁၆၄၄ ဦးအထိ ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာန အကြီးတန်းအရာရှိ နာဆီမာစူလ်တန်နာက ပြောကြားခဲ့သည်။

အေအက်ဖ်ပီ

# ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံအကြား တင်ပို့ကုန်ထိန်းချုပ်မှုဆိုင်ရာ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဖွဲ့စည်းဖွယ်ရှိ

ဆိုးလ် ဇူလိုင် ၁၉

တောင်ကိုရီးယားနိုင်ငံအပေါ် ဂျပန်နိုင်ငံက စက်မှုလုပ်ငန်းဆိုင်ရာ ကုန်ကြမ်းပစ္စည်းတင်ပို့မှု တင်းကျပ်ထားသည့်ကိစ္စနှင့်ပတ်သက်၍ အငြင်းပွားမှုဖြေရှင်းရေး အဖွဲ့တစ်ဖွဲ့ဖွဲ့စည်းပေးရန် တောင်ကိုရီးယားနိုင်ငံက ကမ္ဘာ့ကုန်သွယ်ရေး အဖွဲ့အစည်း (WTO) သို့ တောင်းဆိုခဲ့ကြောင်း သိရသည်။

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ကြီးက ယင်းတောင်းဆိုချက်ကို အတည်ပြုဖွယ်ရှိကြောင်း မီဒီယာများကဖော်ပြသည်။ ပြီးခဲ့သည့်နှစ်အတွင်း တောင်ကိုရီးယားနိုင်ငံက တင်ပို့သည့် တစ်ပိုင်းလျှပ်ကူးပစ္စည်းကဲ့သို့ နည်းပညာဆိုင်ရာ အဆင့်မြင့်ထုတ်ကုန်သုံးမျိုးကို ဂျပန်က တင်ပို့ကုန်ဆိုင်ရာ ထိန်းချုပ်မှုပြုလုပ်ခဲ့သည်။ ဂျပန်၏ ယင်းလုပ်ဆောင်ချက်ကို တောင်ကိုရီးယားနိုင်ငံက နိုင်ငံတကာ ကုန်သွယ်ရေးဥပဒေကို ချိုးဖောက်ခြင်းဖြစ်ကြောင်း ပြောကြားခဲ့ပြီး ယင်းကိစ္စနှင့်ပတ်သက်၍ အငြင်းပွားမှုဖြေရှင်းရေး အဖွဲ့တစ်ဖွဲ့ဖွဲ့စည်းပေးရန် ပြီးခဲ့သည့်ဇွန်လက တောင်းဆိုခဲ့ကြောင်း သိရသည်။

ယင်းကိစ္စကို ကမ္ဘာ့ကုန်သွယ်ရေး အဖွဲ့ကြီးက ဆွေးနွေးခဲ့သော်လည်း ဂျပန်နိုင်ငံက လုံခြုံရေးဆိုင်ရာ ပြဿနာမရှိက တင်ပို့ရောင်းချနိုင်ကြောင်း ပြောကြားကာ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဖွဲ့စည်းရန် ကန့်ကွက်ခဲ့ကြောင်း သိရသည်။

ယခုအခါ ယင်းကိစ္စအပေါ် တောင်ကိုရီးယားနိုင်ငံ၏ ဒုတိယအကြိမ်တောင်းဆိုမှုကို လာမည့် ဇူလိုင် ၂၉ ရက်တွင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်များက ထောက်ခံအတည်ပြုနိုင်ဖွယ်ရှိသည်ဟု ခန့်မှန်းထားကြကြောင်း သိရသည်။

အဖွဲ့၏စည်းမျဉ်းအရ ယင်းတောင်းဆိုချက်ကို ဒုတိယအကြိမ်၌ အဖွဲ့ဝင်များအားလုံးက ကန့်ကွက်ခြင်း မရှိခဲ့လျှင် အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဖွဲ့စည်းခွင့်ရှိမည်ဖြစ်ကြောင်း သိရသည်။

အင်န်အိတ်ချ်ကေ



# ကိုဗစ်ကာလမှာ ကျရိုပ်ပြနေတဲ့ စင်ကာပူရဲ့စီးပွားရေး

**ထွန်းသစ်စ**

ကိုရိုနာဗိုင်းရပ်စ်ဟာ အရှေ့တောင်အာရှရဲ့ စီးပွားရေးနိုင်ငံတစ်နိုင်ငံဖြစ်တဲ့ စင်ကာပူနိုင်ငံကို ဆယ်စုနှစ်ကျော်ကာလအတွင်း ပထမဆုံးအကြိမ် စီးပွားရေးကျဆင်းမှု ဖြစ်စေခဲ့သလို စင်ကာပူနိုင်ငံရဲ့ စီးပွားရေးဟာ ဒုတိယသုံးလပတ်ကာလမှာ ၄၀ ရာခိုင်နှုန်းကျော် ကျဆင်းလာခဲ့ပါတယ်။

သုံးလပတ်ကာလ တစ်ခုပြီးတစ်ခု ၄၁ ဒသမ ၂ ရာခိုင်နှုန်း ကျဆင်းလာမှုဟာ စီးပွားရေး အဆိုးရွားဆုံးကျဆင်းလာခဲ့တာပဲ ဖြစ်ပါတယ်။ ဒါဟာ ကမ္ဘာ့ကုန်သွယ်ရေးရဲ့ အပြောင်းအလဲကို ပြသလိုက်ခြင်းပဲဖြစ်သလို ကမ္ဘာ့ကုန်သွယ်ရေးကို အဆုံးအဖြတ်ပေးလိုက်တာပဲ ဖြစ်ပါတယ်။

### ပထမဆုံးအကြိမ်စီးပွားရေးကျဆင်းလာ

ကုန်သွယ်ရေးဝန်ကြီးဌာနရဲ့ ထုတ်ပြန်လိုက်တဲ့ အစောပိုင်း အချက်အလက်တွေအရ စီးပွားရေးဟာ ဧပြီလမှ ဇွန်လအထိ ၁၂ ဒသမ ၆ ရာခိုင်နှုန်း ကျဆင်းခဲ့ပါတယ်။ ဒါဟာ သုံးလပတ်ကာလ နှစ်ခုဆက်တိုက် စီးပွားရေး ကျလာခြင်းပဲဖြစ်ပါတယ်။ ဆိုလိုတာကတော့ စင်ကာပူနိုင်ငံဟာ ၂၀၀၉ ခုနှစ်ကစပြီး ပထမဆုံးအကြိမ် စီးပွားရေးကျဆင်းမှု ဖြစ်ပေါ်လာတယ်ဆိုတဲ့ သဘောပါပဲ။

ကိုရိုနာဗိုင်းရပ်စ် ဖြစ်ပွားနေချိန်မှာ နိုင်ငံအတော်များများ အသွားအလာကန့်သတ်ပိတ်ဆို့မှုတွေ လုပ်လိုက်တဲ့အချိန်မှာ ကုန်သွယ်ရေးအပေါ် မှီခိုနေရတဲ့ စင်ကာပူဟာ သူ့ရဲ့ စီးပွားရေးဆိုင်ရာ တိုးတက်မှုတွေကို ဖော်ပြခဲ့ပါတယ်။ ဒါဟာ ဗိုင်းရပ်စ်ကြောင့် ကမ္ဘာ့စီးပွားရေး ကျဆင်းလာတဲ့ ဆိုးရွားတဲ့လက္ခဏာကို ဖော်ပြလိုက်သလိုပါပဲ။

မျှော်မှန်းထားတာထက် ပိုဆိုးတဲ့ ကိန်းဂဏန်းတွေဟာ ကုန်သွယ်ရေးအပေါ် မှီခိုနေရတဲ့ တခြားအာဆီယံစီးပွားရေးတွေကိုလည်း ဆိုးရွားမှုတွေနဲ့ ကြုံတွေ့နိုင်တယ်ဆိုတဲ့အကြောင်း အချက်ပေးခေါင်းလောင်း ထိုးလိုက်သလိုပါပဲ။ အာဆီယံဒေသတွင်းကို ဆိုးရွားတဲ့ စီးပွားရေးလှိုင်းဂယက် မပျံ့နှံ့ခင်မှာ စင်ကာပူဟာ ပထမဆုံးအကြိမ် ဒီလှိုင်းဂယက်ကို ကြုံတွေ့ခဲ့ပါတယ်။

### အဆိုးရွားဆုံး စီးပွားရေးကျဆင်းမှု

ဒါဟာ စင်ကာပူရဲ့ ၅၅ နှစ်တာ သမိုင်းမှာ အဆိုးရွားဆုံး စီးပွားရေးကျဆင်းမှုပဲဖြစ်တယ်လို့ စီအိုင်အမ်ဘီ ပုဂ္ဂလိကဘဏ်ရဲ့ စီးပွားရေးပညာရှင်တစ်ဦးဖြစ်တဲ့ ဆောင်ဆန်ဝမ်က ပြောပါတယ်။ သို့သော်လည်းပဲ ကုန်သွယ်ရေးနဲ့ ဝန်ဆောင်မှုတွေအပေါ် မှီခိုအားထားနေရတဲ့ စင်ကာပူလို နိုင်ငံအတွက်ကတော့ ဒါဟာ အံ့ဩစရာမကောင်းဘူးလို့ သူက ဆက်ပြောလိုက်ပါတယ်။

ကုန်သွယ်ရေးဝန်ကြီးဌာနကတော့ ဒီလို ကြီးမားတဲ့ စီးပွားရေးကျဆင်းမှု ဖြစ်ပေါ်လာတာဟာ ဧပြီလ အစောပိုင်းကနေ ဇွန်လ အစောပိုင်းအထိ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်တဲ့ ဆောင်ရွက်ချက်တွေရဲ့ အကျိုးသက်ရောက်မှုတစ်ခုပဲလို့ ပြောဆိုလိုက်ပါတယ်။ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်တဲ့အနေနဲ့



**"မျှော်မှန်းထားတာထက် ပိုဆိုးတဲ့ ကိန်းဂဏန်းတွေဟာ ကုန်သွယ်ရေးအပေါ် မှီခိုနေရတဲ့ တခြားအာဆီယံစီးပွားရေးတွေကိုလည်း ဆိုးရွားမှုတွေနဲ့ ကြုံတွေ့နိုင်တယ်ဆိုတဲ့အကြောင်း အချက်ပေးခေါင်းလောင်း ထိုးလိုက်သလိုပါပဲ။ အာဆီယံဒေသတွင်းကို ဆိုးရွားတဲ့ စီးပွားရေး လှိုင်းဂယက်မပျံ့နှံ့ခင်မှာ စင်ကာပူဟာ ပထမဆုံးအကြိမ် ဒီလှိုင်းဂယက်ကို ကြုံတွေ့ခဲ့ပါတယ်"**

ကန့်သတ်ပိတ်ဆို့မှုတွေ အတော်များများ ပြုလုပ်ခဲ့တာကြောင့် စီးပွားရေးလုပ်ငန်းအများစု လဲပြိုခဲ့ပါတယ်။

တခြားနိုင်ငံတွေက တင်းကျပ်တဲ့ အသွားအလာပိတ်ဆို့ ကန့်သတ်မှုတွေကို ပြုလုပ်ခဲ့တာကြောင့် ပြင်ပဝယ်လိုအားတွေလည်း ကျဆင်းခဲ့ပါတယ်။ ကုန်သွယ်ရေးဌာနက အခုလို စာရင်းထုတ်ပြန်လိုက်ပြီးတဲ့နောက်မှာ စင်ကာပူနိုင်ငံရဲ့ ရှယ်ယာဈေးကွက်လည်း အနည်းငယ် ကျဆင်းသွားခဲ့ပါတယ်။ ဒါပေမယ့် နေ့လယ်ပိုင်းမှာတော့ အနည်းငယ် ပြောင်းလဲလာခဲ့ပါတယ်။

### ကဏ္ဍအလိုက်စီးပွားရေးကျဆင်းမှုတွေဖြစ်ပေါ်

ဆောက်လုပ်ရေးကဏ္ဍမှာလည်း တစ်လပြီးတစ်လ စီးပွားရေးကျဆင်းမှုဟာ ၅၄ ဒသမ ၇ ရာခိုင်နှုန်း ဖြစ်ခဲ့ပါတယ်။ ဒါဟာ အရင်နှစ် သုံးလပတ်မှာ ဖြစ်ခဲ့တဲ့ ၉၅ ဒသမ ၆ ရာခိုင်နှုန်းနဲ့ နှိုင်းယှဉ်လိုက်ရင်တော့ စီးပွားရေး အတော်လေး ကျဆင်းလာခဲ့တဲ့သဘော ဖြစ်ပါတယ်။

ခရီးသွားကဏ္ဍနဲ့ဆက်စပ်တဲ့ စီးပွားရေးလုပ်ငန်းတွေနဲ့ လေဆိပ်လုပ်ငန်းတွေအပါအဝင် စင်ကာပူရဲ့ ဝန်ဆောင်မှု လုပ်ငန်းတွေမှာလည်း ၁၃ ဒသမ ၆ ရာခိုင်နှုန်း စီးပွားရေးကျဆင်းမှု ဖြစ်ပေါ်ခဲ့ပါတယ်။ သို့သော်လည်း ကုန်ထုတ်လုပ်မှုအပိုင်းမှာတော့ လွန်ခဲ့တဲ့နှစ် အလားတူကာလထက် ၂ ဒသမ ၅ ရာခိုင်နှုန်း တိုးလာပါတယ်။ ဒါဟာလည်း ဇီဝ ဆေးဘက်ဆိုင်ရာထုတ်လုပ်မှုကဏ္ဍ တိုးတက်လာလို့ပဲ ဖြစ်ပါတယ်။

စင်ကာပူနိုင်ငံမှာ ကိုရိုနာဗိုင်းရပ်စ်နဲ့ ပတ်သက်ပြီး တင်းကျပ်တဲ့စစ်ဆေးမှုတွေနဲ့ ခြေရာခံမှုတွေ လုပ်ဆောင်လျက်ရှိပါတယ်။ အဆိုးဆုံးတစ်ခုကတော့ လုပ်ခလစာနည်းပါးတဲ့ ရွှေ့ပြောင်းအလုပ်သမားတွေ နေထိုင်ရာ အဆောင်တွေမှာ ကူးစက်ပျံ့နှံ့မှု ဖြစ်ပွားလာပါက မထိန်းချုပ်နိုင်လာမှာကိုပဲ ဖြစ်ပါတယ်။ စင်ကာပူနိုင်ငံမှာ လတ်တလော ကိုရိုနာဗိုင်းရပ်စ် အတည်ပြုလူနာပေါင်း ၄၆၀၀၀ ရှိပြီး သူတို့ထဲက ၂၆ ဦးကတော့ သေဆုံးခဲ့ပါပြီ။

ကာလရှည် အုပ်ချုပ်နေတဲ့ ပြည်သူ့တက်ကြွလှုပ်ရှားမှုပါတီဟာ လွန်ခဲ့တဲ့သီတင်းပတ်ကလုပ်ခဲ့တဲ့ အထွေထွေ ရွေးကောက်ပွဲမှာ အနည်းငယ် ချွတ်ချော်မှုဖြစ်ခဲ့သော်လည်း အနိုင်ဆက်လက်ရရှိထားပါတယ်။ သို့သော်လည်း သူ့ကို ထောက်ခံထားတဲ့ မဲဆန္ဒရှင်တွေကတော့ ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပွားနေစဉ်အတွင်းမှာ အလုပ်အကိုင်လုံခြုံစိတ်ချရေးနဲ့ စီးပွားရေး လုံခြုံစိတ်ချရေးတို့ကို စိုးရိမ်ပူပန်လျက်ရှိပါတယ်။

စင်ကာပူအစိုးရဟာ ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါဖြစ်ပွားနေတဲ့ ဒီလိုအခြေအနေမှာ စီးပွားရေးနာလန်ထူအောင် လုပ်ဆောင်ဖို့နဲ့ ပြည်သူတွေကို ထောက်ပံ့ပေးဖို့ စင်ကာပူဒေါ်လာ ဘီလီယံ ၁၀၀ (အမေရိကန်ဒေါ်လာ ၇၂ ဘီလီယံ)ရှိတဲ့ ကယ်ဆယ်ရေးအစီအစဉ်တစ်ခုကို ကြေညာခဲ့ပါတယ်။ သို့သော်လည်း စာရင်းဇယား အားနည်းချက်ရှိတာကြောင့် ခေါင်းဆောင်တွေအပေါ် တာဝန်ပိုပိစေပါတယ်။

မကြာသေးမီကပြုလုပ်ခဲ့တဲ့ ရွေးကောက်ပွဲ လှုပ်ရှားမှုတွေဟာ အလုပ်အကိုင်ရရှိရေးကို ဦးစားပေးခဲ့ပါတယ်။ အကယ်၍ ပြည်တွင်းအလုပ်သမားဈေးကွက်ဟာ ဆက်လက်လျော့ကျနေဦးမယ်ဆိုရင် အလုပ်အကိုင်ရရှိရေးကို ဦးစားပေးတဲ့ တချို့ ရသုံးမှန်းခြေငွေစာရင်းနှင့် သက်ဆိုင်တဲ့ ဆောင်ရွက်ချက်တွေကို ထပ်တိုးလုပ်ဆောင်ရမှာ ဖြစ်ပါတယ်။

### အဓိကအကန့်အသတ်ကြီးလိုဖြစ်ခဲ့

အိုင်အိတ်ချ်အက်စ်ရဲ့ အာရှပစိဖိတ် စီးပွားရေးပညာရှင်တစ်ဦးဖြစ်တဲ့ ရာဂျစ် ဘက်စ်ဝက်စ်က နိုင်ငံတကာ ခရီးသွားလာမှု တားမြစ်ချက်တွေကြောင့် စီးပွားဖြစ်လေကြောင်းလိုင်းတွေနဲ့ ငွေကြေးဝန်ဆောင်မှုတွေရဲ့ အခန်းကဏ္ဍမှာ ပါဝင်နေတဲ့ စင်ကာပူနိုင်ငံရဲ့ နှစ်ဝက်စီးပွားရေး နာလန်ပြန်ထလာအောင် လုပ်ဆောင်မှုမှာ အဓိကအကန့်အသတ်ကြီးလို ဖြစ်ခဲ့ပါတယ်လို့ ပြောခဲ့ပါတယ်။

### ပြန်လည်ဦးမော့လာမယ်

ဥရောပမှာ လန်ဒန်၊ ဖရန့်ဖတ်နဲ့ ပါရီတို့လို မြို့ကြီးတွေက စီးပွားရေးပြိုင်ဆိုင်မှုတွေ ပြုလုပ်တဲ့အနေနဲ့ ဥရောပ တစ်ဝန်း နိုင်ငံတကာ ခရီးသွားလာမှုတွေကို ပြန်လည် ဖွင့်လှစ်လိုက်ပါတယ်။ အလားတူ တောင်ကိုရီးယားနဲ့ ဂျပန်လို နိုင်ငံတွေကလည်း နိုင်ငံတကာ ခရီးသွားလာမှု တွေကို ဖွင့်လှစ်လိုက်ပါတယ်။ သို့သော်လည်း ကိုရိုနာဗိုင်းရပ်စ်ကာလမှာ ကန့်သတ်ပိတ်ဆို့မှုတွေနဲ့ ကြုံတွေ့ခဲ့ရတဲ့အတွက် စင်ကာပူရဲ့ စီးပွားရေးကတော့ ပြန်ကောင်းလာဖို့ အချိန်အတိုင်းအတာတစ်ခု လိုပါသေးတယ်။

နောက်ပိုင်းမှာ စင်ကာပူနိုင်ငံဟာ သူ့ရဲ့ ကန့်သတ်ပိတ်ဆို့မှုတွေကို တစ်ပိုင်းတစ်စ ပြန်လည်ဖွင့်လှစ်လာနိုင်တာနဲ့အညီ ဒုတိယနှစ်ဝက်စီးပွားရေး ပြန်လည် နာလန်ထထူထောင်လာရေးမှာတော့ အကျဘက်ကနေ အတက်ဘက်သို့ ပြန်လည်ဦးမော့လာမှာဖြစ်ပါတယ်။ ။

**ကိုးကား-အေအက်ဖ်ပီ**

---

**နိုင်ငံတကာသတင်းတိုထွာ**

## တိုကျိုမြို့၌ ကိုဗစ် - ၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၁၈၈ ဦး ထပ်တိုး

**တိုကျို ဇူလိုင် ၁၉**

တိုကျို၌ ဇူလိုင် ၁၉ ရက်တွင် ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူ ၁၈၈ ဦးထပ်တိုးလာကြောင်း တိုကျိုမက်ထရိုပိုလီတန် အုပ်ချုပ်ရေးအာဏာပိုင်များက သတင်းထုတ်ပြန်ခဲ့သည်။

ယင်းအရေအတွက်သည် မြို့တော်တိုကျို၌ လေးရက်အတွင်း ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူအရေအတွက် ၂၀၀ အောက်သို့ ပထမဆုံးအကြိမ် ကျဆင်းလာခြင်းဖြစ်ကြောင်း သိရသည်။ ယခုအခါ တိုကျိုတစ်မြို့လုံး ကိုဗစ်-၁၉ ကူးစက်ခံရသူ အရေအတွက်သည် ၉၄၁၁ ဦးအထိ ရှိလာပြီဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

## အိန္ဒိယနိုင်ငံ အာသံပြည်နယ်၌ ပြည်သူ ၃ ဒသမ ၉ သန်းအထိ ရေဘေးသင့်

**နယူးဒေလီ ဇူလိုင် ၁၉**

အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်း အာသံပြည်နယ်တွင် ဒေသခံပြည်သူ ၃ ဒသမ ၉ သန်းကျော်အထိ ရေလွှမ်းမိုးမှုဒဏ်ကို ထိခိုက်ခံစားနေကြရကြောင်း ဒေသအာဏာပိုင်များက ယမန်နေ့က ပြောကြားခဲ့သည်။ ပြည်နယ်အတွင်းရှိ ဒေသပေါင်း ၂၇ ခုအထိ ရေလွှမ်းမိုးမှုဖြစ်ပေါ်ခဲ့သည်။

လက်ရှိတွင် ကျေးရွာပေါင်း ၃၂၁၈ခုအထိ ရေနစ်မြုပ်လျက်ရှိပြီး သီးနှံစိုက်ခင်းဟက်တာပေါင်း ၁၃ သန်းကျော် ပျက်စီးခဲ့ကာ ကျွဲ၊ နွား တိရစ္ဆာန်ပေါင်း ၃ ဒသမ ၃ သန်းကျော်မှာလည်း ရေဘေးသင့်လျက်ရှိကြောင်း အာသံ သဘာဝဘေးစီမံခန့်ခွဲရေး အာဏာပိုင်များ၏ ပြောပြချက်အရ သိရသည်။

ဒေသအစိုးရအဖွဲ့က ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ပေးခဲ့ကာ ရေဘေးသင့် ပြည်သူ ၄၉၀၀၀ ကျော်ကို အမိုးအကာများအောက်သို့ ကယ်ဆယ်ရွှေ့ပြောင်းပေးခဲ့သည်။ ရေလွှမ်းမိုးမှုကြောင့် သေဆုံးသူအရေအတွက်သည် ယခုအခါ ၈၀ အထိရှိပြီဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

# မှန်မှန်ကန်ကန် ဆုံးဖြတ်နိုင်တဲ့ ပညာအမြော်အမြင်ရှိပါစေ



ပြောင်းသင့်တာတွေကို ပြောင်းရဲတဲ့ သတ္တိရှိပါစေ၊ မပြောင်းသင့်တာတွေကို သည်းခံနိုင်တဲ့ အင်အားရှိပါစေ၊ ဘာကို ပြောင်းသင့်တယ်၊ ဘာကို မပြောင်းသင့်ဘူးဆိုတာ မှန်မှန်ကန်ကန် ဆုံးဖြတ်နိုင်တဲ့ ပညာအမြော်အမြင် ရှိပါစေ။

ဒီဆုတောင်းကို ကျွန်မ သိပ်ကြိုက်ပါတယ်။ ဒါပေမဲ့ 'ပြောင်းသင့်'ကိုတော့'ပြောင်းနိုင်'နဲ့ တွဲပြီး စဉ်းစားရပါမယ်။ ဒီမှာ သတ္တိနဲ့ပညာ နှစ်ခုလုံး လိုပါတယ်။ နည်းနည်းခက်ခဲတာနဲ့ ရင်ဆိုင်ရရင်၊ 'မရပါဘူး'လို့ လွယ်လွယ်ဆုံးဖြတ်တာမျိုးက အောင်မြင်၊ တိုးတက်မှုလမ်းကို ပိတ်စေပါတယ်။ အခု ကျွန်မတို့ကိုင်နေတဲ့ iPad ဖုန်းကိုကြည့်ပါ။ ဒါမျိုးမဖြစ်နိုင်ပါဘူးလို့ ပြောတဲ့သူတွေက အများစုဖြစ်နေတာ ဆယ်စုနှစ် အနည်းငယ်သာ ရှိပါသေးတယ်။ ဟော၊ ခုတော့လည်း ကောင်းကောင်းကြီး ဖြစ်နေပါပြီ။

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ၄-၆-၂၀၂၀ ရက်နေ့တွင် ဖေ့စ်ဘွတ်ခ်၌ ရေးသားဖော်ပြချက်မှ ကောက်နုတ်ချက်)

## ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် ရန်ကုန်-မန္တလေးရထားလမ်းပိုင်း အဆင့်မြှင့်တင်ရေးစီမံကိန်း၊ အဆင့်(၁)ဖြစ်သည့် ရန်ကုန်-တောင်ငူ ရထားလမ်းပိုင်းအဆင့်မြှင့်တင်ရေးစီမံကိန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၁၉

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်သည် မြန်မာ့မီးရထားမှ တာဝန်ရှိသူများ၊ စီမံကိန်းတာဝန်ရှိသူများနှင့်အတူ ရန်ကုန်-မန္တလေးရထားလမ်းပိုင်း အဆင့်မြှင့်တင်ရေးစီမံကိန်း၊ အဆင့်(၁) ဖြစ်သည့် ရန်ကုန်-တောင်ငူ ရထားလမ်းပိုင်း အဆင့်မြှင့်တင်ရေးစီမံကိန်းအား ယမန်နေ့နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးသည်။ (အောက်ပုံ)



ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်-တောင်ငူ ရထားလမ်းပိုင်း အဆင့်မြှင့်တင်ရေးစီမံကိန်း၏ တောင်ငူ-ညောင်လေးပင် လမ်းပိုင်း(CP-103) စီမံကိန်း (အုတ်တွင်း) ရှင်းလင်းဆောင်တွင် စီမံကိန်းအင်ဂျင်နီယာများနှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ထားရှိမှုများ၊ ဆောင်ရွက်ရန် ကျန်ရှိသည့် အခြေအနေများအား ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းများ အချိန်မီပြီးစီးရေး၊ လုပ်ငန်းအန္တရာယ် ကင်းရှင်းရေး၊ သတ်မှတ် စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရေး၊ ကိုဗစ်-၁၉ ကာလနှင့် ရင်ဆိုင် ကြုံတွေ့နေရသော်လည်း မြန်မာ့မီးရထားမှ အရာထမ်း၊ အမှုထမ်းများနှင့် လုပ်ငန်းကန်ထရိုက်တာများအနေဖြင့် သတ်မှတ်ချက်အတိုင်း လုပ်ငန်းများ အချိန်မီပြီးစီးအောင် ကြိုးစားဆောင်ရွက်မှုအပေါ် အထူးပင် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

### ကြည့်ရှုစစ်ဆေး

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အုတ်တွင်းဘူတာမှ RBE ရထားဖြင့် ထွက်ခွာလာရာ ရထားလမ်းပိုင်းရှိ တံတားအမှတ်(၂၀၃) ဖြူးချောင်းတံတား တည်ဆောက်ရေး လုပ်ငန်းခွင်၌ ဘိုးပိုင်တူးခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအား လည်းကောင်း၊ ဖြူးဘူတာသို့ရောက်ရှိပြီး ဘူတာတည်ဆောက်ရေးလုပ်ငန်းခွင်ကို လည်းကောင်း ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား သတ်မှတ်ကာလအမီပြီးစီးရေး ဆောင်ရွက်ကြရန် မှာကြားသည်။

### လိုအပ်ချက်များ မှာကြား

ထို့မှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် RBE ရထားဖြင့် ဆက်လက်ထွက်ခွာလာရာ ကညွတ်ကွင်းနှင့် တောကျွဲအင်းဘူတာအကြားရှိ တံတားလုပ်ငန်းများ တည်ဆောက်ရေး လုပ်ငန်းခွင်၌ ဘိုးပိုင်တူးခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို လည်းကောင်း၊ မြေသားလုပ်ငန်းဆောင်ရွက်နေမှုကို လည်းကောင်း၊ သံလမ်းခင်းခြင်းလုပ်ငန်း၊ (၈)ချောင်းဆက်သံလမ်းများ လုပ်ငန်းခွင်သို့ ပို့ဆောင်နေမှုကိုလည်းကောင်း၊ ညောင်လေးပင် ဘူတာယာဒ်ဝင်းအတွင်း ကွန်ကရစ်ရေမြောင်းများ ပြုလုပ်နေမှုအား လည်းကောင်း၊ နှစ် ၁၀၀ ကျော် အဆောက်အဦ ဖြစ်သည့် ညောင်လေးပင်ဘူတာအား ရှေးမူမပျက် ပြန်လည်ပြုပြင်တည်ဆောက်နေမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပြွန်တန်ဆာဘူတာသို့ရောက်ရှိပြီး ဘူတာယာဒ်ဝင်းအတွင်း ဘူတာပလက်ဖောင်းနှင့် ကွန်ကရစ်ရေမြောင်းများ ပြုလုပ်ထားရှိမှုအား ကြည့်ရှုစစ်ဆေးပြီး ညောင်လေးပင်-ပဲခူး လမ်းပိုင်း (CP-102 )စီမံကိန်း (ပြွန်တန်ဆာ)ရှင်းလင်းဆောင်သို့ရောက်ရှိရာ စီမံကိန်းတာဝန်ခံက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားကြောင်း သိရသည်။ **သတင်းစဉ်**

## COVID – 19 Call Center အချိန် ပြောင်းလဲဖွင့်လှစ်

**နေပြည်တော် ဇူလိုင် ၁၉**

COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြင့် ဆောင်ရွက်ရန်အတွက် COVID-19 Call Center ကို ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေးအော်ပရေတာ လေးခု၊ Blue Ocean ကုမ္ပဏီတို့ပူးပေါင်း၍ COVID – 19 Call Center (ဖုန်းနံပါတ် ၂၀၁၉) အား ဧပြီ ၈ ရက်မှစ၍ နေ့စဉ် နံနက် ၈ နာရီမှ ည ၈ နာရီအထိ ရန်ကုန်မြို့၊ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသနဦးစီးဌာနမှ ဝန်ထမ်း ၄၃ ဦး၊ မြန်မာနိုင်ငံ ဆရာဝန်များအသင်းမှ စေတနာ့ဝန်ထမ်းဆရာဝန် ၁၇ ဦး စုစုပေါင်း ၆၀ ဖြင့် ဖွင့်လှစ်ထားရှိသည်။

ယခုအခါတွင် COVID – 19 Call Center ခေါ်ဆိုမှု အချိန်ကို နံနက် ၈ နာရီမှ ည ၈ နာရီအထိ **(အစား)** နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ပြောင်းလဲဖွင့်လှစ်ထားကြောင်း သိရသည်။ **သတင်းစဉ်**

## ကိုဗစ်-၁၉ စီးပွားရေးကုစားမှုအစီအစဉ်ဖြင့် မျိုးစေ့များပေးအပ်

**ပြင်ဦးလွင် ဇူလိုင် ၁၉**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ၂၀၁၉-၂၀၂၀ ခုနှစ် မြန်မာ့စိုက်ပျိုးပညာပေးရေး လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ခြင်းစီမံကိန်းအတွက် KOICA မှ ကိုဗစ်-၁၉စီးပွားရေးကုစားမှု အစီအစဉ်အရ ထောက်ပံ့ပေးအပ်သည့် ဟင်းသီးဟင်းရွက် မျိုးစေ့ထုပ်များ တောင်သူများအား ပေးအပ်ပွဲကို ယမန်နေ့က ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်မင်း၊ ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးအောင်လွင်ဦး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးသန့်စင်ထွန်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးအောင်စိုးဦးတို့က ကျေးရွာအုပ်စု ၂၁ အုပ်စုရှိ အိမ်ထောင်စု ၁၅၀၀ အတွက် ဟင်းသီးဟင်းရွက် မျိုးစေ့ထုပ်များကို တောင်သူများအား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)** **မောင်ကျော်ကြီး**



# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၁၉-၇-၂၀၂၀) ရက်နေ့၊ နံနက်(၈:၀၀)နာရီ

၁။ (၁၈-၇-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -

- အမျိုးသားကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ထပ်မံစစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၆၇၁)ခုနှင့်
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲနမူနာ (၃၁၈)ခု၊ စုစုပေါင်း(၉၈၉)ခုတွင်-
- • COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၁) ဦး တွေ့ရှိရပါသည်။

၂။ သို့ဖြစ်ရာ (၁၉-၇-၂၀၂၀)ရက်နေ့၊ နံနက် (၈:၀၀) နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၃၄၁)ဦး ရှိပြီဖြစ်ပါသည်။

၃။ (၁၈-၇-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်)(NHL) မှ ဓာတ်ခွဲနမူနာ (၁,၁၉၂) ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၁၃၇) ခု၊
- ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) မှ ဓာတ်ခွဲနမူနာ (၂၃၁) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး)မှ ဓာတ်ခွဲနမူနာ (၁၈၈) ခုနှင့်
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်)မှ ဓာတ်ခွဲနမူနာ (၃၁၈) ခု
- စုစုပေါင်း (၂,၀၆၆) ခုအား စစ်ဆေးခဲ့ပြီးဖြစ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

### COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ
### (၁၉-၇-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ

| | |
|---|---|
| (၁၈-၇-၂၀၂၀) ရက်နေ့အတွက် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ထပ်မံစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာစုစုပေါင်း | (၆၇၁) ခု |
| (၁၈-၇-၂၀၂၀) ရက်နေ့အတွက် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ စစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာပေါင်း | (၃၁၈) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၁) ဦး |

(၁၈-၇-၂၀၂၀) ရက်နေ့ ဓာတ်ခွဲစစ်ဆေးမှုများတွင် COVID-19 လူနာထပ်မံတွေ့ရှိမှု
(၁၉-၇-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ

| လူနာ အမှတ်စဉ် | အသက် | ကျား/မ | နေရပ်လိပ်စာ | COVID-19 ရောဂါ အတည်ပြုလူနာများ နှင့်ထိတွေ့မှု | ပြည်ပသို့ ခရီးသွား ရာဇဝင် ရှိ/ မရှိ | ဆေးကုသမှု ခံယူစေမည့် ဆေးရုံ | COVID-19 ဓာတ်ခွဲ အဖြေ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| 341 | ၅၄ နှစ် | မ | တွန်းဇံမြို့နယ်၊ ချင်းပြည်နယ် | မရှိ | ရှိ (အိန္ဒိယ) | ပြည်သူ့ဆေးရုံ၊ တီးတိန်မြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (တီးတိန်မြို့နယ်) |

### COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်
### (၁၉-၇-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၁) ဦး | (၃၄၁) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၀) ဦး | (၂၇၃) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၁၉-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

၁။ (၁၉-၇-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL)မှ (ပထမအသုတ်) ဓာတ်ခွဲနမူနာ(၅၅၃)ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၁၇၄) ခုနှင့်
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး)မှ ဓာတ်ခွဲနမူနာ (၁၈၈) ခု၊
  စုစုပေါင်း (၉၁၅)ခု အား ယနေ့၊ ညနေတွင် စစ်ဆေးပြီးစီးခဲ့ရာ -
- • COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် မတွေ့ရှိရပါ။

၂။ (၁၉-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါဓာတ်ခွဲအတည်ပြုလူနာ (၃၄၁) ဦးရှိပါသည်။

၃။ ဓာတ်ခွဲအတည်ပြုလူနာဟောင်း (old confirmed case)များ၏ ဓာတ်ခွဲနမူနာစစ်ဆေးမှုတွင် (၂)ကြိမ် ဆက်တိုက် ပိုးမတွေ့ရှိသူ (၃) ဦး (Case- 204, 220, 236) တွေ့ရှိရသဖြင့် စုစုပေါင်း(၂၇၆) ဦးရှိပါသည်။ ၎င်းတို့အနက် (၂၆၂)ဦးအား ဆေးရုံမှဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာဆက်လက် ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆)ဦး ရှိပါသည်။

၅။ (၁၈-၇-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၁၉-၇-၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၂၉) ဦး ရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

### COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်
### (၁၉-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| | |
|---|---|
| (၁၉-၇-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၅၅၃) ခု |
| (၁၉-၇-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာနမှ စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၇၄) ခု |
| (၁၉-၇-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၈၈) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) | (၀) ဦး |

### COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်
### (၁၉-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၀) ဦး | (၃၄၁) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၃) ဦး | (၂၇၆) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

❑ *ကျော့ဖုံးမှ*

လေယာဉ်ပြေးဆွဲလျက် ပြန်လည်ခေါ်ဆောင်နိုင်ရေးအတွက် မြန်မာသံရုံး၊ တဲလ်အဗီးမြို့မှ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ရာ ယနေ့ နံနက် ၄ နာရီ ၄၅ မိနစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။

ဖော်ပြပါ မြန်မာနိုင်ငံသားများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစိစစ်ရေးနှင့် ၂၁ ရက်တာ အသွားအလာကန့်သတ်နေထိုင်ရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍လည်း ဂျော်ဒန်နိုင်ငံတွင် ရောက်ရှိနေပြီး မြန်မာနိုင်ငံသို့ပြန်ရန် အခက်အခဲကြုံတွေ့နေရသည့် မြန်မာ အလုပ်သမားများအား ဒုတိယအကြိမ်အဖြစ် ၂၀၂၀ ပြည့်နှစ် ဇူလိုင်လ စတုတ္ထအပတ်အတွင်း ပြန်လည်ခေါ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကိုဗစ် - ၁၉ ရောဂါပိုးရှိသူ တစ်ဦး ထပ်မံတွေ့ရှိ စုစုပေါင်း ၃၄၁ ဦး ရှိသွားပြီ

နေပြည်တော် ဇူလိုင် ၁၉

ယနေ့တွင် ကိုဗစ် – ၁၉ ရောဂါပိုးရှိသူ တစ်ဦး ထပ်မံတွေ့ရှိသဖြင့် ရောဂါပိုးရှိသူ စုစုပေါင်းဦးရေ ၃၄၁ ဦး ရှိပြီဖြစ်ကြောင်း၊ ပိုးတွေ့ရှိသူတစ်ဦးမှာ အိန္ဒိယနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူဖြစ်ကြောင်း၊ ရောဂါပိုးတွေ့ရှိသူ ၃၄၁ ဦးအနက် သေဆုံးသူ ခြောက်ဦး၊ ပိုးမတွေ့ရှိတော့သူ စုစုပေါင်း ၂၇၆ ဦးရှိပြီး ဆေးရုံမှ ဆင်းခွင့်ပြုခဲ့သူ ၂၆၂ ဦးရှိကြောင်းနှင့် ဇူလိုင် ၁၈ ရက် မွန်းတည့် ၁၂ နာရီမှ ဇူလိုင် ၁၉ ရက် မွန်းတည့် ၁၂ နာရီအတွင်း စောင့်ကြည့်လူနာအသစ် ၂၉ ဦးရှိကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များအရ သိရှိရသည်။

သတင်းစဉ်

## မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၁၀၂၄၉၉ | ၃၄၁ |

| ရောဂါပိုးကင်းစင်လာသူ | သေဆုံးသူ |
|---|---|
| ၂၇၆ | ၆ |

စောင့်ကြည့်လူနာ စုစုပေါင်း – ၆၅၁၁

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ – ၂၆၂ ဦး ( အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ )

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဖော်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၂၆၃ | ၅ |
| ၂ | ရခိုင် | ၁၅ | |
| ၃ | ချင်း | ၁၂ | |
| ၄ | စစ်ကိုင်း | ၉ | |
| ၅ | ပဲခူး | ၉ | ၁ |
| ၆ | မွန် | ၆ | |
| ၇ | ရှမ်း(တောင်) | ၄ | |
| ၈ | မန္တလေး | ၄ | |
| ၉ | ရှမ်း(ရှေ့) | ၃ | |
| ၁၀ | ရှမ်း(မြောက်) | ၃ | |
| ၁၁ | မကွေး | ၃ | |
| ၁၂ | ကရင် | ၃ | |
| ၁၃ | နေပြည်တော် | ၂ | |
| ၁၄ | ဧရာဝတီ | ၂ | |
| ၁၅ | ကချင် | ၂ | |
| ၁၆ | တနင်္သာရီ | ၁ | |
| စုစုပေါင်း | | ၃၄၁ | ၆ |

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား – ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၁၉-၇-၂၀၂၀ ရက်၊ ည (၈) နာရီ

## ၁၉-၇-၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုအများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၈၃၆၆၇၄ | ၁၇၇၅၄၉၁ | ၁၄၂၈၉၃ |
| ၂။ | ဘရာဇီး | ၂၀၇၅၂၄၆ | ၁၃၆၆၇၇၅ | ၇၈၈၁၇ |
| ၃။ | အိန္ဒိယ | ၁၀၈၆၄၇၆ | ၆၈၄၆၆၂ | ၂၆၉၅၁ |
| ၄။ | ရုရှား | ၇၇၁၅၄၆ | ၅၅၀၃၄၄ | ၁၂၃၄၂ |
| ၅။ | တောင်အာဖရိက | ၃၅၀၈၇၉ | ၁၈၂၂၃၀ | ၄၉၄၈ |
| ၆။ | ပီရူး | ၃၄၉၅၀၀ | ၂၃၈၀၈၆ | ၁၂၉၉၈ |
| ၇။ | မက္ကဆီကို | ၃၃၈၉၁၃ | ၂၁၃၀၀၆ | ၃၈၈၈၈ |
| ၈။ | ချီလီ | ၃၂၈၈၄၆ | ၂၉၉၄၄၉ | ၈၄၄၅ |
| ၉။ | စပိန် | ၃၀၇၃၃၅ | စိစစ်ဆဲ | ၂၈၄၂၀ |
| ၁၀။ | ဗြိတိန် | ၂၉၄၀၆၆ | စိစစ်ဆဲ | ၄၅၂၇၃ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၁၉ – ၇ – ၂၀၂၀

| | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၈၆၅၂၁ | ၄၅၄၀၁ | ၄၁၄၃ |
| ဖိလစ်ပိုင် | ၆၇၄၅၆ | ၂၂၄၆၅ | ၁၈၃၁ |
| စင်ကာပူ | ၄၇၉၁၂ | ၄၃၈၃၃ | ၂၇ |
| မလေးရှား | ၈၇၇၉ | ၈၅၅၃ | ၁၂၃ |
| ထိုင်း | ၃၂၄၉ | ၃၀၉၆ | ၅၈ |
| ဗီယက်နမ် | ၃၈၃ | ၃၅၇ | ၀ |
| မြန်မာ | ၃၄၁ | ၂၇၆ | ၆ |
| ကမ္ဘောဒီးယား | ၁၇၁ | ၁၃၆ | ၀ |
| ဘရူနိုင်း | ၁၄၁ | ၁၃၈ | ၃ |
| လာအို | ၁၉ | ၁၉ | ၀ |

# မြဝတီ အမှတ်(၂) ချစ်ကြည်ရေးတံတားမှ မြန်မာရွှေ့ပြောင်းလုပ်သား ၄၆၆ ဦး ဆက်လက်ဝင်ရောက်

မြဝတီ ဇူလိုင် ၁၉

ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သား ၄၆၆ ဦးသည် မြဝတီ အမှတ် (၂) ချစ်ကြည်ရေးတံတားမှ တစ်ဆင့် ယနေ့ ဆက်လက်ဝင်ရောက်လာကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများအား ကရင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်၊ ခရိုင်နှင့် မြို့နယ်မှ တာဝန်ရှိသူများက ကြိုဆိုခဲ့ပြီး ကျန်းမာရေးစစ်ဆေးမှုနှင့် အခြားသော လိုအပ်ချက်များကို ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ ခရိုင်/မြို့နယ်မှ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (ဓါတ်ပုံ)



ပြန်လည်ဝင်ရောက်လာသူများ အနေဖြင့် မေ ၁ ရက်မှ ယနေ့ ဇူလိုင် ၁၉ ရက်အထိ စုစုပေါင်း ၄၉၆၈၁ ဦး ပြန်လည်ဝင်ရောက်ခဲ့ပြီးဖြစ်သည်။

ယနေ့ ပြန်လည်ဝင်ရောက်လာသူများမှာ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ အမျိုးသား ၂၈၈ ဦး၊ အမျိုးသမီး ၁၇၈ ဦး စုစုပေါင်း ၄၆၆ ဦးဖြစ်ကြောင်း သိရသည်။

ထိန်လင်းအောင် (ပြန်/ဆက်)

# ချင်းရွှေဟော် မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်ဂိတ်မှ နေရပ်ပြန်ပြည်သူ ၆၉ ဦး ထပ်မံဝင်ရောက်

ချင်းရွှေဟော် ဇူလိုင် ၁၉

တရုတ်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသား နေရပ်ပြန်ပြည်သူများသည် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ် ချင်းရွှေဟော်မြို့ မြန်မာ – တရုတ် နှစ်နိုင်ငံနယ်စပ်ဂိတ်ပေါက်မှ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ယမန်နေ့ညနေ ၆ နာရီက ၅၇ ဦးနှင့် ယနေ့မွန်းလွဲ ၂ နာရီခွဲက ၁၂ ဦး စုစုပေါင်း နေရပ်ပြန်ပြည်သူ ၆၉ ဦး ထပ်မံဝင်ရောက်လာခဲ့ကြောင်း သိရသည်။

အဆိုပါ ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူ ၆၉ ဦးတို့မှာ အမျိုးသား ၃၅ ဦး၊ အမျိုးသမီး ၃၄ ဦးတို့ဖြစ်ပြီး မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်မှ သုံးဦး၊ မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်မှ ခုနစ်ဦး၊ မြို့သစ်မြို့နယ်မှ နှစ်ဦးနှင့် ရှမ်းပြည်နယ် မြောက်ပိုင်းအတွင်းရှိ မြို့နယ်များမှ ၅၇ ဦးတို့ဖြစ်သည်။

ထိုသို့ ချင်းရွှေဟော်နယ်စပ်ဂိတ်မှ ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူများအား ချင်းရွှေဟော်မြို့ ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ မြို့အုပ်ချုပ်ရေးမှူး ဦးသက်ဦးပိုင်နှင့် ကော်မတီအဖွဲ့ဝင်များက သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များသို့ စနစ်တကျ စီစဉ်လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိရာ ဧပြီ ၃၀ ရက်မှ ယနေ့အထိ အမျိုးသား ၇၄၂၃ ဦးနှင့် အမျိုးသမီး ၆၀၀၁ ဦးတို့ဖြစ်ကာ စုစုပေါင်း နေရပ်ပြန်ပြည်သူ ၁၃၄၂၄ ဦးအား လွှဲပြောင်းပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ဇင်ဇင် (ပြန်/ဆက်)

# ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ရုံးပိတ်ရက်တွင် ဘုရားဖူးလာရောက်မှုများပြား

**ညောင်ဦး ဇူလိုင် ၁၉**

ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဒေသသို့ ကိုဗစ်-၁၉ ရောဂါ စတင်ကာကွယ်ထိန်းချုပ်ချိန်မှ စတင်ကာ လာရောက်လည်ပတ်သည့် ဘုရားဖူးဧည့်သည်မရှိခဲ့ရာမှ ယခုရက်ပိုင်းအတွင်း တစ်ရက်လျှင် ပျမ်းမျှ လူဦးရေ ၁၀၀၀ ခန့် ဝင်ရောက်လာလျက်ရှိကြောင်း ထီးလိုမင်းလိုဘုရား ဂေါပကအဖွဲ့ထံက သိရသည်။

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုဒေသ (ကမ္ဘာ့အမွေအနှစ်စာရင်းဝင်)သည် ဆယ့်နှစ်ရာသီကာလပတ်လုံး ပြည်တွင်း ပြည်ပခရီးသွားများ အမြဲမပြတ်ရှိခဲ့ရာမှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်သည့်အနေဖြင့် နိုင်ငံတော်အစိုးရ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့တို့၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် ညောင်ဦးခရိုင် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုဇုန်ရှိ စေတီ၊ ဘုရား၊ ပုထိုး၊ သာသနိကအဆောက်အအုံများ လာရောက်လည်ပတ်ခွင့်၊ ဖူးမြော်ခွင့်များ ပိတ်ထားခဲ့ရာမှ ယခုအခါ ညောင်ဦးမြို့နယ် ရှေးဟောင်းယဉ်ကျေးမှုဇုန်အတွင်းရှိ ဘုရားများ ဖူးမြော်ခွင့်ကို နံနက် ၉ နာရီ မှ ညနေ ၄ နာရီအထိ ဖူးမြော်ခွင့်ပေးထားရာ ဘုရားဖူးများ သာမန်ရက် တနင်္လာနေ့မှ သောကြာနေ့များတွင် ဘုရားဖူးဧည့်သည် (ပြည်တွင်း) ၁၀၀၀ ခန့် ပုံမှန်လာရောက် ဖူးမြော်ကြပြီး စနေ၊ တနင်္ဂနွေရက်များတွင် မြန်မာပြည်အရပ်ရပ်မှ လူဦးရေ ၂၀၀၀ ကျော် လာရောက်နေကြောင်း သိရသည်။

ပြည်တွင်း ဘုရားဖူးဧည့်သည်အများစုသည် ပုဂံ-ညောင်ဦးဒေသ၏ သမိုင်းဝင် အထင်ကရဘုရားများဖြစ်ကြသည့် ရွှေစည်းခုံဘုရား၊ အာနန္ဒာဘုရား၊ ထီးလိုမင်းလိုဘုရား၊ ဗူးဘုရား၊ ဓမ္မရံကြီးဘုရား၊ လောကနန္ဒာ စွယ်တော်ဘုရား၊ အလိုတော်ပြည့်ဘုရား၊ ဓမ္မရာဇကဘုရားနှင့် သဗ္ဗညုဘုရားများသာ ဘုရားဖူးလာရောက်မှု စနေ၊ တနင်္ဂနွေရက်များတွင် ဘုရားဖူးလာဦးရေ ၁၀၀၀ ကျော် လာရောက်ကြကြောင်း၊ သမိုင်းဝင် အထင်ကရဘုရားများသို့ ဘုရားဖူးဝင်ရောက်ရာတွင်လည်း ဘုရားဝင်းအတွင်း မဝင်မီ နှာခေါင်းစည်း တပ်ဆင်၍ဝင်ရခြင်း၊ လက်ဆေးဇလုံများ၊ စင်များတွင် လက်ဆေးစေခြင်း၊ ဘုရားဖူးလာရောက်သည့် ဒေသနှင့် နေရပ်လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ်တို့အား စာရင်းကောက်ယူ မှတ်တမ်းထားရှိကြောင်း ထီးလိုမင်းလိုဘုရား ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးတင်လှဦးက ရှင်းပြသည်။

**မောင်မောင်ထိန်**
**(ကျောက်ပန်းတောင်း)**



## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် ဇူလိုင် ၁၉**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ မြစ်ကြီးနားမြို့တွင် ၃ ဒသမ ၄၂ လက်မ၊ မော်လိုက်မြို့တွင် ၂ ဒသမ ၂၈ လက်မ၊ သံတွဲမြို့တွင် ၂ ဒသမ ၂၁ လက်မ၊ ပလက်ဝမြို့တွင် ၂ ဒသမ ၁၇ လက်မ၊ နေပြည်တော်(ဇေယျာသီရိမြို့နယ်) နှင့် နေပြည်တော် (ဥတ္တရသီရိမြို့နယ်)တို့တွင် ၂ ဒသမ ၀၄ လက်မစီ၊ တောင်ကုတ်မြို့တွင် ၂ ဒသမ ၀၁ လက်မ၊ တောင်တွင်းကြီးမြို့တွင် ၁ ဒသမ ၉၃ လက်မ၊ မင်းကင်းမြို့တွင် ၁ ဒသမ ၈၁ လက်မ၊ မောင်တောမြို့တွင် ၀ ဒသမ ၅၈ လက်မ၊ ဖောင်းပြင်မြို့တွင် ၁ ဒသမ ၃၈ လက်မ၊ ဗန်းမော်မြို့တွင် ၁ ဒသမ ၃၀ လက်မ၊ ကွမ်းလုံမြို့နှင့် ဖျာပုံမြို့တို့တွင် ၁ ဒသမ ၂၇ လက်မစီ၊ ဘီးလင်းမြို့တွင် ၁ ဒသမ ၁၈ လက်မတို့ ဖြစ်ကြသည်။ **မိုး/ဇလ**

# ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က ထောက်ပံ့ကူညီသည့် ဓာတ်ခွဲခန်းသုံးအထောက်အကူပြုပစ္စည်းများနှင့် လူသားချင်းစာနာထောက်ထားမှု ဖွံ့ဖြိုးရေးဆိုင်ရာ ကူညီဆောင်ရွက်ပေးမည့် ကျွမ်းကျင်ဝန်ထမ်းများ တင်ဆောင်လာသော အထူးလေယာဉ်ရောက်ရှိ

**ရန်ကုန် ဇူလိုင် ၁၉**

ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) ၏ ကမ္ဘာလုံးဆိုင်ရာ ထောက်ပံ့ပို့ဆောင်ရေးဝန်ဆောင်မှုအစီအစဉ်ဖြင့် မြန်မာနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုရန်အတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)က ထောက်ပံ့ကူညီသည့် ဓာတ်ခွဲခန်းသုံး အထောက်အကူပြုပစ္စည်းများနှင့် လူသားချင်းစာနာထောက်ထားမှု ဖွံ့ဖြိုးရေးဆိုင်ရာ ကူညီဆောင်ရွက်ပေးမည့် ကျွမ်းကျင်ဝန်ထမ်းများ တင်ဆောင်လာသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အထူးလေယာဉ်သည် ယနေ့ နံနက် ၁၀ နာရီ ၁၀ မိနစ်တွင် မလေးရှားနိုင်ငံမှ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာသည်။

ယနေ့ ခရီးစဉ်နှင့် ပတ်သက်၍ ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP)၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Stephen Anderson က "ဒီနေ့ ခရီးစဉ်ကတော့ WFP ရဲ့ (၁၁) ကြိမ်မြောက် မြန်မာနိုင်ငံ ခရီးစဉ်ဖြစ်ပါတယ်။ WHO က ဝယ်ယူထားတဲ့ ကိုဗစ် -၁၉ ရောဂါဆိုင်ရာ ဓာတ်ခွဲခန်းသုံးပစ္စည်းတွေအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းတွေက ကျွမ်းကျင်ပညာရှင် ဝန်ထမ်းတွေ လိုက်ပါလာပါတယ်။ မြန်မာနိုင်ငံအစိုးရအနေနဲ့လည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းတွေကို စနစ်တကျနဲ့ ဆောင်ရွက်နေသလို နိုင်ငံတကာအဖွဲ့အစည်းတွေကလည်း ပူးပေါင်းပါဝင်ဆောင်ရွက်နေတာတွေ့ရပါတယ်။ အဲဒီလို ဆောင်ရွက်နေတဲ့အခါမှာ WFP အနေနဲ့ ပါဝင်ကူညီခွင့်ရတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်" ဟု ပြောသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Dr. Stephan Paul Jost က "မြန်မာနိုင်ငံရဲ့ ကိုဗစ် – ၁၉ ရောဂါ တိုက်ဖျက်ရေးလုပ်ငန်း ဆောင်ရွက်မှုမှာ WHO အနေနဲ့ နည်းပညာပိုင်းဆိုင်ရာ အကြံပြုချက်တွေ၊ ထောက်ပံ့မှုတွေနဲ့အတူ စဉ်ဆက်မပြတ် လက်တွဲဆောင်ရွက်နေမှုတွေ ပြုလုပ်နေပါတယ်။ ဆက်လက် ပြီးတော့လည်း လိုအပ်တဲ့ ထောက်ပံ့ကူညီမှုတွေ ပြုလုပ်သွားမှာဖြစ်ပါတယ် ။ မြန်မာနိုင်ငံရဲ့ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေဟာ အကောင်းဆုံးအနေအထားမှာ ရှိနေတာကို တွေ့မြင်ရပါတယ်" ဟု ပြောသည်။

ယနေ့ခရီးစဉ်တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ ထောက်ပံ့ကူညီမည့် ဓာတ်ခွဲခန်းသုံး အထောက်အကူပြုပစ္စည်းများနှင့်အတူ UN ၊ ICRC ၊ GIZ ၊ DFID စသည့် နိုင်ငံတကာအဖွဲ့အစည်းများတွင် တာဝန်ထမ်းဆောင်နေသော မြန်မာနိုင်ငံသားများ၊ ဆေးဘက်ဆိုင်ရာအထောက်အကူပြုများနှင့် သက်ဆိုင်ရာ နယ်ပယ်အလိုက် ကျွမ်းကျင်ပညာရှင်ဝန်ထမ်း ၃၈ ဦး လိုက်ပါလာသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများ၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် နိုင်ငံတကာလေကြောင်းခရီးစဉ်များ ယာယီရပ်ဆိုင်းထားသည့်အတွက် မြန်မာနိုင်ငံရှိ ကုလသမဂ္ဂ၏ကိုယ်စား ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) ၏ စီမံခန့်ခွဲမှုဖြင့် ရန်ကုန်နှင့် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ကို အပတ်စဉ် ချိတ်ဆက်ပေးနိုင်မည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လေကြောင်းပျံသန်းမှုအကူအညီအစီအစဉ်ကို မေ ၁၀ ရက်တွင် စတင်ဆောင်ရွက်ခဲ့ရာ ယနေ့ခရီးစဉ်မှာ (၁၁) ကြိမ်မြောက်ခရီးစဉ်ဖြစ်ကြောင်း WFP မှ သိရသည်။

WFP ၏ အဆိုပါ အစီအစဉ်သည် ကမ္ဘာအနှံ့အပြားရှိ သယ်ယူပို့ဆောင်ရေးဗဟိုဌာန (Logistics Hubs) များနှင့် ချိတ်ဆက်ပြီး အရေးပေါ်လိုအပ်ချက်ရှိနေသည့် နိုင်ငံများဆီသို့ ကူညီကယ်ဆယ်ရေး အထောက်အပံ့ပစ္စည်းများကို သယ်ယူပို့ဆောင်ပေးနေခြင်း ဖြစ်သည်။

ထို့အတူ မြန်မာနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုရန်အတွက် အိန္ဒိယ၊ တရုတ်၊ ကိုရီးယား၊ စင်ကာပူနှင့် ဂျပန်နိုင်ငံတို့ကလည်း ဆေးဝါး၊ စက်ပစ္စည်းနှင့် ကျန်းမာရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများကို ထောက်ပံ့ကူညီလှူဒါန်းမှုများ ပြုလုပ်ခဲ့သည်။

**သတင်း– ဇော်ကြီး**
**ဓာတ်ပုံ– ဖေဇော်**




# ကိုဗစ်အလွန်ကာလ၌ ခရီးသွားလုပ်ငန်း ပြန်လည်စတင်နိုင်ရန် ကုစားမှုများဆောင်ရွက်နေ

**မကွေး ဇူလိုင် ၁၉**

ကိုဗစ်အလွန် New Normal ကာလ၌ ဟိုတယ်၊ မိုတယ်ဆိုင်ရာ ခရီးသွားလုပ်ငန်းများ ပြန်လည်စတင်နိုင်ရန်အတွက် နိုင်ငံတော်အစီအစဉ်ဖြင့် ကုစားမှုများ စီစဉ်ဆောင်ရွက်နေကြောင်း မကွေးတိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန တိုင်းတာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်စိန်ထံက သိရသည်။

"နိုင်ငံတော်အနေနဲ့ ကိုဗစ်-၁၉ ကြောင့် ထိခိုက်မှုရှိတဲ့ လုပ်ငန်းတွေကို ပြန်လည်ကုစားဖို့၊ ပြန်လည်နိုးထဖို့ဆိုပြီးတော့ မူဝါဒအရ ဟိုတယ်၊ မိုတယ်တွေအတွက် ချေးငွေလျှောက်ထားခွင့် ရခဲ့ပါတယ်။ ဟိုတယ်၊ မိုတယ် အလုံး ၅၀ ကျော်ရှိတဲ့အနက်က ၁၇ လုံး ချေးငွေလျှောက်ထားခဲ့ပါတယ်။ လတ်တလောမှာ ၁၁ လုံး ချေးငွေရရှိထားပါတယ်" ဟု တိုင်းတာဝန်ခံ ဦးမြင့်စိန်က ပြောသည်။

ဟိုတယ်များ၏ အခန်းအရေအတွက်၊ ရင်းနှီးမြှုပ်နှံမှု၊ ပြီးခဲ့သည့် နှစ်နှစ်စာ အခွန်ဆောင်ထားမှုအခြေအနေ၊ ကိုဗစ်ကာလအတွင်း လည်ပတ်မည့် စီမံချက်များအပေါ် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနက စိစစ်တင်ပြကာ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်က အဖွဲ့နှင့် ဆုံးဖြတ်၍ ငွေကျပ်သိန်း ၆၀၀၊ ၄၀၀၊ ၃၅၀ စသည်ဖြင့် သတ်မှတ်ထုတ်ချေးပေးနေခြင်း ဖြစ်သည်။

"ခရီးသွားလုပ်ငန်းကြောင့် နစ်နာခဲ့ရတဲ့ ဝန်ထမ်းတွေကို ဟိုတယ် ခရီးရဲ့ ဘတ်ဂျက်နဲ့ မွမ်းမံသင်တန်းတွေပေးပြီး တစ်ရက်ကို ငွေကျပ် ၄၈၀၀ နှုန်း ထောက်ပံ့ဖို့ အစီအစဉ်ရေးဆွဲပြီး ဖြစ်ပါတယ်။ ဇူလိုင်လကုန် ဩဂုတ်လအတွင်းမှာ လုပ်ပေးနိုင်မှာပါ။ လုပ်ငန်းနဲ့ဆက်စပ်နေတဲ့ ဆိုက်ကား၊ မြင်းလှည်း၊ စက်လှေမောင်း၊ ခေါင်းရွက်ဗျပ်ထိုး၊ ဘုရားစောင်းတန်းဈေးသည်များကိုလည်း လုပ်ငန်းအခြေခံများသိရှိဖို့နဲ့ ထောက်ပံ့တဲ့သဘောလည်းဖြစ်အောင် နေ့တွက်ပေး သင်တန်းတွေ ဖွင့်ပေးဖို့ရှိပါတယ် " ဟု တိုင်းတာဝန်ခံ ဦးမြင့်စိန်က ရှင်းပြသည်။

ကိုဗစ်ကြောင့် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းမှာ မတ်လအတွင်း၌ ၄၀ ရာခိုင်နှုန်း၊ ဧပြီလအတွင်း၌ ၇၀ ရာခိုင်နှုန်း ကျဆင်းခဲ့ကာ မေနှင့် ဇွန်လများတွင် ခရီးသွားလုပ်ငန်းနှင့် ပတ်သက်သမျှအားလုံးနီးပါး ရပ်ဆိုင်းသွားခဲ့ရကြောင်း၊ ဇွန် ၃၀ ရက်တွင် ဟိုတယ်၊ မိုတယ်အချို့ကို ပြန်လည်ဖွင့်ခွင့်ပေးခဲ့ပြီး ကုစားမှုအစီအစဉ်များ လုပ်ဆောင်နေခြင်းဖြစ်ကြောင်း ဟိုတယ်နှင့် ခရီးသွား ညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

**ဇေယျာတု (မကွေး)**



ကိုဗစ်-၁၉ မဖြစ်ပွားမီကာလက မကွေးတိုင်းဒေသကြီးအတွင်း လာရောက်လည်ပတ်သည့် ပြည်ပခရီးသွား ဧည့်သည်များ။

# မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းမှ စုစည်းတင်ပြသော ဇူလိုင် ၈ ရက်မှ ၁၅ ရက်အထိ ထွက်ရှိသော စာအုပ်စာရင်း

*ယမန်နေ့မှအဆက်*

| စဉ် | စာအုပ်အမည် | စာရေးသူ | ထုတ်ဝေသူ | ဈေးနှုန်း |
|---|---|---|---|---|
| ၂၇ | အရှင်တို့စကား အရှင်တို့တရား(ဒုတိယတွဲ) | မင်းဝေခိုင်(ဟသ်ာတ) | ကိုလတ် | ၂၀၀၀ |
| ၂၈ | ဂဏန်းဗေဒင်ကပြောသော သင့်ရင်သွေးအနာဂတ်ကံကြမ္မာ | ဝင်းဇော်(သစ်တော) | မျက်ပွင့် | ၃၅၀၀ |
| ၂၉ | ရင်....ကွဲအက်သံ | ဆူးနစ်(ရေနံချောင်း) | ကိုလတ် | ၃၀၀၀ |
| ၃၀ | မြင်းမိုရ်ထက်က ပုံရိပ်များ | အရှင်တိဂုဏသာရ (ဆိပ်ဖြူ) | Global Piece Group | ၂၀၀၀ |
| ၃၁ | အိမ်ပြန်မယ့်နေ့ | စစ်ငြိမ်း | ကိုလတ်စာပေ | ၂၀၀၀ |
| ၃၂ | တောင်ကြားရေဒီယို | အယ်ခမ်း | ကိုလတ်စာပေ | ၂၀၀၀ |
| ၃၃ | စွယ်တော်မှာတမ်း | ရှင်ပန်ထွာ | ကိုလတ်စာပေ | ၂၀၀၀ |
| ၃၄ | ဓမ္မဒိုင်ယာရီ | အနွေးသခင် | လောကသရဖူ | ၇၀၀၀ |
| ၃၅ | မြင်းစီးချင်လို့ရှင်ပြုတဲ့ကောင် | လူအောင်(ဝမ်းတွင်း) | ကိုလတ်စာပေ | ၂၀၀၀ |
| ၃၆ | ငါးပါးသီလမယုံသူတို့၏ မျက်ရည်ကိုသုတ်ပေးခြင်း | အရှင်ပညာသာရာဘိဝံသ | လောကသရဖူ | ၂၅၀၀ |
| ၃၇ | မိန်းမတံခွန် | တင်မောင်မြင့် | ရွှေဝံ | ၃၀၀၀ |
| ၃၈ | ဒေါ်အောင်ဆန်းစုကြည်၏နိုင်ငံရေးဒဿန နှလုံးရည်တိုက်ပွဲ | နေသွင်ညိုဏ်း | ပန်းဆွေမွန် | ၁၂၀၀ |
| ၃၉ | ကျောင်းသားလူငယ်တွေနှင့် အခြားဆောင်းပါးများ | အောင်သင်း | ဇွန်ပွင့် | ၂၀၀၀ |
| ၄၀ | စနေမ | မင်းဆွေ | စိတ်ကူးချိုချို | ၂၀၀၀ |
| ၄၁ | လူတိုင်းအတွက်ကြီးပွားချမ်းသာရေး စိတ်တန်ခိုး | ဗမိုး | စိတ်ကူးချိုချို | ၁၈၀၀ |
| ၄၂ | သင့်စိတ်ကို သင်ပိုင်နည်း | ဂျွန် | စိတ်ကူးချိုချို | ၁၅၀၀ |
| ၄၃ | ငယ်သောလှတဲ့အနာဂတ် (အနာဂတ်စီးပွားရေးအခင်းအကျင်း) | မိုးမင်းသိမ်း(မြန်မာပြန်) | စာပေလောက | ၄၀၀၀ |
| ၄၄ | ပင်လယ်မှာ စံပယ်တွေ ပျိုးခဲ့တယ် | ထက်မြတ်နိုင်ဇင် | ဇလပ်နီ | ၃၅၀၀ |
| ၄၅ | မြေနှင့်ဆိုင်ရာဥပဒေအရပ်ရပ်ပြဋ္ဌာန်း ချက်များကိုလေ့လာသုံးသပ်ချက် | ဦးမောင်မောင်ညွန့် | Wisdom House | ၇၀၀၀ |
| ၄၆ | ၂၀၂၀ခုနှစ်အထွေထွေရွေးကောက်ပွဲ နှင့်တိုင်းရင်းသားနိုင်ငံရေး ပါတီများ လေ့လာချက်မှတ်တမ်း | | ရန်ကုန်လမ်းမများ | ၇၀၀၀ |
| ၄၇ | ထိုင်းဒီမိုကရေစီအကျဉ်အတည်း | လူမွန်ကျော်(မြန်မာပြန်) | ယဉ်မျိုး | ၄၅၀၀ |
| ၄၈ | တစ်ပါတီကြီးစိုးမှုနှင့် မျှတမှု ဖော်ဆောင်သည့်ရွေးကောက် တင်မြှောက်ပုံစနစ်များ | ဒေါက်တာမျိုးဝင်းအောင် (ဥပဒေ) | မြဝတီ | ၇၀၀ |




## အကူအညီ တောင်းခံနိုင်

ပြည်သူလူထုအနေဖြင့် သဘာဝဘေး အန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄) နာရီ ဖွင့်လှစ်ထားရှိသော Hot-line ဖုန်းများဖြစ်သည့် ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ အချိန်မရွေး ဆက်သွယ်သတင်းရယူ၊ အကူအညီတောင်းခံနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၉ - ၇ - ၂၀၂၀

### ရွှေ

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၂၅၀၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၂၄၇၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၁၇၆၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၂၅၀၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၂၄၇၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၁၇၆၅၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

### စက်သုံးဆီ

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၅၃၀/၅၆၀ | ကျပ် | ၅၆၀/၅၈၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၄၀/၅၇၅ | ကျပ် | ၅၇၅/၅၉၅ | ကျပ် |
| အောက်တိန်း ၉၂ | ၄၈၀/၅၁၀ | ကျပ် | ၅၅၀/၅၆၀ | ကျပ် |
| အောက်တိန်း ၉၅ | ၆၁၀/၆၂၅ | ကျပ် | ၆၇၀/၆၉၀ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

### နိုင်ငံတကာ ငွေကြေးများ

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၃၈၀ . ၃ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၇၄ . ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၉၂ . ၆၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၃၃ . ၀ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၂၈၈ . ၄ |
| သြစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၆၅ . ၀၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၉၇ . ၂၁ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၄၀၄ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၄ . ၆၂ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၃ . ၃၇ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၃ . ၅၃၆ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

### စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀၀၀၀ | ၁၀၅၀၀ | ၆၀၃ | ၆၃၁၀၅၀၀ |
| MTSH | ၃၈၅၀ | ၃၈၅၀ | ၁၂၉၁ | ၄၉၆၇၃၅၀ |
| MCB | ၈၁၀၀ | ၈၁၀၀ | ၁ | ၈၁၀၀ |
| FPB | ၂၂၀၀၀ | ၀ | ၀ | ၀ |
| TMH | ၂၇၅၀ | ၀ | ၀ | ၀ |
| EFR | ၂၆၅၀ | ၂၇၅၀ | ၁၁၉၈ | ၃၂၇၈၈၅၀ |

ခင်ရတနာ - စုစည်းသည်

မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | ဝင်းကျော် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ မြတ်မွန်ထွေး၊ |
| ဘာသာပြန် စာတည်း | - | ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်း သတင်းထောက်များ | - | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး |
| ဓာတ်ပုံ သတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၆၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# ကျွန်တော်နဲ့ အလုပ် ဘဝဟန်ချက်ညီမှု



## ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်

**အလုပ် ဘဝ ဟန်ချက်ညီမှုနဲ့ပတ်သက်ပြီး တစ်ချိန်က စီမံခန့်ခွဲမှုပညာမှာ ကျွန်တော်လေ့လာခွင့်မရခဲ့ပါဘူး။ မိမိလှုပ်ရှားခဲ့တဲ့ ပတ်ဝန်းကျင်မှာလည်း ယဉ်ကျေးမှုအရ အိမ်ထောင်ဦးစီးဟာ အလုပ်ကိုပဲအာရုံစိုက်ပြီး အိမ်နဲ့ပတ်သက်လာရင် အိမ်ရှင်မ လုပ်သူကပဲ တာဝန်ယူတာ။ အလုပ်ကပြန်လာသူစိတ်အနှောင့်အယှက်ဖြစ်မှာစိုးတာမို့ အိမ်ရှင်မကပဲ ဖြေရှင်းခဲ့တာ။ အလုပ်နဲ့ ဘဝကို သီးခြားအကန့်တွေထားပြီး လှုပ်ရှားခဲ့ကြတယ်။ သမားရိုးကျအိမ်ထောင်စုတွေမှာ ဖခင်လုပ်သူက အပြင်ထွက်ပြီးအလုပ်လုပ်၊ မိခင်ကတော့ အိမ်ထောင့်တာဝန်တွေကို ထမ်းခဲ့ကြတယ်။ ဒီအခြေအနေမျိုးကို အနောက်နိုင်ငံတွေမှာရှိခဲ့သလို ကျွန်တော်တို့မြန်မာနိုင်ငံအပါအဝင် နိုင်ငံအသီးသီးမှာလည်း ဒီအနေအထားရှိခဲ့တယ်။**

ဒုတိယကမ္ဘာစစ်အတွင်းမှာ အခြေအနေတွေဟာ ပြောင်းလဲခဲ့တယ်။ ခင်ပွန်းလုပ်သူတွေ စစ်ပွဲတွေမှာ ပါဝင်နေစဉ် ဇနီးသည်တွေက စက်ရုံတွေမှာအလုပ်တွေ ဝင်လုပ်လာကြတယ်။ ဒုတိယကမ္ဘာစစ်အပြီးမှာ ဒီအခြေအနေတွေ အရှိန်အဟုန်မြှင့်ခဲ့တယ်။ အလုပ်ခွင်မှာ မိခင်တွေ အလုပ်တွေ လုပ်တဲ့အရေအတွက် တစ်စတစ်စများလာပြီး အိမ်ထောင်စုတစ်ခုမှာ လင်မယားနှစ်ဦးစလုံး အလုပ်ခွင်ဝင်မှု ပါဝင်လာခဲ့ကြတယ်။ အခုလိုအခြေအနေတွေမှာ အလုပ်နဲ့ဘဝ ခွဲခြားပိုင်းခြားဖို့လိုအပ်ကြောင်း အသိအမှတ်ပြုလာကြတယ်။ စီးပွားရေးပညာရှင်တွေအနေနဲ့လည်း စိတ်ဝင်စားစရာခေါင်းစဉ်တစ်ခု ဖြစ်လာခဲ့တယ်။ အလုပ်နဲ့ ဘဝဟန်ချက်မညီတာကြောင့် အလုပ်ခွင်မှာရော၊ မိသားစုအထဲမှာရော စိန်ခေါ်မှုတွေ၊ ပြဿနာတွေနဲ့ ရင်ဆိုင်ကြုံတွေ့ခဲ့ရတယ်။

### အလုပ်နဲ့ ဘဝခြားနားလို့မရနိုင်

အခြေခံအယူအဆက အလုပ်သမားဝန်ထမ်းတစ်ဦးအပေါ်ထားရှိတဲ့ မျှော်လင့်ချက်ပဲဖြစ်တယ်။ ဝန်ထမ်းတစ်ဦးဟာ အလုပ်အပေါ်မှာ သံယောဇဉ်အပြည့်ရှိရတယ်။ ၂၄ နာရီအချိန်မရွေးဆင့်ခေါ်ရင် အဆင်သင့်ရှိရမယ်။ တစ်ပတ်မှာ ခုနစ်ရက် တာဝန်ရှိတယ်။ အခုလိုတင်းမာလှတဲ့မျှော်လင့်ချက်တွေကြောင့် မိသားစုအပေါ် တာဝန်ကျေပွန်ချင်တဲ့ ဝန်ထမ်းတွေကို အထင်သေးကြတယ်။ အလုပ်ခွင်မှာ အခွင့်အရေးတွေ နစ်နာဆုံးရှုံးခဲ့ရတယ်။ ဥပမာတစ်ခုပေးချင်ပါတယ်။ ရုံးဌာနတွေ၊ ကုမ္ပဏီအဖွဲ့အစည်းတွေမှာ အစည်းအဝေးတွေလုပ်စဉ် အစည်းအဝေးတက်တဲ့သူတိုင်းဟာ အလုပ်အပေါ်မှာ အာရုံအပြည့်ရှိတယ်လို့ ယူဆကြတယ်။ အကယ်၍ ဝန်ထမ်းတစ်ဦးရဲ့ ကလေးငယ်ဟာ နေမကောင်းဖြစ်နေပြီး မိခင်က ဆေးခန်းသွားပြနေတယ်ဆိုပါစို့။ ဝန်ထမ်းရဲ့စိတ်ဟာ သူ့ရဲ့ကလေးမှာ ရောက်နေပြီး အစည်းအဝေးကို အာရုံမရှိတာကို သိနားလည်ဖို့ လိုအပ်တယ်။ အလုပ်နဲ့ဘဝကိုခြားနားလို့မရနိုင်ပါဘူး။ ဒါပေမယ့် အလုပ်ခွင်တွေမှာ အယူအဆတွေဟာ မပြောင်းလဲဘဲရှိနေတာ တွေ့ရတယ်။

ကျွန်တော်ရဲ့ ဟောပြောပွဲတွေမှာ အလုပ် ဘဝဟန်ချက်ညီမှုအကြောင်း အခွင့်အရေးရတိုင်း ပြောကြားခဲ့တယ်။ အထူးသဖြင့် မိသားစုကို အချိန်ပေးဖို့ ပြောခဲ့တယ်။ လူ့ဘဝမှာ အပိုင်း ငါးပိုင်းရှိပါတယ်။ ဒါတွေကတော့ (၁) အလုပ်၊ (၂) ကျန်းမာရေး၊ (၃) မိသားစု၊ (၄) ပတ်ဝန်းကျင်နဲ့ (၅)မိမိကိုယ်ဖြစ်တယ်။ ဒီအပိုင်း ငါးပိုင်းကို ဘောလုံးများအဖြစ် တင်စားနိုင်ပါတယ်။ အလုပ်ကို ကိုယ်စားပြုတဲ့ ဘောလုံးကတော့ သားရေနဲ့လုပ်ထားတဲ့ ဘောလုံးဖြစ်ပြီး ကျန်တဲ့ လေးလုံးကတော့ ဖန်နဲ့လုပ်ထားတဲ့ ဘောလုံးတွေ ဖြစ်တယ်။ သားရေ ဘောလုံးဖြစ်တာမို့ လွတ်ကျရင် ဘာမှ မဖြစ်ပါဘူး။ ကျန်တဲ့ဘောလုံးတွေကတော့ ပဲ့နိုင်၊ ကွဲနိုင်မှာဖြစ်တယ်။ ဒါကြောင့် အလုပ်ထက် ကျန်းမာရေး၊ မိသားစု၊ ပတ်ဝန်းကျင်နဲ့ မိမိကိုယ်ကို အလုပ်ထက်ပိုပြီး ဂရုစိုက်ဖို့ မှာကြားခဲ့ပါတယ်။ အခုလိုပြောတဲ့အတွက် အလုပ်ကိုအလေးမထားရဘူးလို့ မဆိုလိုပါဘူး။ ဟန်ချက် ညီညီ စဉ်းစားတတ်ဖို့ကိုသာ တိုက်တွန်းခဲ့တာဖြစ်ပါတယ်။

### အစိတ်အပိုင်းငါးခု ပေါင်းစပ်စဉ်းစား

အလုပ် ဘဝဟန်ချက်ညီမှုဟာ ကိုဗစ်-၁၉ ကာလမှာ ပိုပြီးအရေးကြီးလာပါတယ်။ အိမ်မှတစ်ဆင့် အလုပ်လုပ်ကြတဲ့ ဝန်ထမ်းတွေ များလာတဲ့အတွက် အိမ်လည်းအလုပ်၊ အလုပ်လည်းအိမ် ဖြစ်လာခဲ့တယ်။ အရင်တုန်းကလို အလုပ်နဲ့အိမ် (မိသားစု)ကို ခွဲခြားပိုင်းခြားလို့ မရနိုင်တော့ပါဘူး။ မီးဖိုထဲမှာ မိသားစုအတွက် ထမင်းဟင်းချက်ရင်း လက်ကိုင်ဖုန်းနဲ့ ရုံးအလုပ်တွေ လုပ်နေကြရတယ်။ အလုပ်နဲ့မိသားစုခြံစည်းရိုး မရှိတော့ဘဲ ပူးပေါင်းသွားတာ ဖြစ်တယ်။ အခုလိုပူးပေါင်းလာတဲ့အခြေအနေကို အသိအမှတ်ပြုတဲ့ အလုပ်နဲ့ဘဝကို ချိန်ခွင်လျှာအနေနဲ့ မစဉ်းစားသင့်ပါဘူး။ ချိန်ခွင်လျှာဖြစ်တာမို့ တစ်ခုနဲ့တစ်ခု အစားထိုးတဲ့သဘောဖြစ်နေတာ။ အမှန်တော့ စောစောက တင်ပြခဲ့တဲ့ လူ့ဘဝရဲ့အစိတ်အပိုင်း ငါးခုစလုံးကို ပေါင်းစပ်ပူးပေါင်းပြီး စဉ်းစားဖို့လိုအပ်မှာဖြစ်တယ်။ ခွဲမစဉ်းစားဘဲ ပေါင်းစဉ်းစားဖို့ လိုအပ်မှာ ဖြစ်တယ်။ အိမ်မှာနေရင်း အလုပ်လုပ်တဲ့ သူ့အနေနဲ့ အလုပ်ခွင်ကြုံတွေ့နေရတဲ့၊ ရင်ဆိုင်နေရတဲ့ အခက်အခဲပြဿနာတွေကို မိသားစုနဲ့ ဆွေးနွေးသင့်တယ်။ မိမိရဲ့အနေအထားကို ရှင်းပြတဲ့အတွက် မိသားစုအနေနဲ့ မိမိအပေါ်နားလည်မှု ပိုရှိနိုင်မှာ။ ဗီဒီယိုကတစ်ဆင့် အစည်းအဝေးတွေလုပ်တဲ့အခါ မိမိရဲ့မိသားစုတွေနဲ့ မိတ်ဆက်ပေးစေချင်တယ်။ အလုပ်တာဝန်တွေကို အိမ်ကတစ်ဆင့်လုပ်နေရပေမယ့် မိသားစုတာဝန်တစ်ချိန်တည်းမှာ တာဝန်ယူနေရတာကို လုပ်ဖော်ကိုင်ဖက်တွေက နားလည်ဖို့လိုအပ်တယ်။

### အလုပ်မှာ သက်သောင့်သက်သာရှိအောင်စီစဉ်

အိမ်ကတစ်ဆင့်အလုပ်လုပ်ရင်း အလုပ်ဘဝဟန်ချက်ညီမှုပြည့်ဝအောင် ကြိုတင်ပြင်ဆင်ထားဖို့ လိုအပ်တယ်။ အလုပ်လုပ်ရာမှာ သက်သောင့်သက်သာရှိအောင် စီစဉ်ဆောင်ရွက်ဖို့လိုအပ်တယ်။ အိမ်ကတစ်ဆင့် အလုပ်လုပ်ရာမှာ လိုအပ်တာထက် အလုပ်တွေပိုပြီးလုပ်တတ်တဲ့သဘောရှိနိုင်တယ်။ အမှန်တော့ အိမ်ကတစ်ဆင့် အလုပ်လုပ်ချိန်ဟာ တစ်နေ့မှာ လေးနာရီထက် မကျော်သင့်ဘူး။ ဒီလေးနာရီအတွင်း အာရုံအပြည့်အဝနဲ့ စူးစူးစိုက်စိုက်လုပ်ဖို့ လိုအပ်တယ်။ ကျွန်တော်ခဏခဏပြောသလိုအလုပ်များတာကို ဂုဏ်မယူဘဲ အလုပ်ဖြစ်တာကိုသာ အာရုံပြုရမှာ။ အလုပ်တွေ အများကြီးလုပ်တယ်။ အလုပ်ချိန် ၈ နာရီက ၅ နာရီဖြစ်ပေမယ့် ည ၆ နာရီ ၇ နာရီအထိ အလုပ်လုပ်နေရတာတွေ ဂုဏ်ယူနေကြတယ်။ အမှန်တော့ အလုပ်ချိန်တွေများတာက ရက်စရာ။ လိုချင်တဲ့ ရလဒ်တွေ ရဖို့ကသာ အဓိက။

> **“ဟန်ချက်လို့ပြောရင် အပေးအယူ အလျှော့အတင်း အဓိပ္ပာယ်သက်ရောက်နေတယ်။ အလုပ်နဲ့ ဘဝကို အစားထိုးရမယ့် သဘောဆောင်နေတယ်။ အလုပ်ကို ဦးစားပေးရင် မိသားစုအရေးကို အလျှော့ပေးပြီး မိသားစုကို ဦးစားပေးရင် အလုပ်ကို အလျှော့ပေးရမယ့် သဘော။ အခုလိုလွန်ဆွဲနေရတာကို ကျွန်တော်လက်မခံချင်ဘူး။ အမှန်တော့ အလုပ်နဲ့ဘဝဟာ ဆန့်ကျင်ဘက်တွေမှ မဟုတ်တာ။ အလုပ်လည်းဘဝ၊ ဘဝလည်း အလုပ်ဖြစ်ပါတယ်”**

အိမ်မှာအလုပ်လုပ်ရတာမို့ အနှောင့်အယှက်တွေရှိမှာ၊ အသက်ရွယ်ကြီးတဲ့ လူကြီးမိဘတွေ၊ အသက်ငယ်တဲ့ ကလေးငယ်တွေ သူတို့ကို ပြုစုစောင့်ရှောက်နေရပြီး တစ်ဖက်က အလုပ်တာဝန်တွေကလည်းရှိနေတာ။ တာဝန်နှစ်ရပ်စလုံးကို ကျေပွန်အောင် လုပ်ကြရမယ်။ အခုလိုကြိုးစားတဲ့အခါ တာဝန်ဟာ ဝန်ထမ်းတစ်ဦးအပေါ်မှာပဲ ကျရောက်နေရင် သဘာဝမကျလှဘူး။ အလုပ်ရှင်နှင့် လုပ်ငန်းအဖွဲ့အစည်းတွေမှာလည်း တာဝန်ရှိတယ်။ အလုပ်ဘဝ ပူးပေါင်းမှုမှာ အလုပ်ရှင်တွေကလည်း ပြုစုအားပေးဖို့ လိုအပ်တယ်။ ဝန်ထမ်းနဲ့ဝန်ထမ်းရဲ့မိသားစုကို ခွဲခြားပြီး မစဉ်းစားသင့်ဘူး။ ဝန်ထမ်းတစ်ဦးကို ခန့်အပ်လိုက်တဲ့အချိန်မှာ ဝန်ထမ်းနဲ့တွဲဖက်ပြီး သူ့ရဲ့မိသားစု တွဲပြီးပါလာတယ်ဆိုတာကို လက်ခံဖို့လိုအပ်တယ်။ အလုပ်ခွင်မှာ ချမှတ်ထားတဲ့ လုပ်ထုံးလုပ်နည်းတွေ၊ စည်းကမ်းတွေဟာ ဒီအကြောင်းကို ထည့်သွင်းစဉ်းစားဖို့ လိုအပ်တယ်။ အလုပ်ခွင်ရဲ့ အနေအထားတွေဟာ ပြောင်းလဲသွားတာ တွေ့ရတယ်။ ကြိုက်တဲ့အချိန်၊ ကြိုက်တဲ့နေရာ၊ ကြိုက်တဲ့ပုံစံနဲ့ အလုပ်လုပ်နေကြတဲ့ အနေအထားတွေရှိနေပြီး တစ်ချိန်ကလို ၉ နာရီ ၅ နာရီအလုပ်တွေအစား ပေါ့ပါးသွက်လက်ပြီး အလုပ်ရှင်နဲ့ ဝန်ထမ်းအကြား အဆင်ပြေတဲ့ အဖြေတွေ ရှာဖွေနေကြတာ တွေ့ရတယ်။

### အလုပ်လည်းဘဝ ဘဝလည်းအလုပ်

အခုချိန်ဆိုရင် ကိုဗစ်-၁၉ အလွန်ကာလကို စဉ်းစားနိုင်တဲ့ အခြေအနေရှိနေပြီ။ နိုင်ငံတကာမှာလည်း အလုပ်တွေကို ပြန်လည်ဖွင့်ဖို့ ကြိုးစားနေကြတာ တွေ့ရတယ်။ ဒါပေမယ့် အခုလို အလုပ်တွေ ပြန်လည်ဖွင့်ရင် နဂိုမူလအတိုင်း ဖြစ်လိမ့်မယ်လို့ ယူဆလို့မဖြစ်နိုင်ဘူး။ နဂိုဆိုတာ မရှိတော့ဘူး။ တစ်ခါက ကျွန်တော်ဖော်ပြခဲ့သလို ပုံမှန်အသစ်နဲ့ ရင်ဆိုင်နေရမှာ။ ဒီလိုအခြေအနေမျိုးမှာအရင်လိုပဲ အလုပ်ဘဝဟန်ချက်ညီမှုကို စဉ်းစားလို့မရဘူး။ ပုံမှန်အသစ်နဲ့စဉ်းစားဖို့ လိုအပ်တယ်။ ဆောင်းပါးရဲ့ ခေါင်းစဉ်မှာ ဟန်ချက်ညီမှုလို့ သုံးစွဲထားပေမယ့် ကျွန်တော်က အများသုံးတဲ့ ဝေါဟာရကို သိပ်သဘောမကျဘူး။ ဟန်ချက်လို့ပြောရင် အပေးအယူ အလျှော့အတင်း အဓိပ္ပာယ်သက်ရောက်နေတယ်။ အလုပ်နဲ့ဘဝကို အစားထိုးရမယ့် သဘောဆောင်နေတယ်။ အလုပ်ကိုဦးစားပေးရင် မိသားစုအရေးကို အလျှော့ပေးပြီး မိသားစုကို ဦးစားပေးရင် အလုပ်ကို အလျှော့ပေးရမယ့် သဘော။ အခုလိုလွန်ဆွဲနေရတာကို ကျွန်တော်လက်မခံချင်ဘူး။ အမှန်တော့ အလုပ်နဲ့ဘဝဟာ ဆန့်ကျင်ဘက်တွေမှ မဟုတ်တာ။ အလုပ်လည်းဘဝ၊ ဘဝလည်း အလုပ်ဖြစ်ပါတယ်။ မခွဲခြားဘဲ ပူးပြီးစဉ်းစားနိုင်ဖို့ လိုအပ်တယ်။

အမှန်တော့ ကျွန်တော်တို့ဟာ ပြီးပြည့်စုံမှုမရှိကြပါဘူး။ အရာရာခြောက်ပြစ်ကင်း သဲလဲစင်မဟုတ်ကြဘူး။ အားနည်းချက်တွေရှိကြတယ်၊ လိုအပ်ချက်တွေရှိကြတယ်။ အလုပ်ခွင်မှာ ရှိနိုင်သလို မိသားစုနဲ့ပတ်သက်လာရင်လည်း ရှိနိုင်မှာ။ မိမိရဲ့မပြည့်ဝတဲ့အခြေအနေကို လက်ခံပြီး အခြေအနေတစ်ခုမှာ အကောင်းဆုံးဖြစ်အောင်သာကြိုးစားကြရမှာ။ ရာနှုန်းပြည့်မရနိုင်ပေမယ့် လက်ခံနိုင်တဲ့အနေအထားတစ်ခုကိုရအောင်တော့ ကြိုးစားကြရမှာ။ အလုပ်၊ မိသားစု၊ ပတ်ဝန်းကျင်နဲ့ မိမိကိုယ်အတွက် ပြည့်ဝတဲ့ဘဝကို ရနိုင်အောင် ကြိုးစားကြရမှာသာ ဖြစ်ပါတယ်။ ။

# မြိတ်မြို့တွင် ဒီဇယ်မီးစက်ဖြင့် လျှပ်စစ်မီးတစ်ယူနစ် ၂၈၂ ကျပ်ဖြင့် ဖြန့်ဖြူးပေးမည်

**မြိတ် ဇူလိုင် ၁၉**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် လျှပ်စစ်ဓာတ်အားကို HFO လောင်စာဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးရန် တင်ဒါအောင်မြင်ထားသည့် Petro & Trans ကုမ္ပဏီမှ ကိုဗစ်-၁၉ ကာလနှင့် စက်ရုံတည်ဆောက်မည့် မြေနေရာအခက်အခဲကြောင့် ယနေ့မှစတင်ကာ ယာယီဒီဇယ်မီးစက်ဖြင့် လျှပ်စစ်ဓာတ်အားကို တစ်ယူနစ် ၂၈၂ ကျပ်ဖြင့် ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

Petro & Trans ကုမ္ပဏီအထွေထွေမန်နေဂျာ ဦးတင်ထွန်းဦးက “ စာချုပ်ချုပ်ဆိုထားတဲ့ တည်နေရာက လယ်ယာမြေဖြစ်နေပါတယ်။ ဒီအတွက်ကြောင့် တိုင်းဒေသကြီး အစိုးရက အခြားနည်းအသုံးပြုခွင့်ရရှိရေး ဆောင်ရွက်ပြီးမှသာလျှင် HFO စက်ကြီးတွေထိုင်ပြီးတော့မှ လျှပ်စစ်ဓာတ်အားထုတ်လုပ် ဖြန့်ဖြူးခွင့်ပြုမယ်ဆိုပြီး ညွှန်ကြားလာပါတယ်။ လယ်ယာမြေအခြားနည်းသုံးစွဲခွင့်ပြုပြီးမှသာ ဆောင်ရွက်ရမှာဖြစ်တဲ့အတွက် ပဏာမတည်ဆောက်ရေးလုပ်ငန်းတွေ ရပ်လိုက်ရပါတယ်။ ရပ်ပြီးတော့ အရေးပေါ် ဒီဇယ်မီးစက်တွေသုံးပြီး စာချုပ်မှာပါဝင်တဲ့ ဇူလိုင် ၁၉ ရက်ကစပြီး လျှပ်စစ်ဓာတ်အားကို ယာယီ ထုတ်လုပ်ပို့လွှတ်ဖြန့်ဖြူးပေးသွားမှာ ဖြစ်ပါတယ်” ဟု ပြောသည်။

HFO လောင်စာသုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးမည့် စက်ရုံတည်နေရာသည် ကလွင်ကျေးရွာရှိ ရေပုန်းကွင်းအမှတ်(၂၄၂)ရှိ ၄ ဒသမ ၈၅ ဧကခွဲ တည်ဆောက်ရန် စာချုပ်ချုပ်ဆိုထားကြောင်း၊ လက်ရှိအချိန်တွင် လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးရန် ဒီဇယ်မီးစက်များနှင့် ထရန်စဖော်မာများ ရောက်ရှိတပ်ဆင်လျက်ရှိကြောင်း၊ မီးစက်များ၏ လျှပ်စစ်ထုတ်လုပ်နိုင်မှု စွမ်းရည်၏ ၈၀ ရာခိုင်နှုန်း ပဏာမ ၁၀ ဒသမ ၂၄၀ မဂ္ဂါဝပ် ထုတ်လုပ်ပို့လွှတ်ဖြန့်ဖြူးပေးရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။

မြိတ်မြို့တွင် ပြည်သူများနေ့စဉ်သုံးစွဲလျက်ရှိသည့် လျှပ်စစ်ဓာတ်အားအနေဖြင့် တစ်ရက်လျှင် တစ်မြို့လုံးစုစုပေါင်း အမြင့်ဆုံးသုံးစွဲသည့်ပမာဏသည် ၁၀ မဂ္ဂါဝပ်ခန့်ရှိကြောင်း၊ လျှပ်စစ်ဓာတ်အားလိုင်းအနေဖြင့် ၁၁ ကေဗွီဓာတ်အားလိုင်းဖြင့် ဖြန့်ဖြူးပေးလျက်ရှိကြောင်း မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး လုပ်ငန်းမှ သိရသည်။

ခိုင်ထူး( ပြန်/ဆက် )



# မြရည်နန္ဒာ တန်ဖိုးမျှတအိမ်ရာစီမံကိန်းမှ စတုတ္ထအကြိမ်အဖြစ် တိုက်ခန်းပေါင်း ၅၀၀ ကျော် ထပ်မံရောင်းချရန် စီစဉ်

**မန္တလေး ဇူလိုင် ၁၉**

မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီက အကောင်အထည် ဖော်ဆောင်ရွက်ထားသော မြရည်နန္ဒာ တန်ဖိုးမျှတအိမ်ရာစီမံကိန်းမှ စတုတ္ထအကြိမ်အဖြစ် တိုက် ၂၁ လုံးမှ တိုက်ခန်းပေါင်း ၅၀၀ ကျော်ကို မဲစနစ်ဖြင့် ယခုနှစ်အတွင်း ထပ်မံရောင်းချပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီ အဆောက်အအုံနှင့် ကုန်ရုံဌာန ဒုတိယဌာနခွဲမှူး ဒေါ်မျိုးအိအိစိုးထံမှ သိရသည်။

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီအနေဖြင့် မြရည်နန္ဒာ တန်ဖိုးမျှတအိမ်ရာစီမံကိန်းမှ တိုက်ခန်းများကို နိုင်ငံ့ဝန်ထမ်းများ၊ အငြိမ်းစားဝန်ထမ်းများ၊ ကုမ္ပဏီဝန်ထမ်းများနှင့် ပြည်သူများအား နေထိုင်ရေး အဆင်ပြေစေရန် လက်ငင်းငွေချေစနစ် သို့မဟုတ် အရစ်ကျစနစ်ဖြင့် ရောင်းချပေးလျက်ရှိရာ ယခင်က သုံးကြိမ် ရောင်းချထားပြီးဖြစ်သည်။

"တတိယအကြိမ်မှာ တိုက် ၂၁ လုံးမှ တိုက်ခန်းပေါင်း ၅၈၀ ကျော်ကို ပြီးခဲ့တဲ့ ဇွန်လက ရောင်းချပေးပြီးပါပြီ။ ဒီနှစ်ထဲမှာပဲ စတုတ္ထအကြိမ်မြောက်အဖြစ် တိုက် ၂၁ လုံးမှ တိုက်ခန်းများ ထပ်မံရောင်းချဖို့ ရှိပါသေးတယ်။ တိုင်းဒေသကြီး အစိုးရအဖွဲ့ကို တင်ပြပြီး ခွင့်ပြုမိန့်ကျလာရင် ဘယ်အချိန်မှာ ရောင်းချရမလဲ သိရမှာပါ။ ထပ်မံရောင်းချမယ့် တိုက် ၂၁ လုံးက တည်ဆောက်ပြီးစီးနေပါပြီ။ အခုနှစ်မှာပဲ ထပ်မံရောင်းချနိုင်အောင် ဆောင်ရွက်နေပါတယ်"ဟု ဒုတိယဌာနခွဲမှူးက ပြောသည်။



ထပ်မံရောင်းချမည့် တိုက်ခန်းသစ်များ ပါဝင်သော တန်ဖိုးမျှတအိမ်ရာစီမံကိန်းမှ အဆောက်အအုံများ

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီသည် မြရည်နန္ဒာ တန်ဖိုးမျှတအိမ်ရာစီမံကိန်းကို ၂၀၁၆ ခုနှစ်က စတင် အကောင်အထည်ဖော်ခဲ့ပြီး ၂၀၁၈ ခုနှစ်တွင် ပထမအကြိမ်အဖြစ် တိုက် ၂၈ လုံးမှ တိုက်ခန်းများ၊ ၂၀၁၉ ခုနှစ်တွင် ဒုတိယအကြိမ်အဖြစ် တိုက် ၁၉ လုံးမှ တိုက်ခန်းများ၊ ယခုနှစ် ဇွန်လတွင် တတိယအကြိမ်အဖြစ် တိုက် ၂၁ လုံးမှ တိုက်ခန်းများကို နိုင်ငံ့ဝန်ထမ်းများ၊ အငြိမ်းစားဝန်ထမ်းများ၊ ကုမ္ပဏီဝန်ထမ်းများနှင့် ပြည်သူများအား မဲစနစ်ဖြင့် ရောင်းချပေးခဲ့ကြောင်း၊ ယခု စတုတ္ထအကြိမ်အဖြစ်လည်း တိုက် ၂၁ လုံး မှ တိုက်ခန်းများကို ယခုနှစ်အတွင်းမှာပင် မဲစနစ်ဖြင့် ထပ်မံရောင်းချပေးနိုင်ရန် စီစဉ်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း ဒုတိယဌာနခွဲမှူးက ဆက်လက်ပြောကြားသည်။

ယခုနှစ် ဇွန်လတွင် ရောင်းချခဲ့သော တိုက်ခန်း ၅၈၆ ခန်းမှ တိုက်ခန်းများသည် တိုက်ခန်းတစ်ခန်းလျှင် အကျယ်အဝန်း ၆၆၁ စတုရန်းပေရှိကာ ဈေးနှုန်းများအနေဖြင့် မြေညီထပ် တစ်ခန်းလျှင် ငွေကျပ် ၂၈၈ ဒသမ ၄ သိန်း၊ ပထမထပ် တစ်ခန်းလျှင် ငွေကျပ် ၂၅၇ ဒသမ ၅ သိန်း၊ ဒုတိယထပ် တစ်ခန်းလျှင် ငွေကျပ် ၂၃၁ ဒသမ ၇၅ သိန်း၊ တတိယထပ် တစ်ခန်းလျှင် ငွေကျပ် ၂၁၁ ဒသမ ၁၅ သိန်း၊ စတုတ္ထထပ် တစ်ခန်းလျှင် ငွေကျပ် ၁၉၅ ဒသမ ၇ သိန်းနှင့် အပေါ်ဆုံးထပ် တစ်ခန်းလျှင် ငွေကျပ် ၁၈၀ ဒသမ ၂၅ သိန်း ဖြစ်ကြောင်း သိရ သည်။ **သန်းဇော်မင်း(ပြန်/ဆက်)**

# မြန်အောင် တာ ကမ်းပြိုမှု ဆက်လက်မဖြစ်ပွားစေရန် အရေးပေါ်ကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်

**မြန်အောင် ဇူလိုင် ၁၉**

ရောဝတီတိုင်းဒေသကြီး မြန်အောင်မြို့ မြန်အောင်တာမိုင် ၆/၃ အနီး ဧရာဝတီမြစ်ရေ တိုက်စားမှုကြောင့် ကမ်းပြိုမှု ဆက်လက် မဖြစ်ပွားစေရန် ဟင်္သာတခရိုင် ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အရေးပေါ်ကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

“အခုလို ရေကာတန်းလုပ်ပြီးတဲ့အခါ မြစ်ရေတိုက်စားမှု သက်သာသွားပြီး ကမ်းပြိုတာလည်း အထိုက်အလျောက်သက်သာသွားပါတယ်။ မြစ်ကမ်းပါးက ရေကာတာနဲ့နီးကပ်နေလို့ လာမယ့်ပွင့်လင်းရာသီမှာ ကွန်ကရစ်ကျောက်ပြားကပ်နိုင်မှ ကမ်းပြိုမှုကာကွယ်နိုင်မှာဖြစ်ပါတယ်” ဟု အမှတ်(၁) ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးသန်းဇော်က ပြောသည်။

ယခုနှစ် ဇူလိုင်လအတွင်း ဧရာဝတီမြစ်ရေတက်လာစဉ် မြန်အောင်တာမိုင် ၆/၃ အနီး ကမ်းပါးထိန်းမျော ကရစ်တည်ဆောက်ပြီး Slope Polyfelt အုပ်ထားသောနေရာတွင် ကမ်းပြိုမှုဖြစ်ပေါ်လာသောကြောင့် ကမ်းပြိုမှု ဆက်လက် မဖြစ်ပွားစေရန် အရေးပေါ်ကာကွယ်ရေးလုပ်ငန်း ရေကာတန်း ပေ ၄၀၀ ဆောင်ရွက်ပြီးဖြစ်ကြောင်း ခရိုင်ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးဝင်းထံမှ သိရသည်။

မြန်အောင်မြို့နယ်အတွင်း ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာနှစ်တွင် မကျီးစု မြစ်ကမ်းထိန်းလုပ်ငန်းအတွက် ငွေကျပ်သန်း ၂၀၀၊ မြန်အောင်ပန်းခြံ ကမ်းထိန်းလုပ်ငန်းအတွက် ငွေကျပ်သန်း ၂၀၀၊ မြန်အောင်မြို့နယ် ရွှေကျင်ကျေးရွာ ဘုရားလှကျေးရွာအနီး ကမ်းထိန်းလုပ်ငန်းအတွက် ငွေကျပ်သန်း ၂၀၀ လျာထားကြောင်း ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးထံမှ သိရသည်။

**ဝင်းမိုလ် (ပြန်/ဆက်)**

# မိုးနည်းလာခြင်းကြောင့် သီးနှံပုံစံရွေးချယ်ခြင်းနှင့် ရေသိုလှောင်ခြင်းများ လုပ်ဆောင်ရန်လိုအပ်

**မကွေး ဇူလိုင် ၁၉**

မိုးရွာသွန်းမှုနှင့်ဆိုင်သော ရာသီဥတုအခြေအနေ ပြောင်းလဲလာခြင်းကြောင့် တောင်သူများအနေဖြင့် သီးနှံပုံစံရွေးချယ်၍ ပြောင်းလဲစိုက်ပျိုးခြင်းနှင့် ရေသိုလှောင်စနစ်ထားရှိခြင်းများကို နှစ်စဉ်လုပ်ဆောင်ရန် လိုအပ်နေပြီဖြစ်ကြောင်း မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူ၏ ပြောကြားချက်အရ သိရသည်။

စိုက်ပျိုးရေးဦးစီးဌာနမှ ဆယ်စုနှစ် နှစ်ခုခန့်အတွင်း မိုးရေချိန်ဆိုင်ရာ မှတ်တမ်းမှတ်ရာများကို စာရင်းပြုစုထားရှိခဲ့ပြီး ပြန်လည်စိစစ်ရာ လွန်ခဲ့သည့် သုံးနှစ်ခန့်မှစ၍ ရာသီဥတုပြောင်းလဲလာလျက်ရှိသည်ကို တွေ့ရှိရသည်ဟု ဆိုသည်။

"လွန်ခဲ့တဲ့ သုံးနှစ်လောက်ကစပြီး မိုးရွာသွန်းမှုရက်တွေ လျော့လာတယ်။ ရွာရင်လည်း ပြန့်ကျဲပြီးရွာတဲ့အစား ပြတ်ရင် လုံးလုံးပြတ်တယ်။ ရွာရင်လည်း နှစ်ရက်သုံးရက်အတွင်း မိုးရေချိန် လက်မအများကြီး ရွာချလိုက်တယ်။ ဆိုတော့ မိုးရွာသွန်းမှုအနေအထားအပေါ် မူတည်ပြီး ဒေသနဲ့သင့်လျော်တဲ့ သီးနှံသက်တမ်း(အတို၊ အလတ်၊ အရင့်) ပုံစံတွေကို ရွေးချယ်ပြီး ပြောင်းလဲစိုက်ဖို့ လိုပါတယ်"ဟု တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးလင်းမြတ်က ပြောသည်။

မကွေးတိုင်းဒေသကြီးအတွင်း ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးစပါး ၆၃၄၄၇၅ ဧက၊ အစေ့ထုတ်ပြောင်း ၂၀၉၆၂ ဧက၊ မြေပဲ ဧက ၄၈၉၃၉၀ ၊ နှမ်း ဧက ၁၁၁၃၁၃၀၊ နေကြာ ဧက ၁၃၀၇၀၊ ပဲတီစိမ်း ၄၇၅၄၈၈ ဧက၊ ပဲစင်းငုံ ၁၈၄၄၄၉ ဧက၊ ဝါ ၁၉၂၂၆၁ ဧကနှင့် ကြံ ၁၅၀၀၈ ဧကတို့ကို လျာထားစိုက်ပျိုးလျက်ရှိသည်။

"သီးနှံပုံစံ ပြောင်းလဲဖို့အပြင် မိုးရေကိုသိုလှောင်တဲ့ Water Saving စနစ်ကလည်း လိုအပ်ပါတယ်။ ချောင်းမြောင်း၊ လျှိုတွေမှာ ရေကိုပိတ်ပြီး လှောင်ထားမယ်။ ပြီးတော့မှ ထုတ်သုံးတယ် ဆိုတာမျိုးပေါ့"ဟု ညွှန်ကြားရေးမှူးက ဆက်လက်ပြောသည်။

မကွေးတိုင်းဒေသကြီးတွင် နှမ်းသီးနှံကို အဓိကစိုက်ပျိုးပြီး ယခုနှစ် မိုးရာသီ၌ ဧက ၁၁ သိန်းကျော်စိုက်ပျိုးထားကြောင်း၊ မေလတွင် မုန်တိုင်းမိုးတစ်ခုရှိခဲ့သည့်အတွက် စိုက်ပျိုးမှု အဆင်ပြေခဲ့သော်လည်း ဇူလိုင်လအတွင်း မိုးရွာသွန်းရက်ခြား၍ ကွက်ကျားမိုးရွာသွန်းခဲ့ခြင်းကြောင့် ပျက်စီးနိုင်သည့်စိုက်ခင်းများလည်းရှိနေကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မကွေးဒေသခံတောင်သူ ဦးသောင်းက "နှမ်းကမညီဘူး။ တချို့ဒေသတွေမှာ ပွင့်နီတွေကပ်ကုန်တာ ရှိတယ်။ အပင်တွေ မဖြစ်ထွန်းတာ ရှိတယ်။ အပင်ကြီးတွေ တစ်အားသန်ပြီး သီးရှင်းသီးခိုင်က လေးငါးခိုင်လောက်ပဲ တင်တာရှိတယ်။ တကယ်ကောင်းရင် သီးရှင်းက အစိတ်လောက်တော့ တင်ရမှာ။ ဒေသတစ်ခုတည်းမှာကို တချို့တောင်သူတွေ ကျတော့လည်း နှမ်းအလွန်ကောင်းကြတယ်။ မိုးကို မျှော်လို့ကတော့ မကိုက်တော့ဘူး" ဟု ပြောသည်။

မကွေးတိုင်းဒေသကြီး၌ ယခုနှစ်တွင် ဇွန် ၃၀ ရက်အထိ မိုးသီးနှံ စိုက်ပျိုးပြီးစီးသည့် ရာခိုင်နှုန်းမှာ မိုးစပါး ၂ ဒသမ ၅ ရာခိုင်နှုန်း၊ အစေ့ထုတ်ပြောင်း ၇၆ ဒသမ ၅၇ ရာခိုင်နှုန်း၊ မြေပဲ ၄၇ ဒသမ ၂၉ ရာခိုင်နှုန်း၊ နှမ်း ၉၂ ဒသမ ၄၃ ရာခိုင်နှုန်း၊ နေကြာ ၁၈ ဒသမ ၇၃ ရာခိုင်နှုန်း၊ ပဲတီစိမ်း ၃၃ ဒသမ ၃၅ ရာခိုင်နှုန်း၊ ပဲစင်းငုံ ၈၅ ဒသမ ၅၄ ရာခိုင်နှုန်းနှင့် ဝါ ၄ ဒသမ ၃၆ ရာခိုင်နှုန်းဖြစ်ကာ လျာထားချက်ထက်ပိုစိုက်သည့် ကြံသီးနှံမှာ ၁၀၉ ဒသမ ၂၀ ရာခိုင်နှုန်း ရှိကြောင်း သိရသည်။ **ဇေယျာတု(မကွေး)**

# စပါးဖျက်ပိုး ကြိုတင်ကာကွယ်နှိမ်နင်းရေးအတွက် နာဂဒေသ ပန်ဆောင်မြို့၌ ပညာပေးဟောပြော

**ပန်ဆောင် ဇူလိုင် ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်းယွန်းမြို့နယ် ပန်ဆောင်မြို့၌ စပါးဖျက်ပိုး မကျရောက်စေရန် ကြိုတင်ကာကွယ်နှိမ်နင်းရေး အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၁၇ ရက်က ပြုလုပ်သည်။

ဟောပြောပွဲတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူး ဦးမျိုးမင်းဦးက အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးမှူး ဦးယုတ္တိက စပါးဖျက်ပိုး မကျရောက်စေရန် ကြိုတင်ကာကွယ်ခြင်း၊ ဘက်စုံကာကွယ်နှိမ်နင်းရေး နည်းလမ်းများနှင့် လူထုလုပ်ရှားမှုအသွင်ဖြင့် စုပေါင်းကာကွယ်နှိမ်နင်းရန် လိုအပ်ကြောင်း၊ စပါးဖျက်ပိုးကျရောက်ပါက ထိရောက်စွာ ကာကွယ်နှိမ်နင်းရေးအတွက် နည်းလမ်းမှန်ကန်စွာ ပိုးသတ်ဆေးဖျန်းရန်နှင့် ပိုးဥနှင့် ပိုးကောင်ငယ် အဆင့်တွင် နှိမ်နင်းပါက ပိုမိုထိရောက်နိုင်မည်ဟု အသိပညာပေး ရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။

**စနေမောင်မောင်(ခန္တီး)**

# ထာဝရကုသိုလ်ရယူဖို့ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့

# ပူတာအိုမြို့နယ်၌ ကျေးရွာရေရရှိရေးလုပ်ငန်းဆောင်ရွက်ရန် ကွင်းဆင်းတိုင်းတာမှုများပြုလုပ်

**ပူတာအို ဇူလိုင် ၁၉**

ကချင်ပြည်နယ် ပူတာအိုမြို့နယ် လုံရှာယာန်ကျေးရွာအုပ်စု တန်ဂျာကျေးရွာ၌ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လူထုဗဟိုပြုစီမံကိန်း (တတိယနှစ်စက်ဝန်း)အရ အကောင်အထည်ဖော် ဆောင်ရွက်မည့် စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်းနှင့်ဂါလန်၃၀၀၀ဆံ့ရေလှောင်ကန်တည်ဆောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ကွင်းဆင်းတိုင်းတာမှုများကို တာဝန်ရှိသူများက ဇူလိုင် ၁၆ ရက်က ပြုလုပ်သည်။

အဆိုပါ ကွင်းဆင်းတိုင်းတာမှုများကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ လူထုဗဟိုပြုစီမံကိန်း တာဝန်ခံအင်ဂျင်နီယာ ဒေါ်ဖုန်အတာဆိုင်းထွယ်၊ ပြည်နယ် နည်းပညာ အကြံပေးအင်ဂျင်နီယာ ဒေါ်နွေးနွေးအောင်နှင့် လူထုဗဟိုပြုစီမံကိန်းမှ စည်းရုံးရေးမှူးများက ကျေးရွာကော်မတီဝင်များနှင့် ပူးပေါင်း၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ကွင်းဆင်းတိုင်းတာမှုများ ပြုလုပ်ခြင်းနှင့်အတူ လူထုဗဟိုပြုစီမံကိန်း တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာမှ စီမံကိန်းကော်မတီများနှင့် ကျေးရွာလူထုအား တွေ့ဆုံ၍ စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်းများတွင် ပူးပေါင်းပါဝင်လုပ်ဆောင်ရမည့် အချက်များကိုလည်း ဆွေးနွေးကြသည်။

တန်ဂျာကျေးရွာ၌ ရေရရှိရေးအတွက် အရှည် ၁ မိုင် ၁ ဖာလုံရှိ စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်းနှင့် ဂါလန် ၃၀၀၀ဆံ့ ရေလှောင်ကန် တည်ဆောက်ခြင်းလုပ်ငန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လူထုဗဟိုပြုစီမံကိန်း(တတိယနှစ်စက်ဝန်း)မှ ခွဲဝေချထားသည့် ရန်ပုံငွေကျပ် ၉၉ သိန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ပြီး စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်းနှင့် ရေလှောင်ကန် တည်ဆောက်ခြင်းလုပ်ငန်းများ ပြီးစီးသွားပါက တန်ဂျာကျေးရွာရှိ အိမ်ထောင်စု ၉၄ စုမှ လူဦးရေ ၅၄၃ ဦးအတွက် သောက်သုံးရေ လုံလောက်စွာ ရရှိမည်ဖြစ်ကြောင်းသိရသည်။ **ဖုန်ကန်(ပြန်/ဆက်)**



လူထုဗဟိုပြုစီမံကိန်း တာဝန်ခံအင်ဂျင်နီယာနှင့်အဖွဲ့ ကွင်းဆင်းတိုင်းတာမှုများ ဆောင်ရွက်စဉ်။

# ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် စိုက်ပျိုးထုတ်လုပ်မှု ထိခိုက်လာမှုအပေါ် ထိရောက်စွာ ပြန်လည်ကုစားနိုင်ရေးဆွေးနွေး

နေပြည်တော် ဇူလိုင် ၁၉

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် မြန်မာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးမွေးမြူရေးစနစ် ဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရေးဆွေးနွေးပွဲကို ဇူလိုင် ၁၆ ရက်က နေပြည်တော်ရုံးအမှတ် ၄၃ အစည်းအဝေးခန်းမ၌ ကျင်းပသည်။** (ယာပုံ)



ဆွေးနွေးပွဲတွင် စီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆွေလင်း က အမှာစကားပြောကြားပြီး ဦးစီးဌာနအသီးသီးမှ တက်ရောက်လာကြသော ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက စီမံကိန်း အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် အလေးထားဆောင်ရွက်သင့်သည့်အချက်များ၊ ရေရှည်တည်တံ့ ဖွံ့ဖြိုးရန် မျှော်မှန်းပြီး လက်တွေ့ အကောင်အထည် ဖော်ဆောင်ရွက်နိုင်မည့်လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြပြီး ကမ္ဘာ့ဘဏ် Team Leader Ms. Mio က စီမံကိန်းစီမံခန့်ခွဲမှု လမ်းညွှန် Project Implementation Manual (PIM) ရေးဆွဲရန်နှင့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ စီမံခန့်ခွဲမှုမူဘောင် Environment and Social Management Framework (ESMF) အား ပြုစုရန်အတွက် ဆက်လက်ဆောင်ရွက်ရမည့် အစီအစဉ်များအား တင်ပြဆွေးနွေးသည်။

အဆိုပါစီမံကိန်းအရ စိုက်ပျိုးထုတ်လုပ်မှုများ တိုးပွားလာစေရန်၊ သီးနှံအမယ်စုံ တိုးချဲ့ စိုက်ပျိုးလာနိုင်စေရန်နှင့် ရွေးချယ်ထားသော တန်ဖိုးမြင့် စိုက်ပျိုးထုတ်လုပ်မှု ကွင်းဆက်တစ်လျှောက် အရည်အသွေး ပိုမိုကောင်းမွန်မှုနှင့် ဈေးကွက်ယှဉ်ပြိုင်မှုများ တိုးမြင့်လာနိုင်စေရန်၊ လတ်တလော ဖြစ်ပေါ်နေသည့် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် စိုက်ပျိုးထုတ်လုပ်မှုအား ထိခိုက်လာမှုအပေါ် ထိရောက်စွာ အမြန် ပြန်လည်ကုစားနိုင်မည့် အစီအစဉ်အတွက် လုပ်ကွက်ငယ်တောင်သူများအား ကူညီပံ့ပိုးပေးရန်၊ လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးမှုဆိုင်ရာ စွမ်းဆောင်ရည် မြှင့်တင်ရေးအစီအစဉ်များဖြင့် ပုဂ္ဂလိကကဏ္ဍနှင့် အစိုးရကဏ္ဍ ပူးပေါင်းမှု အားကောင်းစေရန်တို့ကို ရည်ရွယ် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။ **မေမိုးသဲ**

# မြေဆီလွှာထိန်းသိမ်းခြင်း၊ စိုက်ပျိုးရေစီမံခန့်ခွဲခြင်းနှင့် တန်ဖိုးမြှင့်ထုတ်ကုန်ကွင်းဆက်တိုးတက်စေခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**မင်းတပ် ဇူလိုင် ၁၉**

ချင်းပြည်နယ် မင်းတပ်မြို့ စံပြရပ်ကွက် စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ယမန်နေ့က မြေဆီလွှာထိန်းသိမ်းခြင်း၊ စိုက်ပျိုးရေစီမံခန့်ခွဲခြင်းနှင့် တန်ဖိုးမြှင့်ထုတ်ကုန်ကွင်းဆက် တိုးတက်စေခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပသည်။ **(အောက်ပုံ)**



စိုက်ပျိုးရေးသုတေသနဦးစီးဌာန သုတေသနမှူး ဒေါ်ခိုင်ခိုင်ထွေးက "အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်ကတော့ မြို့နယ်မှာရှိတဲ့ စိုက်ပျိုးရေးတောင်သူတွေ အနောက်ပိုင်းဒေသ စိုက်ပျိုးစီးပွားဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း လုပ်ငန်းများ အကောင်အထည်ဖော်ဖို့၊ ရာသီဥတုဆိုင်ရာအချက်အလက်တွေ ဆွေးနွေးဖို့၊ ကော်ဖီ၊ ဝဥသီးနှံတွေနဲ့ ပတ်သက်တဲ့ အခက်အခဲတွေ ကူညီဖြေရှင်းပေးဖို့၊ စိုက်ပျိုးရေစီမံကိန်းနဲ့ ပတ်သက်တဲ့ အခက်အခဲတွေ ကူညီဖြေရှင်းပေးဖို့ လာရောက်ရခြင်း ဖြစ်ပါတယ်။ သုတေသနပညာပေးရေးစခန်း ဘောခ္ဒီးခြံမှာ တည်ဆောက်ဖို့လည်း ရှိပါတယ်။ စီမံကိန်းအနေနဲ့ကတော့ ခြောက်နှစ်ဖြစ်ပါတယ်" ဟု ပြောကြားသည်။

ယင်းအလုပ်ရုံ ဆွေးနွေးပွဲတွင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးထန်းနိုင်းက "အခုလုပ်မယ့် စီမံကိန်းမှာ Care NGO အဖွဲ့အစည်းပါမယ်။ စိုက်ပျိုးရေးဝါသနာပါတဲ့ တောင်သူတွေနဲ့စိုက်ပျိုးရေးဦးစီးဌာနက ဝန်ထမ်းတွေပါတယ်။ မင်းတပ်နဲ့ ကန်ပက်လက်မှာ သုတေသနပညာပေးရေးစခန်းဆောက်ဖို့ စီစဉ်နေပါတယ်။ ခေတ်မီတောင်စောင်းစိုက်ပျိုးရေးစနစ်အနေနဲ့ မင်းတပ်မှာ ၁၆၅ ဧကနဲ့ ကန်ပက်လက်မှာ ၁၅၄ ဧက လုပ်ဖို့စီစဉ်ထားပါတယ်။ KC Centre ရွေးဖြစ်ရတဲ့ အကြောင်းကတော့ လမ်းပိုင်းဆက်သွယ်ရေး ကောင်းတယ်။ အနောက်ပိုင်းဒေသ စိုက်ပျိုးစီးပွားဖွံ့ဖြိုးတိုးတက်မှုဖြစ်တဲ့အတွက် မင်းတပ်နဲ့ကန်ပက်လက်ကို ရွေးထားရခြင်းဖြစ်ပါတယ်။ KC Centre ကိုတော့ မင်းတပ်မှာ ရှစ်လုံးနဲ့ ကန်ပက်လက်မှာ ခုနစ်လုံး စုစုပေါင်း ၁၅ လုံးတည်ဆောက်ဖို့လျာထားပါတယ်။ ရည်ရွယ်ချက်ကတော့ တောင်သူတွေ ဝင်ငွေတိုးဖို့၊ အလုပ်အကိုင် အခွင့်အလမ်းရရှိဖို့၊ စားနပ်ရိက္ခာဖူလုံစေဖို့၊ အာဟာရပြည့်ဝစေဖို့၊ ရာသီဥတုပြောင်းလဲမှုကို စွမ်းဆောင်နိုင်တဲ့ အားကောင်းတဲ့စိုက်ပျိုးရေးစနစ်ဖြစ်ဖို့နဲ့ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေဖို့အတွက် ရည်ရွယ်ပြီး စီမံကိန်းလုပ်ဆောင်ရခြင်းဖြစ်ပါတယ်။ သီးနှံတွေကတော့ ဝဥ၊ ကော်ဖီ၊ လက်ဖက်၊ ထောပတ်၊ လိမ္မော်နဲ့ စပျစ်တွေပဲဖြစ်ပါတယ်။ ဈေးကွက်အနေနဲ့ကတော့ ပူးပေါင်းအဖွဲ့တွေနဲ့ ချိတ်ဆက်ပြီးတော့ စီမံခန့်ခွဲရေးနှင့်ကျေးရွာတွေမှာရှိတဲ့ တောင်သူတွေရဲ့ ထုတ်လုပ်တဲ့ စိုက်ပျိုးရေးထုတ်ကုန်တွေ အရည်အသွေးမြင့်လာမှုအပေါ် မူတည်ပြီး ဆောင်ရွက်ပေးဖို့ ရှိပါတယ်" ဟု ပြောကြားသည်။

**ခွီရှိန်းမောင်း(ပြန်/ဆက်)**

# ကော်ဖီနံ့ကောင်များကျရောက်၍ စိုက်ပျိုးရေးဦးစီးဌာနက ကွင်းဆင်း

**ရွှေသောင်ယံ ဇူလိုင် ၁၉**

ဧရာဝတီတိုင်းဒေသကြီး ရွှေသောင်ယံမြို့ မကျီးဇင်ကျေးရွာအုပ်စုအတွင်း ကော်ဖီနံ့ကောင်များ ကျရောက်နေ၍ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန၏ လမ်းညွှန်ချက်ဖြင့် ယမန်နေ့က ရွှေသောင်ယံမြို့စိုက်ပျိုးရေးဦးစီးမှူး၊ တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာန တိုင်းသီးနှံကာကွယ်ရေးဌာနမှ ဦးစီးအရာရှိ ဒေါ်လတ်လတ်ခိုင်နှင့် ခရိုင်တာဝန်ခံများ၊ မကျီးဇင်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးတို့က ကွင်းဆင်းစစ်ဆေးပြီး ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင်တာဝန်ရှိသူများက မကျီးဇင်ကျေးရွာအုပ်စု ပေါက်လှကျိုင်ကျေးရွာ၌ တောင်သူများနှင့်တွေ့ဆုံ၍ အုန်း၊ ကွမ်း၊ သရက်တို့တွင် ကျရောက်သော နံ့ကောင် (ကော်ဖီနံ့ကောင်) များကို ဇီဝနည်း၊ ဓာတုနည်းများဖြင့် နှိမ်နင်းကာကွယ်နိုင်ရန် ယင်းနံ့ကောင်ကြောင့် ဆိုးရွားစွာထိခိုက်ပျက်စီးမှုများ မဖြစ်ပေါ်နိုင်ခြင်းနှင့် စပါးသီးနှံတွင် ကျရောက်သော ဒေသအခေါ် (ဂုတ်ဖီး) သို့မဟုတ် နံ့စုပ်ဂျပိုး ကျရောက်မှုကို နည်းပညာများပေးကာ တောင်သူများနှင့် ဆွေးနွေးသည်။

ထို့ပြင် နံ့ကောင်များ ကျရောက်မှုကို ကာကွယ်နှိမ်နင်းရန်အတွက် ပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပြီး နောက်ထပ်ကျေးရွာခွဲသုံးရွာသို့ဗီနိုင်းပိုစတာများ စိုက်ထူအသိပေးနှိုးဆော်နိုင်ရန် ပေးအပ်ကြကြောင်း သိရသည်။

**ကိုကိုမောင်(ပြန်/ဆက်)**

# ပျဉ်သာကျေးရွာ၌ ဟင်းသီးဟင်းရွက်သီးနှံမျိုးစေ့ပေးအပ်ပွဲနှင့် ကန္တာရကျိုင်းကောင်အန္တရာယ်အသိပညာပေးဆွေးနွေး

**မိတ္ထီလာ ဇူလိုင် ၁၉**

မိတ္ထီလာမြို့နယ် ပျဉ်သာကျေးရွာတွင် ကိုရီးယားနိုင်ငံမှ KOICA အကူအညီဖြင့် ဟင်းသီးဟင်းရွက်သီးနှံမျိုးစေ့ပေးအပ်ပွဲနှင့် ကန္တာရကျိုင်းကောင်အန္တရာယ်ကြိုတင်ကာကွယ်ရေးအသိပညာပေးဆွေးနွေးပွဲကို ဇူလိုင် ၁၇ ရက်က ကျင်းပသည်။ **(ယာပုံ)**



အဆိုပါ မျိုးစေ့ပေးအပ်ပွဲတွင် ကိုရီးယားနိုင်ငံမှ KOICA ၏ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း စွမ်းဆောင်ရည်မြှင့်တင်ခြင်း စီမံကိန်းအစီအစဉ်ဖြင့် ဟင်းသီးဟင်းရွက် သီးနှံမျိုးစေ့များကို အခမဲ့ပေးအပ်ခြင်းဖြစ်ကြောင်း၊ ကိုဗစ် – ၁၉ ကာလတွင် မိမိနေအိမ်ခြံဝင်းအတွင်း၌ ဟင်းသီးဟင်းရွက် သီးနှံမျိုးစေ့များကို စိုက်ပျိုးထားခြင်းဖြင့် ငွေကုန်ကြေးကျသက်သာ ပြီး လတ်ဆတ်သော သီးနှံများကို စားသုံးနိုင်မည်ဖြစ်ကြောင်း၊ မြို့နယ် စိုက်ပျိုးရေး ဦးစီးမှူး ဦးမောင်မောင်ငြိမ်းက ရှင်းလင်းပြောကြားပြီး ပျဉ်သာကျေးရွာရှိ အိမ်ထောင်စု ၆၀ ထံသို့ ဟင်းသီးဟင်းရွက်သီးနှံမျိုးစေ့များ ပေးအပ်သည်။

ဆက်လက်၍ ကန္တာရကျိုင်းကောင်အန္တရာယ် ကြိုတင်ကာကွယ်ရေးကို မြို့နယ်ဦးစီးမှူးက အသိပညာပေးဆွေးနွေးပြီး ကျေးရွာဒေသခံများထံသို့ အသိပညာ လက်ကမ်းစာစောင်များကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းများက ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **ချမ်းသာ (မိတ္ထီလာ)**

# တပ်ကုန်းမြို့နယ်ရှိ ဦးသီလကန်ကြီး ပြန်လည်ပြုပြင်ပြီးစီး

**တပ်ကုန်း ဇူလိုင် ၁၉**

ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ် သပြေချောင်းကျေးရွာအနီးရှိဦးသီလကန်ကြီး ကန်ပေါင်ပြုပြင်ခြင်း လုပ်ငန်းများကို မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ဆောင်ရွက်ပေးခဲ့ရာ ယခုအခါ လုပ်ငန်းအားလုံးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ထိုသို့ ပြန်လည်ပြုပြင်ရာတွင် နေပြည်တော်ကောင်စီ၏ ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေကျပ် သိန်း ၉၀ ဖြင့် မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲမှုဦးစီးဌာနမှ ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါရေကန်ကြီးကို သပြေချောင်းကျေးရွာနေ ဦးသီလဆိုသူက ၎င်း၏ လယ်ယာမြေများတွင် စိုက်ပျိုးရေး လုပ်ငန်းများအောင်မြင်စွာလုပ်ကိုင်နိုင်ရေးအတွက် လူလုပ်အားတို့ဖြင့်သာ တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ၎င်း၏အမည်ကို အစွဲပြုပြီး "ဦးသီလကန်" ဟု အမည်တွင်ခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းကန်ကြီးမှ လယ်မြေရေသောက်ဧရိယာ ဧက ၅၀၀ ခန့်အား ရေဖူလုံစွာ ရရှိနိုင်ရေးအတွက် တိုးချဲ့တူးဖော်ပေးရန် ၁၉၇၂ ခုနှစ်တွင် ကန်ကော်မတီအဖွဲ့က နိုင်ငံတော် အစိုးရတာဝန်ရှိသူများသို့ တင်ပြခဲ့သဖြင့် ယင်းကန်ကြီးကို နိုင်ငံတော်က တိုးချဲ့တည်ဆောက်ပေးခဲ့ကြောင်း သပြေချောင်းကျေးရွာ ရပ်မိရပ်ဖတစ်ဦးဖြစ်သူ ဦးသာအေးက ပြောသည်။

အဆိုပါကန်ကြီးပြန်လည်ပြုပြင်မှု ပြီးစီးသည့်အတွက် ရွှေမြို့မွေးမြူရေးဇုန် (၂) အတွင်း မွေးမြူရေးလုပ်ငန်းဆောင်ရွက်နေသူများနှင့် သပြေချောင်းကျေးရွာ၊ ရွှေမြို့အရှေ့ကျေးရွာ၊ အနောက်ကျေးရွာနှင့် အနီးဝန်းကျင်ရှိ ကျေးရွာများမှ ဒေသခံတောင်သူများ၏ ကန်ရေသောက် လယ်မြေဧရိယာ ၄၇၃ ဧကခန့်ကို စိုက်ပျိုးရေအတွက်ဖူလုံစွာအကျိုးပြုမည့်အပြင် တစ်ပိုင်တစ်နိုင်မွေးမြူထားသည့် ကျွဲ၊ နွား၊ တိရစ္ဆာန်များ၏ နွေရာသီ သောက်သုံးရေရှားပါးမှု အခက်အခဲကိုလည်း တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။ **မောင်မွေး**

# ပြောင်းလဲရာသီလိုက်လျောညီ စိုက်ရေချွေတာမည်

ဒေါက်တာခင်မာငွေ(စိုက်ပျိုးရေးသုတေသနဦးစီးဌာန)

ယနေ့ မြန်မာနိုင်ငံတွင် လက်ရှိလူဦးရေမှာ ၅၄ ဒသမ ၆၅ သန်းရှိပြီး တိုးတက်လာမည့် လူဦးရေနှင့်အညီ စားနပ်ရိက္ခာလိုအပ်ချက်သည်လည်း တိုးလာမည်ဖြစ်သည်။ ထို့အတူ ရေသယံဇာတ အရင်းအမြစ်များသည် ရာသီဥတု ဖောက်ပြန်မှုနှင့် လူအများ၏ ဘက်စုံသုံးစွဲမှုကြောင့် တဖြည်းဖြည်း လျော့နည်းလာပြီး ရေရှားပါးမှုကို ကြုံတွေ့ဖွယ်ဖြစ်လာသည်။ ရေရှားပါးမှုဖြစ်လာလျှင် စားနပ်ရိက္ခာထုတ်လုပ်မှုကို ထိခိုက်စေနိုင်ရုံသာမက စိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားများ၏ ဝင်ငွေကိုလည်း လျော့ပါးထိခိုက်စေမည်ဖြစ်သည်။

ရာသီဥတုပြောင်းလဲခြင်းကြောင့် သဘာဝအရင်းအမြစ် ရေရှိနိုင်မှု အကန့်အသတ်ဖြစ်ပေါ်နေခြင်းနှင့် အပင်များ မျိုးသုဉ်းပျောက်ကွယ် ပျက်စီးခြင်းတို့ကြောင့် မိုးခေါင်မှုများ ဖြစ်ပေါ်နေပြီဖြစ်ရာ စပါးစိုက်ခင်းများတွင်လည်း စိုက်ပျိုးရေ အကြိမ်ကြိမ် သွင်းပေးရခြင်းကြောင့် ကုန်ကျစရိတ်ကြီးမားခြင်း၊ တစ်ဧက ဝင်ငွေအကျိုးအမြတ် နည်းပါးခြင်းတို့ကို သုတေသီများက နည်းလမ်းမျိုးစုံ ဖော်ထုတ်၍ ဖြေရှင်းရမည်ဖြစ်သည်။

**စိုက်ပျိုးရေကို ချွေတာသုံးစွဲသော နည်းစနစ်**

သုတေသနပြု ဖော်ထုတ်ရာတွင် မည်သည့်သီးနှံမဆို ခံနိုင်ရည်ရှိသည့် မျိုးကို ဖော်ထုတ်ရေးနှင့် စိုက်ပျိုးနည်းစနစ်များ ဖော်ထုတ်ရေးသည် အဓိကအရေးကြီးပါသည်။ ယခုအခါတွင် စိုက်ပျိုးရေကို အကျိုးရှိရှိ ချွေတာသုံးစွဲသော နည်းစနစ်ဖြစ်သည့် ရေစိုတစ်လှည့် ခြောက်တစ်ခါ ရေထိန်းစနစ် (Alternate Wetting and Drying–AWD)ကို စိုက်ပျိုးရေးသုတေသနဦးစီးဌာနတွင် ဖော်ထုတ်ရရှိခဲ့သည်။ ဤနည်းစနစ်သည် တစ်ဧက စပါးအထွက်နှုန်းကို မထိခိုက်စေဘဲ ရေလိုအပ်မှုအနည်းဆုံးဖြင့် စိုက်ပျိုးနိုင်သည့် နည်းစနစ်ဖြစ်သည်။

ဤနည်းစနစ်သည် စပါးစိုက်ခင်း၌ ရေပေးသွင်းရာတွင် စိုက်ခင်းရေလျော့နည်းတိုင်း ရေပေးသွင်းရမည့်အစား ရေတိုင်းကိရိယာ(Field Water Tube)ကိုသွင်း၍ မြေမျက်နှာပြင်အောက် ခြောက်လက်မအနက်တွင် ရေမရှိမှ ရေကို တစ်ဖန်ပြန်လည်သွင်းပေးခြင်း ဖြစ်သောကြောင့် အလိုအပ်ဆုံးအချိန်ရောက်မှသာ ရေပေးသွင်းသည့် စနစ်ဖြစ်သည်။



လယ်မြေတစ်ကွက်အတွင်း ရေတိုင်းကိရိယာ တပ်ဆင်ထားစဉ်

တောင်သူလယ်သမားများအနေဖြင့် ရေတိုင်းကိရိယာကို အရှည် ၁၄ လက်မခန့်နှင့် အကျယ် ခြောက်လက်မ သို့မဟုတ် ရှစ်လက်မ အချင်းရှိသည့် PVC ပလတ်စတစ်ပိုက် သို့မဟုတ် ဝါးလုံးပိုက်များဖြင့် ပြုလုပ်နိုင်ပြီး ပိုက်ကို စိုက်ခင်း တမန်းမြေတွင် မြေမျက်နှာပြင်အောက် ရှစ်လက်မ မြှုပ်၍ မြေပေါ်တွင် ခြောက်လက်မ ဖော်ထားရမည်။ ပိုက်လုံး၏ မျက်နှာပြင်၌ ရေစိမ့်ဝင်နိုင်ရန် အချင်း ၀ ဒသမ ၂၅ လက်မခန့်ရှိသည့် အပေါက်များကို ၀ ဒသမ ၇၅ လက်မခြား၍ ဖောက်ထားပေးရမည်။ ဤနည်းစနစ်ဖြင့် ရေသွင်းခြင်းသည် တောင်သူများ၏ သမားရိုးကျနည်းကဲ့သို့ စိုက်ခင်း၌ ရေလျော့နည်းတိုင်း ရေသွင်းစရာမလိုခြင်းကြောင့် လုပ်အားခ ချွေတာနိုင်ပြီး ကုန်ကျစရိတ်လည်း သက်သာစေသည်။

ရေတစ်ကြိမ်နှင့် တစ်ကြိမ်သွင်းရန် လိုအပ်သည့်ကာလသည် မြေအမျိုးအစားနှင့် ရာသီဥတုအပေါ် မူတည်၍ သုံးရက်မှ ခုနစ်ရက်အထိ ထားရှိနိုင်သဖြင့် ရေပေးသွင်းရမည့်အကြိမ်နှင့် စုစုပေါင်း သွင်းရေပမာဏကို လျော့နည်းစေသည်။ တောင်သူ သမားရိုးကျ ရေထိန်းစနစ်ထက် စိုက်ပျိုးရေကို ၁၈ မှ ၂၃ ရာခိုင်နှုန်းအထိ သက်သာစေပြီး ရေကို လျော့နည်း၍ သုံးစွဲရသော်လည်း စပါးအထွက်နှုန်းကို ထိခိုက်ခြင်းမရှိသော နည်းစနစ်ဖြစ်သည်။

ယခုအခါတွင် ဖိလစ်ပိုင်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ဆန်စပါး သုတေသနဌာန(IRRI)နှင့် ပူးပေါင်း၍ ဆည်ရေသောက် လယ်စပါးများတွင် ရေထိန်းစနစ်များဖြစ်သည့် (၁)မြေမျက်နှာပြင်အောက် ခြောက်လက်မအနက်ရောက်မှသော်လည်းကောင်း၊ (၂)မြေမျက်နှာပြင်အောက် ၁၀ လက်မ အနက်ရောက်မှသော်လည်းကောင်း၊ (၃)မြေမျက်နှာပြင်အောက် ၁၂ လက်မ အနက်ရောက်မှသော်လည်းကောင်း ရေမရှိမှ ရေတစ်ဖန် ပြန်လည်သွင်းပေးခြင်းကို ရေတိုင်းကိရိယာများသုံး၍ သုတေသနပြု ဆောင်ရွက်ခဲ့ရာတွင် စပါးအထွက်နှုန်းကို မထိခိုက်စေသည့်အပြင် တောင်သူများ၏ သမားရိုးကျ ရေထိန်းစနစ်ထက် စိုက်ပျိုးရေကို ၂၀ မှ ၂၅ ရာခိုင်နှုန်းခန့် ချွေတာနိုင်ကြောင်း လက်တွေ့ တွေ့ရှိခဲ့သည်။




တောင်သူများကိုယ်တိုင် လွယ်ကူစွာပြုလုပ်နိုင်သော ရေတိုင်းကိရိယာများ

အောက်ဖော်ပြပါဇယားသည် သီးထပ်ရင်စပါး၏ ရေထိန်းစနစ်အလိုက် စုစုပေါင်းသုံးစွဲသည့် ရေပမာဏနှင့် အထွက်နှုန်းကို ဖော်ပြထားခြင်းဖြစ်သည်။

**သီးထပ်ရင်စပါး၏ ရေထိန်းစနစ်အလိုက်**
**အထွက်နှုန်းနှင့် ရေသုံးစွဲမှုမှတ်တမ်း**

| စဉ် | ရေထိန်းစနစ်များ | အထွက်နှုန်း(တင်း/ဧက) | စုစုပေါင်းသုံးစွဲရေပမာဏ(မီလီမီတာ) | ရေချွေတာနိုင်မှု(ရာခိုင်နှုန်း) |
|---|---|---|---|---|
| ၁ | မြေမျက်နှာပြင်အောက် (၆)လက်မအနက် ရေမရှိမှ ရေတစ်ဖန်ပြန်လည်သွင်းပေးခြင်း | ၁၁၆.၀ | ၁၁၇၄.၀ | ၂၀.၄၇ |
| ၂ | မြေမျက်နှာပြင်အောက် (၁၀)လက်မ အနက် ရေမရှိမှ ရေတစ်ဖန်ပြန်လည်သွင်းပေးခြင်း | ၁၁၀.၀ | ၁၁၂၄.၀ | ၂၃.၈၅ |
| ၃ | မြေမျက်နှာပြင်အောက် (၁၂)လက်မအနက် ရေမရှိမှ ရေတစ်ဖန်ပြန်လည်သွင်းပေးခြင်း | ၁၁၄.၀ | ၁၁၆၃.၇ | ၂၁.၁၇ |
| ၄ | တောင်သူသမားရိုးကျနည်း | ၁၀၂.၀ | ၁၄၇၆.၂ | - |

**တောင်သူသမားရိုးကျနည်း = စိုက်ကွက်အတွင်း ရေ (၂) လက်မ ထိန်းထားခြင်း**

စပါးခင်းများအတွက် ရေကို အချိန်အခါမရွေး သွင်းရန် လွယ်ကူသောဒေသများ၌ ရေထိန်းစနစ်ဖြစ်သည့် မြေမျက်နှာပြင်အောက် ခြောက်လက်မအနက် ရေမရှိမှ ရေတစ်ဖန်ပြန်လည်သွင်းပေးခြင်းဖြင့် လုပ်အားခ သက်သာစေပြီး စိုက်ပျိုးရေကို ချွေတာနိုင်သောကြောင့် စိုက်ပျိုးကုန်ကျစရိတ် သက်သာစေသည်။ ၎င်းအပြင် ဤရေထိန်းစနစ်သည် စိုက်ခင်းအတွင်း ရေလိုအပ်မှ ရေသွင်းရသဖြင့် ဆည်ရေကို အားကိုးနေရသော ဒေသများအတွက် လက်ရှိလှောင်ရေပမာဏနှင့်ပင် စိုက်ဧက တိုးချဲ့စိုက်ပျိုးနိုင်မည်ဖြစ်သည်။

ရေရရှိရန်ခက်ခဲသောဒေသများ၊ ရေရှားပါးသောဒေသများ၌ ရေထိန်းစနစ်ဖြစ်သည့် မြေမျက်နှာပြင်အောက် ၁၀ လက်မအနက် ရေမရှိမှသော်လည်းကောင်း၊ မြေမျက်နှာပြင်အောက် ၁၂ လက်မအနက် ရေမရှိမှသော်လည်းကောင်း ရေတစ်ဖန်ပြန်လည်သွင်းပေးခြင်းဖြင့် အထွက်နှုန်းကို မထိခိုက်စေခြင်းကြောင့် ရေရရှိရန်နေရာနှင့်ဝေးသော စပါးစိုက်လယ်များအတွက် သင့်လျော်သော ရေထိန်းစနစ်များဖြစ်သည်။

၎င်းအပြင် ဤရေထိန်းစနစ်ကြောင့် စပါးပင်၏ပြင်ပရုပ်သွင်လက္ခဏာများ၊ အပင်ဇီဝကမ္မဆိုင်ရာ လက္ခဏာများ၊ အထွက် မိတ်ဖက်လက္ခဏာများကိုလည်း ထိခိုက်မှုမရှိကြောင်း တွေ့မြင်ခဲ့ရသည်။ AWD ရေထိန်းစနစ် အခြေအနေကို လိုက်၍ ရေသွင်းရမည့်အကြိမ်(Frequency)နှင့် ရေတစ်ကြိမ်နှင့်တစ်ကြိမ် သွင်းရမည့်ကာလ(Interval)များရှိသဖြင့် မြေအောက်ရေကို အားကိုးရသော မြစ်ရေတင်ဒေသများအတွက် ကုန်ကျစရိတ်သက်သာစေသည့်အပြင် စပါးစိုက်ဧကကို တိုးချဲ့စိုက်ပျိုးနိုင်သောကြောင့် မိုးခေါင်၍ ပူပြင်းခြောက်သွေ့သော ဒေသများအတွက် သင့်တော်သော ရေထိန်းစနစ် နည်းပညာဖြစ်သည်။

အောက်ဖော်ပြပါဇယားသည် ရေထိန်းစနစ်အလိုက် သဲဆန်သောမြေတွင် သွင်းရမည့်အကြိမ်နှင့် ကွာဟသောကာလကို ဖော်ပြခြင်းဖြစ်သည်။

**စမ်းသပ်ချက်အလိုက် ရေသွင်းရမည့်ကာလ(Interval)နှင့်**
**အကြိမ်(Frequency) မှတ်တမ်း(သဲဆန်သောမြေ)**

| စဉ် | ရေထိန်းစနစ်များ | တစ်ကြိမ်နှင့်တစ်ကြိမ် သွင်းရမည့်ကာလ(ရက်) | ရေသွင်းရမည့် အကြိမ်ပေါင်း |
|---|---|---|---|
| ၁ | မြေမျက်နှာပြင်အောက် ၆ လက်မအနက် ရေမရှိမှ ရေပြန်လည်သွင်းပေးခြင်း | ၄-၅ | ၂၀ |
| ၂ | မြေမျက်နှာပြင်အောက် ၁၀ လက်မအနက် ရေမရှိမှ ရေပြန်လည်သွင်းပေးခြင်း | ၇-၈ | ၁၄ |
| ၃ | မြေမျက်နှာပြင်အောက် ၁၂ လက်မအနက် ရေမရှိမှ ရေပြန်လည်သွင်းပေးခြင်း | ၁၀-၁၄ | ၇ |
| ၄ | တောင်သူသမားရိုးကျနည်း | ၂ | ၄၉ |

ဤရေထိန်းစနစ် တစ်မျိုးမျိုးကို အသုံးပြုမည်ဆိုလျှင် လိုအပ်ချက်များမှာ
(၁) စိုက်ကွက်မြေမျက်နှာပြင် ညီညာရမည်။
(၂) ကန်သင်းကောင်း၍ ကန်သင်းလုံရမည်။
(၃) သမန်းကောင်းရမည်။
(၄) ပေါင်းမြက်များ အချိန်အခါမီ ကာကွယ်နှိမ်နင်းရမည်။
(၅) ရေသွင်းရေထုတ်မြောင်းများ ကောင်းရမည်။
(၆) ပန်းမပွင့်ခင်နှင့် ပန်းပွင့်ပြီးတစ်ပတ် ရေအနက် နှစ်လက်မခန့် ထိန်းထားရမည်။

ဤရေထိန်းစနစ်ကို အသုံးပြုမည်ဆိုပါက စိုက်ပျိုးရေကို ချွေတာနိုင်သည့်အပြင် ဖန်လုံအိမ်ဓာတ်ငွေ့(Green House Gas)ထွက်ရှိမှုကိုလည်း လျှော့ချနိုင်မည်ဖြစ်သည်။ ၎င်းအပြင် စိုက်တန်းကြား လေဝင် လေထွက်ကောင်းစေပြီး စပါးပင်အတွက် လိုအပ်သော အာဟာရဓာတ် ရရှိနိုင်မှုကို တိုးတက်စေကာ အမြစ်ဖွံ့စည်းမှု အားကောင်းလာသဖြင့် အပင်ယိုင်လဲမှုကိုလည်း ကာကွယ်နိုင်သည်။ စိုက်ခင်းမြေကို အလှည့်ကျ အခြောက်ခံထားခြင်းဖြင့် မလိုလားအပ်သော ပင်ပွားများထွက်ရှိမှုကို ဟန့်တားနိုင်ပြီး စိုက်ခင်းရှိ အနှံပါ ပင်ပွားများကို အားကောင်းစေ၍ စပါးအထွက်နှုန်းကို ပိုမိုမြင့်မားစေနိုင်သည်။

သို့ဖြစ်ပါသောကြောင့် ရာသီဥတုပြောင်းလဲလာခြင်း၏ ဆိုးကျိုးများကို လျော့နည်းသက်သာစေရန် စပါးခင်းများတွင် တောင်သူသမားရိုးကျနည်းအတိုင်း ရေအမြဲထိန်းထားရန် မလိုအပ်သော ရေစိုတစ်လှည့် ခြောက်တစ်ခါ ရေထိန်းစနစ်(AWD)ကို အသုံးပြုသင့်ကြောင်း စိုက်ပျိုးရေးသုတေသနဦးစီးဌာန၏ လက်တွေ့ စမ်းသပ် တွေ့ရှိချက်များနှင့်အတူ သတင်းကောင်းပါးလိုက်ရပါသည်။ ။

**“ရေတိုင်းကိရိယာကို အရှည် ၁၄ လက်မခန့်နှင့် အကျယ် ခြောက်လက်မ သို့မဟုတ် ရှစ်လက်မ အချင်းရှိသည့် PVC ပလတ်စတစ်ပိုက် သို့မဟုတ် ဝါးလုံးပိုက်များဖြင့် ပြုလုပ်နိုင်ပြီး ပိုက်ကို စိုက်ခင်း တမန်းမြေတွင် မြေမျက်နှာပြင်အောက် ရှစ်လက်မမြှုပ်၍ မြေပေါ်တွင် ခြောက်လက်မ ဖော်ထားရမည်။ ပိုက်လုံး၏ မျက်နှာပြင်၌ ရေစိမ့်ဝင်နိုင်ရန် အချင်း ၀ ဒသမ ၂၅ လက်မခန့်ရှိသည့် အပေါက်များကို ၀ ဒသမ ၇၅ လက်မခြား၍ ဖောက်ထားပေးရမည်။ ဤနည်းစနစ်ဖြင့် ရေသွင်းခြင်းသည် တောင်သူများ၏ သမားရိုးကျနည်းကဲ့သို့ စိုက်ခင်း၌ ရေလျော့နည်းတိုင်း ရေသွင်းစရာမလိုခြင်းကြောင့် လုပ်အားခ ချွေတာနိုင်ပြီး ကုန်ကျစရိတ်လည်း သက်သာ”**

# ရွေးကောက်ပွဲဆိုင်ရာ လူငယ်တီထွင်ဆန်းသစ်မှု စုံညီပွဲတွင် လူငယ်အဖွဲ့များပါဝင်ကြရန် လျှောက်လွှာများဖိတ်ခေါ်

**ရန်ကုန် ဇူလိုင် ၁၉**

The International Foundation for Electoral Systems (IFES) နှင့် ၎င်း၏မိတ်ဖက် အရပ်ဘက်လူမှုအဖွဲ့အစည်းများ ပူးပေါင်း၍ ၂၀၂၀ ရွေးကောက်ပွဲဆိုင်ရာ လူငယ် တီထွင်ဆန်းသစ်မှု စုံညီပွဲကို ဩဂုတ် ၈ ရက်တွင် ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်၍ IFES နှင့်အတူ ပူးပေါင်းဆောင်ရွက်ရန် လူငယ်အဖွဲ့များအား လျှောက်လွှာများ ဖိတ်ခေါ်လျက်ရှိကြောင်း သိရသည်။

အဆိုပါ စုံညီပွဲသည် ၂၀၂၀ ခုနှစ် ရွေးကောက်ပွဲတွင် ပထမဆုံး မဲပေးမည့် လူငယ်များအား ချဉ်းကပ်၊ လှုံ့ဆော်၊ ပညာပေးနိုင်ရန်အတွက် တီထွင်ဆန်းသစ်သော နည်းလမ်းအသစ်များကို ဖော်ထုတ်ရန် မြန်မာတစ်နိုင်ငံလုံးရှိ လူငယ်အဖွဲ့များအား တစ်နေရာတည်းတွင် စုစည်းစေမည့် အစည်းအဝေးဖြစ်ကြောင်း၊ တက်ရောက်ရန် လျှောက်ထားကြမည့် လူငယ်အဖွဲ့များအနေဖြင့် မဲဆန္ဒရှင်ပညာပေးခြင်း သို့မဟုတ် နိုင်ငံသားပညာပေးခြင်းတို့အတွက် တီထွင်ဆန်းသစ်မှုရှိသော အတွေးစိတ်ကူးတစ်ခုကို လျှောက်လွှာနှင့်အတူ တင်သွင်းရမည်ဖြစ်ကြောင်း၊ လူငယ်အဖွဲ့များကို အသက် ၁၈ နှစ်မှ ၃၅ နှစ်အတွင်းရှိ လူငယ် နှစ်ဦးမှ ငါးဦးကြား ပါဝင်ဖွဲ့စည်းနိုင်ပြီး အမျိုးသမီးငယ်များ၊ မသန်စွမ်းလူငယ်များ၊ တိုင်းရင်းသား လူနည်းစုများနှင့် လိင်ဝိသေသခံယူမှုကွဲပြားသူများ(LGBTQ community)အပါအဝင် မတူကွဲပြားသော နောက်ခံရှိသည့် လူငယ်များဖြင့် အဖွဲ့ဖွဲ့စည်းရန် IFES အနေဖြင့် တိုက်တွန်းကြောင်း IFES က ထုတ်ပြန်ထားသည်။

အတွေးအခေါ် စိတ်ကူးများကို ရှာဖွေရာတွင် လာမည့် ရွေးကောက်ပွဲ၌ ပထမဆုံး မဲပေးမည့် လူငယ်များအပေါ် သက်ရောက်စေမည့် အရေးပါသော ကဏ္ဍသုံးခုဖြစ်သော (၁)အားလုံးပါဝင်ဆောင်ရွက်နိုင်သော နိုင်ငံရေး ထိတွေ့ဆက်ဆံမှုအား မြှင့်တင်ခြင်း၊ (၂)မဲဆန္ဒရှင်များနှင့် ဆက်ဆံရေးတွင် လက်လှမ်းမီစေခြင်း၊ (၃) ရွေးကောက်ပွဲကာလတွင်း လုပ်ကြံသတင်းနှင့် အမုန်းစကားများကို တန်ပြန်ခြင်း စသည်တို့အပေါ် အခြေခံ၍ ရှာဖွေရမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အတွေးအခေါ် စိတ်ကူးများကို လျှောက်လွှာနှင့်အတူ ဇူလိုင် ၂၇ ရက် နောက်ဆုံးထား၍ youthinnovate@ifesmyanmar.org သို့ ပေးပို့လျှောက်ထားရမည်ဖြစ်ပြီး လျှောက်လွှာကို shorturl.at/enDW2 ဝက်ဘ်ဆိုက်လိပ်စာမှတစ်ဆင့် ဒေါင်းလုပ်ရယူနိုင်ကြောင်း၊ လျှောက်လွှာများကို မြန်မာဘာသာဖြင့် ဖြည့်စွက်ပြီး ပြန်လည်ပေးပို့နိုင်ကြောင်း သိရသည်။

အဆိုပါ လျှောက်လွှာများကို ရွေးချယ်ရေးအဖွဲ့က စိစစ်မည်ဖြစ်ပြီး ရွေးချယ်ခံရသူများကို ဩဂုတ် ၃ ရက်ထက်နောက်မကျဘဲ အကြောင်းကြားမည်ဖြစ်ကာ ရွေးချယ်ခံရသောအဖွဲ့များအား စုံညီပွဲသို့ တက်ရောက်ရန် ရန်ကုန်မြို့၌ သွားရေးလာရေးနှင့် နေထိုင်ရေးအတွက် ထောက်ပံ့ပေးမည်ဖြစ်ကြောင်း သိရသည်။ သို့ရာတွင် ရွေးချယ်ခြင်းခံရသော အတွေးစိတ်ကူးအတွက် ငွေကြေးထောက်ပံ့ပေးမည် သို့မဟုတ် အသုံးပြုမည်ဟု ဆိုလိုခြင်းမဟုတ်ကြောင်း IFES က ထုတ်ပြန်ထားသည်။

ထို့နောက် စုံညီပွဲတွင် ရွေးချယ်ခံရသော အဖွဲ့များတွေ့ဆုံ၍ ၂၀၂၀ ရွေးကောက်ပွဲ၌ ပထမဆုံး မဲပေးရမည့် လူငယ်များအား ချဉ်းကပ်နိုင်ရန်အတွက် ရွေးချယ်ထားသော အတွေးစိတ်ကူးများကို ပြန်လည်စိစစ်ခြင်း၊ ပြန်လည်မွမ်းမံခြင်းတို့ကို အခြားအဖွဲ့များ၊ လူငယ်များ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများမှ ခေါင်းဆောင်များ၊ မြန်မာတစ်နိုင်ငံလုံးရှိ နည်းပညာရှင်များနှင့် အတူတကွ တီထွင်ဖန်တီး လုပ်ဆောင်ကြမည်ဖြစ်ကြောင်း၊ ရွေးချယ်ခံရသောအဖွဲ့များ၏ အဆိုပြုတင်သွင်းထားသော အတွေးစိတ်ကူးများသည် ဆွေးနွေးပွဲအချိန်အတွင်း၌ ပြောင်းလဲသွားနိုင်ခြင်း သို့မဟုတ် အခြားအဖွဲ့များက အဆိုပြုတင်သွင်းလာသော အတွေးစိတ်ကူးများနှင့် ပေါင်းစပ်သွားနိုင်ခြင်းတို့ ဖြစ်ပေါ်လာနိုင်သည်ကို သိရှိလက်ခံထားရမည်ဖြစ်ကြောင်းလည်း ထုတ်ပြန်ထားသည်။

စုံညီပွဲ၌ တင်သွင်းဆွေးနွေးသော အတွေးစိတ်ကူးများကို ၂၀၂၀ ရွေးကောက်ပွဲမတိုင်မီ အမျိုးမျိုးသော မဲဆန္ဒရှင်ပညာပေး လှုပ်ရှားမှုများတွင် အသုံးပြုမည်ကို အဖွဲ့များက သိရှိထားရမည်ဖြစ်ကြောင်း၊ မိမိတို့၏ အတွေးစိတ်ကူးများကို စုံညီပွဲသို့ ပေးပို့လျှောက်ထားခြင်းသည် အဆိုပါ အတွေးစိတ်ကူးများနှင့် ဆက်စပ်ထွက်ပေါ်လာမည့် ဖန်တီးမှုများကို IFES နှင့် ၎င်း၏မိတ်ဖက် အရပ်ဘက်လူမှုအဖွဲ့အစည်းများက ဆက်လက်ဆောင်ရွက်သွားမည့် မဲဆန္ဒရှင်ပညာပေးခြင်းနှင့် နိုင်ငံသားပညာပေးခြင်း ဆောင်ရွက်ချက်များတွင် ထည့်သွင်းအသုံးပြုသွားရန် ခွင့်ပြုပြီးဖြစ်သည်ဟု မှတ်ယူမည်ဖြစ်ကြောင်းလည်း လျှောက်လွှာတွင် ဖော်ပြထားသည်။

စုံညီအစည်းအဝေးတွင် အတွေးစိတ်ကူး အများဆုံး ခြောက်ခုအထိ ရွေးချယ်၍ လူငယ်များအတွက် မဲဆန္ဒရှင်ပညာပေး ဆောင်ရွက်မှုများတွင် အသုံးချမည်ဖြစ်ကြောင်း၊ နောက်ပိုင်းလများတွင် အတွေးစိတ်ကူးများကို အချောသပ်ရန်အတွက် IFES သည် အဖွဲ့တစ်ဖွဲ့ချင်းစီ သို့မဟုတ် အဖွဲ့များနှင့် အတူတကွ ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း၊ လိုအပ်ပါက လူငယ်အဖွဲ့များသည် IFES နှင့်သာမက နည်းပညာ ကျွမ်းကျင်သူများ၊ လက်တွေ့လုပ်ဆောင်နေသော မိတ်ဖက် အရပ်ဖက် လူမှုအဖွဲ့အစည်းများနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တို့နှင့်အတူ ပူးပေါင်းလုပ်ဆောင်ကြရမည်ဖြစ်ကြောင်းလည်း သိရသည်။

**သူရဖြိုး**

## New Product

# အခြေခံသုံးရန် သင့်တော်သည့် တန်ဖိုးနည်းဖုန်းမော်ဒယ်သစ် Redmi 9A

ဇွန်လလယ်က ထွက်ခဲ့တဲ့ Redmi 9 ကို စွမ်းဆောင်ရည်ပိုင်းနဲ့ ဈေးနှုန်းပိုင်း လျှော့ချပြီး အသစ်ထပ်ထွက်လာတဲ့ Redmi 9A ဟာ ဇူလိုင် ၁၇ ရက်မှာ ပြည်တွင်းဈေးကွက်ကို ဝင်ရောက်လာပါတယ်။

ဂိမ်းအမျိုးမျိုး၊ အက်ပလီကေးရှင်းအမျိုးမျိုးကို ဖုန်းနဲ့သုံးမယ့် လူငယ်ပိုင်းအတွက်တော့ သင့်တော်မှာမဟုတ်ဘဲ ဖုန်းပြောရုံ၊ ဖေ့စ်ဘုတ်သုံးရုံ၊ ဓာတ်ပုံရိုက်ရုံလောက်ပဲ သုံးစွဲမယ့်သူတွေနဲ့ လူကြီးပိုင်းတွေအဖို့တော့ ဈေးနှုန်းနဲ့ အရည်အသွေးပိုင်းအရ သင့်တော်တဲ့ တန်ဖိုးနည်းဖုန်း မော်ဒယ်သစ်တစ်ခု ဖြစ်ပါတယ်။

မျက်နှာပြင်အကျယ်က ၆ ဒသမ ၅၃ လက်မရှိတဲ့ LCD screen အမျိုးအစားဖြစ်ပြီး 720 x 1600 pixels ရှိလို့ ရုပ်ထွက်ပိုင်းလည်း အတော်အသင့်ကောင်းမွန်ပါတယ်။ ဆယ်လ်ဖီကင်မရာကတော့ screen ပေါ်မှာပဲ waterdrop notch အနေနဲ့ ပါဝင်ပါတယ်။

ဆင်းကတ်က GSM နှစ်ကတ် ထည့်သွင်းအသုံးပြုနိုင်ပြီး အင်တာနက်ကွန်ရက်အတွက်တော့ 4G LTE ကိုပါ ထောက်ပံ့ပေးထားပါတယ်။

အန်းဒရွိုက်ဗားရှင်းအနေနဲ့ Android 10 ကို နောက်ဆုံးထွက် MiUI 12 နဲ့တွဲပြီး ထည့်သွင်းပေးထားပါတယ်။ တန်ဖိုးနည်းဖုန်းဖြစ်တာကြောင့် Chipset ၊ CPU နဲ့ RAM ပိုင်းတွေကတော့ အသင့်အတင့်ပဲ ရှိပါတယ်။ Chipset က MediaTek Helio G25 ဖြစ်ပြီး CPU က Cortex-A53 Octa-core ဖြစ်ပါတယ်။ RAM က 2GB နဲ့ အင်တာနယ်မင်မိုရီက 32GB ရှိပြီး မင်မိုရီကတ် ထပ်စိုက်သုံးဖို့ သီးခြားအပေါက် ပါဝင်ပါတယ်။

ကင်မရာပိုင်းမှာလည်း နောက်ကင်မရာအဖြစ် ၁၃ မဂ္ဂါပစ်ဇယ်ရှိတဲ့ ကင်မရာတစ်လုံးပဲ ထည့်ထားပါတယ်။ ကင်မရာသုံးလုံး၊ လေးလုံးအထိ ပါတဲ့ မော်ဒယ်မြင့်ဖုန်းတွေနဲ့ယှဉ်ရင် အများကြီး နိမ့်နေပေမယ့် အတော်အသင့် အရည်အသွေးနဲ့ ဓာတ်ပုံရိုက်နိုင်မှာ ဖြစ်ပါတယ်။ ဆယ်လ်ဖီကင်မရာပိုင်းမှာလည်း ၅ မဂ္ဂါပစ်ဇယ်ရှိတဲ့ ကင်မရာတစ်လုံးပဲ ပါဝင်ပါတယ်။

အားသာချက်တွေကတော့ ပြည်တွင်းဈေးကွက်ထဲ ဝင်လာကတည်းက Global ROM အလုံးတွေ ဖြစ်တာကြောင့် Google Play Store အသင့်ပါဝင်ပြီး ဂလိုဘယ်ပြောင်းဖို့ အလုပ်ရှုပ်စရာ မလိုတော့ပါဘူး။ တရားဝင် တစ်နှစ် အာမခံလည်း ပါဝင်ပါတယ်။

ဘက်ထရီပိုင်းမှာလည်း 5000 mAh Li-Po ဘက်ထရီကို သုံးထားလို့ တစ်ကြိမ် အားအပြည့်သွင်းထားရင် အချိန်အတော်ကြာတဲ့အထိ သုံးနိုင်မှာ ဖြစ်ပါတယ်။ 10W အမြန်နှုန်းနဲ့လည်း အားသွင်းနိုင်မှာ ဖြစ်ပါတယ်။ USB စနစ်မှာလည်း On-the-Go စနစ်ကို ထောက်ပံ့ပေးထားပါတယ်။

ကိုယ်ထည်အရောင်အနေနဲ့ မီးခိုးရောင်၊ အစိမ်းရောင်နဲ့ အပြာရောင် သုံးမျိုးရနိုင်ပြီး ဈေးနှုန်းက ကျပ် ၁၂၀၀၀၀ ဝန်းကျင် ရှိပါတယ်။ ဟာ့ဒ်ဝဲပိုင်း နိမ့်ပေမယ့် ဈေးနှုန်းနည်းနည်းနဲ့ နောက်ဆုံးထွက် Android 10 ကို သုံးစွဲနိုင်မှာဖြစ်လို့ ဈေးကွက်မှာ စိတ်ဝင်စားမှုတွေ ရှိနေတယ်လို့လည်း သိရပါတယ်။

**ကျော်ဇင်ဦး**




# အူရီဒူးမြန်မာနှင့် UNDP ပူးပေါင်း၍ ဒစ်ဂျစ်တယ်နည်းပညာကို အသုံးပြုပြီး လယ်ယာကဏ္ဍတိုးတက်အောင်ပံ့ပိုးပေးနိုင်မည့် စီမံကိန်းတစ်ခု ဆောင်ရွက်မည်

**ရန်ကုန် ဇူလိုင် ၁၉**

အူရီဒူးမြန်မာနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်(UNDP)တို့ အနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ပူးပေါင်းပြီး မြန်မာနိုင်ငံ အပူပိုင်းဒေသရှိ တောင်သူလယ်သမားများအား ရာသီဥတုဒဏ်ခံနိုင်သော လယ်ယာစိုက်ပျိုးရေး အလေ့အကျင့်ကောင်းများ၊ စားသောက်ကုန်ထုတ်လုပ်နည်းများနှင့် ဝင်ငွေတိုးတက်စေရန် ဈေးကွက်ချိတ်ဆက်မှုများ စသည်တို့ ပါဝင်၍ ကိုဗစ်-၁၉ ကာလ သက်ရောက်မှုများကိုပါ တုံ့ပြန်နိုင်အောင် ပံ့ပိုးပေးနိုင်မည့် စီမံကိန်းတစ်ခုကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

၁၅ လကြာမြင့်မည့် ရေရှည်တည်တံ့သော စီးပွားရေးလုပ်ငန်းများနှင့် စိုက်ပျိုးရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း(SEAD)တွင် တောင်သူလယ်သမားများ အကျိုးခံစားနိုင်ရန်အတွက် အစိုးရနှင့် ပူးပေါင်း၍ လူမှုကွန်ရက်များမှတစ်ဆင့်လည်းကောင်း၊ အက်ပလီကေးရှင်းပုံစံဖြင့် ဒစ်ဂျစ်တယ်ပလက်ဖောင်းများမှ တစ်ဆင့်လည်းကောင်း သင်ခန်းစာများကို စီစဉ်ဖြန့်ဝေပေးခြင်းနှင့် လက်တွေ့လယ်ယာသရုပ်ပြ သင်တန်းကျောင်းများတွင် လေ့ကျင့်ပေးခြင်း အစီအစဉ်များ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ဖြစ်ပွားနေစဉ် ကာလအတွင်း မြန်မာနိုင်ငံ အလယ်ပိုင်းဒေသ အပူပိုင်းဇုန်ရှိ ထိခိုက်နစ်နာနိုင်သည့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်လျက်နေသော လူမှုအဖွဲ့အစည်းများအတွက် အရည်အသွေးမြင့်မျိုးစေ့များ ဖြန့်ဖြူးခြင်းနှင့် ထုတ်ကုန်ဆိုင်ရာ သရုပ်ပြသမှုများ၊ သင်တန်းများဖြင့် ပံ့ပိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ကနဦးထောက်ပံ့မှုအနေဖြင့် မန္တလေးတိုင်းဒေသကြီးရှိ မြင်းခြံနှင့် ညောင်ဦးမြို့နယ်များမှ လက်တွေ့ လယ်ယာသရုပ်ပြသင်တန်းကျောင်းများ ဖြစ်လာမည့် လယ်ကွင်း ၄၀ အတွက် ရာသီဥတုဒဏ် ခံနိုင်ရည်ရှိသည့် အရည်အသွေးမြင့်မျိုးစေ့များကို ဖြန့်ဖြူးပေးခဲ့ပြီးဖြစ်ကြောင်း၊ အဆိုပါစီမံကိန်းကြောင့် လယ်သမားများအနေဖြင့် ရာသီဥတုဒဏ်ခံနိုင်ရည်ရှိသော စိုက်ပျိုးရေးနည်းပညာများနှင့် အတွေ့အကြုံများကို ရရှိမည်ဖြစ်ပြီး ကောင်းမွန်သည့် စိုက်ပျိုးရေးနည်းစနစ်များ၊ မွေးမြူရေးနည်းစနစ်များ၊ အချိန်နှင့်တစ်ပြေးညီ ရာသီဥတုခန့်မှန်းချက်များနှင့် လေ့ကျင့်ရေးဆိုင်ရာ အထောက်အကူပြုနည်းလမ်းများကိုလည်း ဒစ်ဂျစ်တယ်နည်းပညာ အသုံးပြု၍ Webinars ၊ Podcasts ၊ Youtube နှင့် လူမှုကွန်ရက်များမှတစ်ဆင့် ကြည့်ရှုနိုင်အောင် ဖြန့်ဝေပေးမည်ဖြစ်ကြောင်း သိရသည်။

အူရီဒူးမြန်မာမှ တာဝန်ရှိသူ ဦးတင့်နိုင်ထွန်းက "ကိုဗစ်-၁၉ ကြောင့် လယ်ယာစိုက်ပျိုးရေးကဏ္ဍအပါအဝင် ကဏ္ဍများစွာအပေါ်မှာ သက်ရောက်မှုတွေ ထင်ရှားသိသာစွာ ရှိနေပါတယ်။ မြန်မာနိုင်ငံက တောင်သူလယ်သမားတွေရဲ့ အသက်မွေးဝမ်းကျောင်းဘဝ ရပ်တည်ရေးကို မြှင့်တင်ပေးနိုင်ဖို့က အလွန်အရေးပါတဲ့ ကိစ္စတစ်ခုဖြစ်ပါတယ်။ အခုလို ခက်ခဲတဲ့အချိန်ကာလမှာ ကျွန်တော်တို့ရဲ့ မိုဘိုင်းနည်းပညာဟာ လယ်သမားတွေအတွက် ရေရှည်တည်တံ့ခိုင်မြဲတဲ့ လယ်ယာစိုက်ပျိုးရေးဖြစ်ဖို့ ပိုမိုကောင်းမွန်တဲ့ နည်းပညာဗဟုသုတတွေ တိုးပွားရရှိနိုင်အောင် ဖြည့်ဆည်းပေးနိုင်မယ့် နည်းလမ်းကောင်းတစ်ခုဖြစ်တယ်လို့ ယုံကြည်ပါတယ်"ဟု ပြောကြားသည်။

အဆိုပါ SEAD စီမံကိန်းအောက်တွင် လိုအပ်ချက်နှင့် အံဝင်ခွင်ကျဖြစ်အောင် ဆောင်ရွက်ထားသည့် အွန်လိုင်းမှ ရာသီဥတုဆိုင်ရာ အကြံပေးသော ဝန်ဆောင်မှုများ၊ ရေရှည်တည်တံ့ခိုင်မြဲသည့် စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ အလေ့အကျင့်ကောင်းများကို အူရီဒူးနှင့် UNDP တို့က စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတို့နှင့် ပူးပေါင်း၍ ပေးအပ်သွားမည်ဖြစ်ကြောင်း၊ ရေရှည်တည်တံ့ခိုင်မြဲသော လယ်ယာစိုက်ပျိုးရေးအတွက် ရောင်းလိုအားနှင့် ဝယ်လိုအားကို မျှတစေရန်လည်း စီမံကိန်းက ကူညီနိုင်မည်ဖြစ်ကြောင်း၊ ထို့အပြင် တောင်သူများအား မိုဘိုင်းငွေကြေး သုံးစွဲမှုနှင့်တကွ ဈေးကွက်ကိုပါ ချိတ်ဆက်နိုင်အောင် ကူညီပေးနိုင်မည်လည်းဖြစ်ကြောင်း သိရသည်။

UNDP မြန်မာမှ တာဝန်ရှိသူတစ်ဦးဖြစ်သည့် Dawn Del Rio ကလည်း "ကျွန်တော်တို့အနေနဲ့ အခုလို မိုဘိုင်းဆက်သွယ်ရေးနည်းပညာကိုသုံးပြီး လက်တွေ့ လယ်ယာသင်တန်းတွေနဲ့ သရုပ်ပြတာတွေကို တောင်သူလယ်သမားများစွာ သိရှိနိုင်စေရန် ဖြန့်ဝေပေးပြီး တောင်သူလယ်သမားတွေရဲ့ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးခြင်းဖြင့် လယ်ယာစိုက်ပျိုးရေးနဲ့ ဆက်စပ်လုပ်ငန်းတွေကို ကူညီခွင့်ရတဲ့အတွက် ကျေနပ်ဝမ်းသာပါတယ်။ စီမံကိန်းအနေနဲ့ ကျေးလက်ဒေသတွေက တောင်သူလယ်သမားတွေကို အချိန်နဲ့တစ်ပြေးညီ ယုံကြည်စိတ်ချရတဲ့ သတင်းအချက်အလက်များ ပေးပို့ခြင်းဖြင့် လယ်ယာထွက်ကုန်များ အထွက်နှုန်းတိုးတက်စေရန်၊ ရာသီဥတုဒဏ် ခံနိုင်ရည်ရှိစေရန်၊ စားသောက်ကုန် လုံခြုံစိတ်ချရစေရန်နဲ့ ကျေးလက်ဒေသ တိုးတက်စေရန် ပံ့ပိုးပေးသွားနိုင်မှာဖြစ်ပါတယ်"ဟု ပြောကြားသည်။

အဆိုပါစီမံကိန်းကြောင့် မြင်းခြံနှင့် ညောင်ဦးမြို့နယ်များရှိ ရွာပေါင်း ၁၃၀ မှ လယ်သမားများ၏ဘဝ တိုးတက်မြင့်မားလာစေမည့် အကျိုးကျေးဇူးများ ရရှိလာမည်ဖြစ်သလို အနည်းဆုံး ၃၀ ရာခိုင်နှုန်းသော လယ်ယာလုပ်သူအမျိုးသမီးများသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ လူမှုအဖွဲ့အစည်းများ၊ လက်တွေ့ လယ်ယာသင်တန်းကျောင်းများတွင် ပါဝင်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ထို့အပြင် အဓိကကျသည့် လယ်သမားများအား ရွေးချယ်၍ "Training for Trainers(TOT)" အစီအစဉ်ဖြင့် လေ့ကျင့်သင်ပြပေးမည်ဖြစ်ပြီး ယင်းလယ်သမားများက မိမိရပ်ရွာအတွင်းရှိ အခြားလယ်သမားများအား ဗဟုသုတများ ပြန်လည်မျှဝေပေးမည့် အစီအစဉ်များလည်း စီမံကိန်းတွင်ပါဝင်ကြောင်း သိရသည်။

**သူရဖြိုး**

# ပြည်တွင်းစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် လှေကားထစ်များ

ခမ်လျှန်စွမ်း(စီးပွား / ကူးသန်း)

မြန်မာနိုင်ငံသည် ပထဝီဝင် နိုင်ငံရေးနှင့် စီးပွားရေး ပထဝီဝင်အရ အလွန်အရေးပါသော နိုင်ငံတစ်နိုင်ငံဖြစ်သည်။ ကမ္ဘာ့လူဦးရေအများဆုံး နှစ်နိုင်ငံ၏အကြားတွင် တည်ရှိနေခြင်းကို ကောင်းစွာ အသုံးချခွင့်ရပါက ကျွန်တော်တို့၏တိုင်းပြည်သည် တိုးတက်ကြီးပွားနိုင်သော အခွင့်အရေးရှိသည်။ အခြားတစ်ဖက်တွင်လည်း ကျွန်တော်တို့၏ ညီအစ်ကို အာဆီယံနိုင်ငံများသည်လည်း ရေမြေတစ်ဆက်တစ်စပ်တည်းရှိခြင်းနှင့် အသားအရောင်ကအစ အတွေးအခေါ်ပါ တူညီကြခြင်းသည် အကြိုက်ချင်းတူညီနိုင်သည်ဖြစ်၍ ကျွန်တော်တို့ ရွှေမြန်မာများအတွက် အကောင်းဆုံး ကုန်ပစ္စည်းတင်ပို့ရန် ဈေးကွက်ကြီးဟူသော အခွင့်အရေးကြီး ရှိနေသည်။

ထို့အပြင် ကျွန်တော်တို့နိုင်ငံအတွင်း အဖိုးတန် သယံဇာတပစ္စည်းမျိုးစုံ ထွက်ရှိခြင်း၊ စီးပွားရေးပညာရှင် အများအပြားရှိခြင်း၊ ကုန်သွယ်ရေးဆိုင်ရာ အခြေခံအဆောက်အအုံများ အသင့်အတင့်ကောင်းမွန်ခြင်း စသည့် အခြေခံကောင်းများ ပိုင်ဆိုင်ခဲ့သည်။ ဤအခွင့်အရေးကြီးများကို ကောင်းစွာအသုံးချနိုင်ရေးသည် နိုင်ငံသားများ၏ သမိုင်းပေးတာဝန်ဖြစ်ရာ မိမိတို့ရှိသည့်နေရာ၊ ရောက်ရှိသည့်ဘဝအခြေအနေများမှ ရုန်းထွက်ပြီး ပြည်တွင်းစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးမှ ပုံမှန် ကုန်သွယ်ရေးအင်အားကြီးနိုင်ငံအဖြစ်သို့ ခုန်ကူးကြရန် ကြိုးစားဆောင်ရွက်ရမည့် အချိန်ကာလသို့ ရောက်ရှိနေပြီဖြစ်သည်။ သို့ရာတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်မှုကို အမီလိုက်နိုင်ရေး လိုအပ်ချက်များရှိနေသေးကြောင်း တွေ့ရှိရမည်ဖြစ်သည်။ ထို့ကြောင့် အာဆီယံနိုင်ငံများအား အမီလိုက်နိုင်ရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာ၌ အထောက်အကူပြုစေရန်အတွက် စီးပွားရေးအခြေခံ သဘောတရားများကို ဆွေးနွေးသွားမည်ဖြစ်ပါသည်။

**စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး အခြေခံသဘောတရား**

နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန် အခြေခံလိုအပ်ချက်မှာ ငွေကြေးစီးဆင်းမှုနှင့် ကုန်စည်စီးဆင်းမှု ချောမွေ့ရေးဟု အကြမ်းဖျင်း ဆိုနိုင်ပါသည်။ ငွေကြေးစီးဆင်းမှုနှင့် ကုန်စည်စီးဆင်းမှုတို့ မှန်ကန်မျှတနေမည်ဆိုပါက ယင်းနေရာဒေသ သို့မဟုတ် ယင်းတိုင်းပြည်သည် စီးပွားရေးဖွံ့ဖြိုးမည်ဟု အဆိုရှိသည်။

ဤအတွက်ကြောင့် ငွေကြေးစီးဆင်းမှုနှင့် ကုန်စည်စီးဆင်းမှု မှန်ကန်မျှတရေးသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၏ သော့ချက်ပင်ဖြစ်သည်။ ထို့ကြောင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးသည် ကျွန်တော်တို့နိုင်ငံ၏ အဓိကလိုအပ်ချက်တစ်ခု သို့မဟုတ် စီးပွားရေး ဖွံ့ဖြိုးရေးအတွက် လှေကားတစ်ထစ်ဟု ဆိုချင်ပါသည်။ ဤအခွင့်အရေးကို အသုံးချခွင့်ရရှိနိုင်ရန် အခြေခံလိုအပ်ချက်များ ဖြည့်ဆည်းနိုင်ရေးအတွက် စီးပွားရေးအခြေခံသဘောတရားများအား ဆွေးနွေးသွားမည်ဖြစ်သည်။

**ငွေကြေးစီးဆင်းမှု**

စီးပွားရေးလုပ်ငန်းတွင် အဓိကစတင်သော အင်ဂျင်စက်မှာ ငွေကြေးလည်ပတ်မှုဖြစ်ပြီး လုပ်ငန်းစဉ်တစ်ခုလုံး အဆုံးသတ်ရာ၌လည်း ငွေကြေးဖြင့်ပင် အဆုံးသတ်ရလေ့ရှိသည်။ ငွေကြေးသည် အရေးပါသည်။ အရာရောက်သည်။ ထိုငွေကြေးအားဖြင့် ကုန်သွယ်ကြသည်။ ငွေကြေး အမြတ်များများ ရရှိရန်အတွက် ရင်းနှီးမြှုပ်နှံကြရသည်။ ထိုငွေကြေးဖြင့် လုပ်အားခကို ဖြေရှင်းကြရသည်။ ကုန်စည်ရောင်းဝယ်ဖောက်ကားကြရသည်။ စီးပွားရေးလုပ်ငန်းအတွက် ငွေကြေးကို အစိုးရ၏ ထုတ်ပေးငွေ၊ အစိုးရ၏ ထုတ်ချေးငွေ၊ ရင်းနှီးမြှုပ်နှံငွေ၊ လုပ်ငန်းရှင်များ၏ မတည်ငွေ၊ အမြတ်ငွေ၊ ထောက်ပံ့ငွေ၊ အလှူငွေ စသည့် ရငွေများဖြင့် လုပ်ငန်းများ မတည်လည်ပတ်ခဲ့ကြသည်။

တစ်ချိန်က ဗြိတိသျှတပ်တို့သည် မြန်မာနိုင်ငံတွင် ၎င်းတို့၏ အရှေ့အာရှစစ်ဆင်ရေး အောင်မြင်စေရေးအတွက် ငွေကြေးလည်ပတ်မှုရှိစေရန် ဘိန်းစိုက်ပျိုးခြင်းဖြင့် ဖြေရှင်းဖူးသည့်သာဓက ရှိခဲ့သည်။ ၎င်းတို့၏ စစ်မဟာဗျူဟာကို ရေးဆွဲသော စစ်ဗိုလ်ချုပ်များက စစ်ဖြစ်လျှင် စားသောက်ကုန်မှစ၍ ငွေကြေးလည်ပတ်မှုများအားလုံး ရပ်ဆိုင်းနိုင်ကြောင်း ကြိုတင်တွက်ချက်ထားပုံရသည်။ ထို့ကြောင့် ဘိန်းထုတ်လုပ်ပါက မဖြစ်မနေ ငွေကြေးလည်ပတ်မှု အသင့်အတင့် ရှိလာနိုင်သဖြင့် ၎င်းတို့၏ စစ်ဆင်ရေးကို များစွာ အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း ယုံကြည်သဖြင့် ဘိန်းစိုက်ပျိုးခဲ့ခြင်းဖြစ်သည်။

သို့သော် ဗြိတိသျှတို့ ဘိန်းပင်များ စိုက်ပျိုးခဲ့သည့်အတွက်ကြောင့် ယနေ့တိုင် သားစဉ်မြေးဆက် ခံရသောနိုင်ငံမှာ ကျွန်တော်တို့၏နိုင်ငံပင် ဖြစ်သည်။ မြန်မာအစိုးရအဆက်ဆက်က ကိုင်တွယ်ဖြေရှင်းခဲ့ရသည့် ပြဿနာတစ်ခုလည်း ဖြစ်သည်။

ငွေကြေးသည် စီးပွားရေးလုပ်ငန်း စတင်ဆောင်ရွက်ရန် အဓိကနှင့် အခြေခံအကျဆုံးသော လိုအပ်ချက်ဖြစ်ပြီး ငွေကြေးတန်ဖိုးနည်းခြင်းနှင့် များခြင်းအပေါ် မူတည်၍ စီးပွားရေးလုပ်ငန်း၏ အရွယ်ပမာဏကိုလည်း တိုင်းတာကြသည်။ စီးပွားရေးလုပ်ငန်းများအတွက် ငွေကြေးသည် ပထမအဆင့် လှေကားထစ်ဖြစ်ပြီး ယင်းအထစ်ကို နင်းပြီးမှ ကုန်စည်ဟူသော လှေကားထစ်သို့ တက်လှမ်းကြရသည်။

စီးပွားရေးအတွက် ငွေကြေးစီမံခန့်ခွဲရေးနည်းလမ်းများ တဖြည်းဖြည်း တိုးတက်လာခဲ့ရာတွင် ကုန်ပစ္စည်းချင်း ဖလှယ်သည့်ခေတ်မှ ငွေကြေးဖြင့် ဝယ်ယူသည့်ခေတ်၊ ယင်းငွေကြေးကို ငွေသားဖြင့်သာကိုင်တွယ်ပြီး ကုန်ပစ္စည်း ဝယ်ယူသည့်ခေတ်မှ ဘဏ်ငွေကြေးဖလှယ်သည့် စနစ်အမျိုးမျိုးဖြင့် တိုးတက်အောင် ဆောင်ရွက်လာကြသည်။

> **“အကောက်ခွန်အတားအဆီးများသည် စီးပွားရေးအင်အားကြီးနိုင်ငံများနှင့် ညှိနှိုင်းဆောင်ရွက်ရန် ခက်ခဲလေ့ရှိသော်လည်း နယ်စပ်ကုန်သွယ်ရေး၌ နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်ရေး ပုံမှန် ညှိနှိုင်းအစည်းအဝေးပွဲများ၌ လိမ္မာပါးနပ်စွာ ပြောဆိုရလေ့ရှိပြီး ၎င်းအစည်းအဝေးတွင် ပြေလည်လေ့ရှိတတ်သည်။ စီးပွားရေးလုပ်ငန်းဆိုသော်လည်း နိုင်ငံရေးနှင့် ဆက်စပ်လေ့ရှိတတ်သည်။ ထို့ကြောင့်လည်း စီးပွားရေးအင်အားကြီးနိုင်ငံများနှင့် ကုန်သွယ်ရေးကိစ္စညှိနှိုင်းရန် လိုအပ်သောအခါ ဖွံ့ဖြိုးဆဲနိုင်ငံများက ကောင်းမွန်သော သံခင်း တမန်ခင်း နည်းလမ်းများဖြင့် ပြောဆိုရလေ့ရှိ”**

ငွေကြေးစီးဆင်းမှုသည် ကုန်သွယ်ရေးနှင့် ကူးသန်းရောင်းဝယ်ရေးတွင် အလွန်အရေးပါသည့် ကြားခံစနစ်ဖြစ်သည်။ ဆက်စပ်မှုလည်းရှိသည်။ ကုန်စည်စီးဆင်းမှုများလာပါက ငွေကြေးစီးဆင်းမှုလည်း အလိုလို များလာမည်။ ငွေကြေးလည်ပတ်မှုများသည့် ပတ်ဝန်းကျင်တွင် စီးပွားရေးဖွံ့ဖြိုးမှုတိုးတက်မှုလည်း ရှိမည်ဟု အကြမ်းဖျင်း သတ်မှတ်နိုင်သည်။

အစိုးရ၏ ငွေကြေးမူဝါဒသည် တိုင်းသူပြည်သားများ၏ စားဝတ်နေရေးချောင်လည်မှုနှင့်လည်း ဆက်စပ်မှုရှိသည်။ ငွေကြေးစီးဆင်းမှု ရပ်တန့်လျှင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ရပ်တန့်ရုံမက ယင်းဒေသနေပြည်သူများ၏ စားဝတ်နေရေးသည်လည်း ကျပ်တည်းသည့် အခြေအနေသို့ ရောက်ရှိသွားနိုင်သည်။ ထို့ကြောင့် ကုန်သွယ်ရေး၌ဖြစ်စေ၊ ပြည်တွင်း ရောင်းဝယ်ရေးလုပ်ငန်း၌ဖြစ်စေ လုပ်ငန်းလည်ပတ်စေရေးအတွက် အဓိကမောင်းနှင်သည့် အရာမှာ ငွေကြေးပင်ဖြစ်သည်။

တစ်နည်းအားဖြင့် ငွေကြေးလည်ပတ်မှု မရှိတော့လျှင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်း အကုန်လုံး တုံ့ဆိုင်းသွားမည်သာဖြစ်သည်။ ကုန်သွယ်ရေးတွင်လည်း ကုန်စည်စီးဆင်းမှု တုံ့နှေးသွားမည်သာဖြစ်သည်။

**ကုန်စည်စီးဆင်းမှု**

ကုန်သွယ်ရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် မရှိမဖြစ်သည့်အရာမှာ ကုန်စည်စီးဆင်းမှုပင်ဖြစ်သည်။ ကုန်စည်စီးဆင်းမှု၏နောက်က လိုက်လာသည့်အရာမှာ ငွေကြေးစီးဆင်းမှုဖြစ်သည်။ ယင်းအရာနှစ်ခုမှာ အမြဲဒွန်တွဲလျက်ရှိတတ်ပြီး များများနှင့် မြန်မြန် စီးဆင်းကြမည်ဆိုပါက ဖွံ့ဖြိုးတိုးတက်မှုဟူသည့် အကျိုးရလဒ်က နောက်ကနေလိုက်လာလေ့ရှိတတ်သည်။

ဤအတွက်ကြောင့် ကုန်စည်စီးဆင်းမှု မှန်ကန်စေသော အကြောင်းရင်းခံများမှာ မိမိတင်ပို့သည့် (သို့မဟုတ်) မိမိရောင်းချသည့် ကုန်စည်၏ အရည်အသွေး ကောင်းမွန်ခြင်းနှင့် အာမခံထားရှိခြင်း၊ ကုန်အညွှန်းအမှတ်အသားများ ပြည့်စုံစွာ ဖော်ပြပေးထားခြင်း၊ သင့်တင့်မျှတသော ဈေးနှုန်းဖြစ်ခြင်း၊ အစိုးရက သတ်မှတ်ထားသော အခွန်နှင့် ပြဋ္ဌာန်းချက်များ လိုက်နာပြီးဖြစ်ခြင်း စသည့် ပို့ကုန်အတွက် လိုအပ်ချက်များဖြင့် ပြည့်စုံရန် လိုအပ်သည်။

ထိုနည်းတူ သွင်းကုန်အတွက်လည်း အရည်အသွေး မှန်ကန်ခြင်း၊ ကုန်အညွှန်းအမှတ်အသားများ ပြည့်စုံစွာ ပါရှိခြင်း၊ သက်ဆိုင်ရာဌာနများ၏ ထောက်ခံချက်ဖြင့် တင်သွင်းသော ကုန်စည်များဖြစ်ခြင်းနှင့် အခွန်များ ပေးဆောင်ပြီးဖြစ်ခြင်းစသည့် လိုအပ်ချက်များနှင့် ပြည့်စုံရန်လည်း လိုအပ်လျက်ရှိသည်။

**ကုန်စည်စီးဆင်းမှုကို အတားအဆီးဖြစ်စေသော အကြောင်းအရာများ**

ပုံမှန်စီးဆင်းနေသော ကုန်စည်စီးဆင်းမှုကို အတားအဆီးဖြစ်စေသော အကြောင်းအရာများတွင် အကောက်ခွန် အတားအဆီးနှင့် အကောက်ခွန်မဟုတ်သော အတားအဆီးများဟူ၍ အဓိကနှစ်မျိုးဖြင့် ခွဲခြားလေ့ရှိသည်။ အကောက်ခွန် အတားအဆီးသည် များသောအားဖြင့် နိုင်ငံတကာကုန်သွယ်မှုပြုရာ၌ သက်ဆိုင်ရာနိုင်ငံများ၏ အကောက်ခွန်ကျင့်ထုံးဆိုင်ရာ မတူညီမှုများကြောင့် ဖြစ်ပေါ်လာသော အတားအဆီးများဖြစ်ကြသည်။

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ချုပ်၏ ကုန်သွယ်ရေးဆိုင်ရာ သဘောတူညီမှုများ မည်သို့ပင်ရှိစေကာမူ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ကိုယ်ကျိုးကာကွယ်ရေးမူဝါဒများကို ဦးစားပေးလွန်းသည့်အခြေအနေတွင် ကုန်သွယ်ရေး ကမောက်ကမ ဖြစ်လေ့ဖြစ်ထရှိတတ်သည်။ ဥပမာ ကျွန်တော်တို့ မြန်မာနိုင်ငံကဲ့သို့ အာဆီယံနိုင်ငံများက တရုတ်နိုင်ငံသို့ လယ်ယာထွက်ကုန်ပစ္စည်းများ တင်ပို့သည့်အခါ အကောက်ခွန်သက်သာခွင့်ပုံစံ(Form-E)ဖြင့် တင်ပို့ပါက အကောက်ခွန်သက်သာခွင့် ဆောင်ရွက်ပေးရမည်ဖြစ်သော်လည်း မြေပြင်တွင်မူ အကောက်ခွန် မသက်သာသည့်အပြင် အခွန်နှစ်မျိုးထက်မက ကောက်ခံတတ်သည်။

နယ်စပ်ကုန်သွယ်ရေးတွင် တရုတ်နိုင်ငံဘက်ခြမ်းက အကောက်ခွန် အတားအဆီးရှိလျှင် ကျွန်တော်တို့နိုင်ငံဘက်ခြမ်း၌ ကုန်စည်စီးဆင်းမှု နှေးကွေးလေ့ရှိပါသည်။ ထိုကဲ့သို့သော အခြေအနေတွင် မြန်မာကုန်သည်များ၏ အမြတ်ငွေထဲမှ တရုတ်အစိုးရသို့ အခွန်များ ပေးဆောင်ရခြင်းကြောင့် သီအိုရီအရပြောရလျှင် ငွေကြေးစီးဆင်းမှု နှေးကွေးသွားသဖြင့် ကုန်စည်စီးဆင်းမှုလည်း အလိုလို နှေးကွေးသွားရလေ့ရှိသည်။

ဤသို့သော အကောက်ခွန်အတားအဆီးများသည် စီးပွားရေးအင်အားကြီးနိုင်ငံများနှင့် ညှိနှိုင်းဆောင်ရွက်ရန် ခက်ခဲလေ့ရှိသော်လည်း နယ်စပ်ကုန်သွယ်ရေး၌ နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်ရေး ပုံမှန်ညှိနှိုင်းအစည်းအဝေးပွဲများ၌ လိမ္မာပါးနပ်စွာ ပြောဆိုရလေ့ရှိပြီး ယင်းအစည်းအဝေး၌ ပြေလည်လေ့ရှိတတ်သည်။ စီးပွားရေးလုပ်ငန်းဆိုသော်လည်း နိုင်ငံရေးနှင့် ဆက်စပ်လေ့ရှိတတ်သည်။ ထို့ကြောင့်လည်း စီးပွားရေးအင်အားကြီးနိုင်ငံများနှင့် ကုန်သွယ်ရေးကိစ္စညှိနှိုင်းရန် လိုအပ်သောအခါ ဖွံ့ဖြိုးဆဲနိုင်ငံများက ကောင်းမွန်သော သံခင်းတမန်ခင်းနည်းလမ်းများဖြင့် ပြောဆိုရလေ့ရှိသည်။

**ကုန်စည်စီးဆင်းမှုကို နှေးကွေးစေနိုင်သည့် အကောက်ခွန်မဟုတ်သော အတားအဆီးများ**

ကုန်စည်စီးဆင်းမှုကို နှေးကွေးစေခြင်း (သို့မဟုတ်) ရပ်တန့်စေသော အကြောင်းတရား များစွာရှိတတ်သည်။ များသောအားဖြင့် နိုင်ငံများ၏ ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ ကြီးကြပ်ကွပ်ကဲမှု အဆင့်များလွန်းခြင်း၊ ဌာနဆိုင်ရာထောက်ခံချက်များ ရရှိရန် အချိန်ကြာမြင့်ခြင်း၊ သယ်ယူပို့ဆောင်ရေးလမ်းကြောင်း မချောမွေ့ခြင်း၊ သယ်ပို့စနစ်များ ညံ့ဖျင်းခြင်း၊ ကုန်စည်အရည်အသွေး ကျဆင်း၍ တစ်ဖက်ဝယ်လက်က လက်မခံတော့ခြင်း၊ လမ်းပန်းနှင့် သိုလှောင်ရာ၌ လုံခြုံစိတ်ချရမှုမရှိခြင်း စသည့် အချက်များကြောင့် ကုန်စည်စီးဆင်းမှုရပ်တန့်တတ်သည်။

ထိုသို့ အကောက်ခွန်ကြောင့်မဟုတ်သော အတားအဆီးများကို လျှော့ချရာတွင် တစ်ဆင့်ပြီးတစ်ဆင့် လျှော့ချရန်လိုအပ်ခြင်း၊ အစိုးရဌာနများ၏ လိုင်စင်ကဲ့သို့သော ကိစ္စများကို အမြန်ဆုံးဆောင်ရွက်ပေးခြင်း၊ ကုန်ပစ္စည်းများ စစ်ဆေးရာတွင် အကြိမ်ရေအနည်းဆုံး စစ်ဆေးသောစနစ်ဖြင့် ဆောင်ရွက်ပေးခြင်း၊ ဌာနဆိုင်ရာ ထောက်ခံချက်များကို (One stop Services)စနစ်ဖြင့် ဆောင်ရွက်ပေးခြင်း၊ သင်္ဘောတင်ခြင်း(သို့မဟုတ်) ကုန်သွယ်ရေးစခန်းပို့ရာ လမ်းပန်းဆက်သွယ်ရေးစနစ်များ တိုးတက်ကောင်းမွန် မြန်ဆန်အောင် စီစဉ်ဆောင်ရွက်ပေးခြင်း၊ သင်္ဘောတင်ခြင်း(သို့မဟုတ်) ကုန်သွယ်ရေးစခန်းသို့ ကုန်စည်ပို့ဆောင်ရာတွင် အသုံးပြုသော စက်ယန္တရားများ ခေတ်မမီခြင်းနှင့် စွမ်းဆောင်ရည်ကျဆင်းခြင်းတို့ကို ပြန်လည်မွမ်းမံခြင်း (သို့မဟုတ်) စွမ်းဆောင်ရည်မြင့်မားသော စက်ယန္တရားအသစ်များဖြင့် အစားထိုး အသုံးပြုခြင်းတို့ဖြစ်သည်။

အရေးအကြီးဆုံးတစ်ချက်မှာ တင်ပို့သည့် ကုန်စည် (သို့မဟုတ်) တင်သွင်းသည့်ကုန်စည်သည် အရည်အသွေး နိမ့်ကျသောကုန်စည် ဖြစ်နေခြင်းအတွက် မိမိပြည်တွင်း ထုတ်လုပ်သော ကုန်စည်ဖြစ်ပါက ပြန်လည်ပြင်ဆင်၍ သတ်မှတ်ထားသော စံချိန်မီအရည်အသွေး ထုတ်ကုန်ရရှိသည်အထိ ဆောင်ရွက်ခြင်း၊ သွင်းကုန်ဖြစ်ပါက စံချိန်မီ ကုန်စည်များကိုသာ တင်သွင်းခြင်းများ ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်သည်။

ကုန်စည်စီးဆင်းမှုကို ရပ်တန့်စေနိုင်သော အခြားအကြောင်းရင်းတစ်ခုအနေဖြင့် လမ်းပန်းဆက်သွယ်မှုနှင့် ကုန်စည်များ သိုလှောင်ရာ၌ ကုန်ပစ္စည်းများ အဖျက်အဆီး မခံရရေး၊ အခိုးမခံရရေး၊ မီးလောင်ခြင်းနှင့်ရေဘေး စသည့် သဘာဝဘေးဒဏ် မကျရောက်အောင် ကာကွယ်ခြင်းနှင့် လုံခြုံရေးများ စနစ်တကျထားရှိခြင်း စသည့် လုပ်ဆောင်ချက်များ ဆောင်ရွက်ပေးရန်လည်း လိုအပ်လျက်ရှိသည်။ ဤသို့ လုပ်ဆောင်နိုင်ရန် အစိုးရနှင့် လုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်သင့်ကြောင်း တင်ပြလိုပါသည်။

အထက်ပါ ဖော်ပြချက်များမှာ ပုံမှန်ကုန်သွယ်ရေးစနစ်ဖြင့် စီးပွားရေးမြှင့်တင်ရေး အခြေခံများကို အသားပေးဖော်ပြထားခြင်းဖြစ်ပြီး အလျဉ်းသင့်ပါက ပြည်တွင်းစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြံပြုချက်များကို ဆက်လက်ဖော်ပြဦးမည်ဖြစ်သည်။

စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေကြေးစီးဆင်းမှုနှင့် ကုန်စည်စီးဆင်းမှု လျင်မြန်ချောမွေ့ခြင်းတို့သည် အဓိကကျကြောင်း သီအိုရီအရ အလွယ်တကူပြောဆို၍ရသော်လည်း ယင်းတွင် အဆင့်ဆင့် လုပ်ဆောင်ရသည်။ အဆင့်တိုင်းတွင် စိန်ခေါ်မှုများ ရှိနေမည်လည်းဖြစ်သည်။

စီးပွားရေးပိတ်ဆို့မှုများ၊ နိုင်ငံအချင်းချင်း ယှဉ်ပြိုင်မှုများ၊ အုပ်စုလိုက်ကုန်သွယ်ရေး၌ အနိုင်ကျင့်ခြင်း စသည့် အခက်အခဲများစွာလည်း ရှိနေမည်ဖြစ်သည်။ အစိုးရများအနေဖြင့်လည်း အောက်ခြေဌာနများဖြင့် အဆုံးအဖြတ်မပေးနိုင်သည့် ကိစ္စများလည်း ရှိနိုင်သည်။ သို့သော်လည်း မူဝါဒပိုင်း ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ခြင်းဖြင့် မြေပြင်စိန်ခေါ်မှုများကို ကျော်လွှားနိုင်သကဲ့သို့ ရုပ်ပိုင်းဆိုင်ရာများကိုလည်း ဈေးကွက်လိုအပ်မှုက ပြုပြင်ပြောင်းလဲစေနိုင်မည်ဖြစ်သည်။

သို့ဖြစ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် အလားအလာကောင်းကို ပိုင်ဆိုင်သော နိုင်ငံတစ်နိုင်ငံအနေဖြင့် ကုန်စည်နှင့် ငွေကြေးစီးဆင်းမှု လျင်မြန်ချောမွေ့အောင် ဆောင်ရွက်နိုင်မှသာ အခြား အာဆီယံနိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်မှုကို ယှဉ်ပြိုင်နိုင်မည်ဖြစ်သည်။ ကုန်စည်နှင့် ငွေကြေးစီးဆင်းမှု လျင်မြန်ရန်အတွက် အခက်အခဲအတားအဆီးများကို နည်းလမ်းမှန်ကန်စွာဖြင့် ကျော်လွှားနိုင်စေရန် ဤဆောင်းပါးအားဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအားလှေကားထစ်နောက်တစ်ထစ် တက်လှမ်းနိုင်ပါစေကြောင်း ဆန္ဒပြုလျက် နိဂုံးချုပ်အပ်ပါသည်။ ။

# မန်စီးတီးကို အနိုင်ယူပြီး အာဆင်နယ် အက်ဖ်အေဖလား ဗိုလ်လုပွဲတက်ရောက်



အင်္ဂလန်အက်ဖ်အေဖလား အကြိုဗိုလ်လုပွဲအဖြစ် ဇူလိုင် ၁၉ ရက် နံနက်ပိုင်းတွင် ယှဉ်ပြိုင်ခဲ့သည့်အာဆင်နယ်နှင့် မန်စီးတီးပွဲတွင် နှစ်ဂိုး-ဂိုးမရှိ ဖြင့် အာဆင်နယ် အသင်းအနိုင်ရရှိပြီး ဗိုလ်လုပွဲသို့တက်ရောက်ခဲ့သည်။

အဆိုပါပွဲတွင် အာဆင်နယ်အသင်းသည် ၃-၄-၃ ကစားကွက်ဖြင့် တိုက်စစ်ပိုင်းတွင် ပီပီ၊ လာကာဇက်တီနှင့် အူဘာမီယန်တို့ ပွဲထွက်ခဲ့ပြီး မန်စီးတီးအသင်းက ၄-၃-၃ ပုံစံဖြင့် တိုက်စစ်တွင် စတာလင်း၊ ဂါဘရီရယ် ဂျီးဆပ်နှင့် မာရက်စ်တို့ ပွဲထွက်လာသည်။ ပထမပိုင်းပွဲချိန် ၁၉ မိနစ်တွင် အာဆင်နယ်အသင်းက တန်ပြန်တိုက်စစ်မှတစ်ဆင့် အူဘာမီယန်က ဦးဆောင်ဂိုးသွင်းယူခဲ့ပြီး ပထမပိုင်းကို တစ်ဂိုး - ဂိုးမရှိဖြင့် ဦးဆောင်ခဲ့သည်။ ဒုတိယပိုင်းတွင် မန်စီးတီးအသင်း ချေပဂိုးရရှိရန်ဖိအားပေးကစားခဲ့ရာမှ ပွဲချိန် ၇၁ မိနစ်တွင် တန်ပြန်တိုက်စစ်မှတစ်ဆင့် အူဘာမီယန်က အာဆင်နယ်အတွက် ဒုတိယဂိုးသွင်းယူခဲ့သည် (ယာပုံ)။ မန်စီးတီးတို့ ချေပဂိုးရရေး ကြိုးစားသော်လည်း ပွဲပြီးချိန်တွင် နှစ်ဂိုးပြတ်ဖြင့် အာဆင်နယ်အနိုင်ရရှိခဲ့သည်။ ယင်းပွဲတွင် မန်စီးတီးသည် ဘောလုံးပိုင်ဆိုင်မှုအသာစီးဖြင့် ယှဉ်ပြိုင်နိုင်ခဲ့ပြီး ဂိုးကန်သွင်းခွင့် ၁၆ ကြိမ်အထိရရှိကာ တစ်ကြိမ်သာ ဂိုးပေါက်ခြိမ်းခြောက်နိုင်ခဲ့သည်။ အာဆင်နယ်သည် ဂိုးကန်သွင်းခွင့် လေးကြိမ် ဂိုးပေါက်ခြိမ်းခြောက်နိုင်ခဲ့သည်။ ယင်းနှစ်သင်းသည် အက်ဖ်အေဖလား အကြိုဗိုလ်လုပွဲတွင် နှစ်ကြိမ်တွေ့ဆုံခဲ့ရာ အာဆင်နယ်က နှစ်ကြိမ်စလုံး အနိုင်ရရှိပြီး ဗိုလ်လုပွဲကို တက်ရောက်နိုင်ခဲ့သည်။ ၂၀၁၇ ခုနှစ် အကြိုဗိုလ်လုပွဲတွင် အာဆင်နယ်သည် အချိန်ပိုတွင် သွင်းယူခဲ့သည့် သွင်းဂိုးကြောင့် နှစ်ဂိုး-တစ်ဂိုး ရလဒ်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

အင်္ဂလန်အက်ဖ်အေဖလားကို ၁၈၇၁ ခုနှစ်တွင် စတင်ယှဉ်ပြိုင်ခဲ့ပြီး နှစ်ပေါင်း ၁၄၉ နှစ်ရှိပြီဖြစ်ရာ ဖလားအများဆုံး ရရှိထားသည့်အသင်းမှာ ၁၃ ကြိမ်ဖြင့် အာဆင်နယ်ကရပ်တည်နေပြီး ယခုနှစ်အပါအဝင် ဗိုလ်လုပွဲကို ၂၁ ကြိမ်မြောက် တက်ရောက်ခဲ့ခြင်းဖြစ်သည်။ မန်စီးတီးသည် ခြောက်ကြိမ်သာ ရရှိထားပြီး ဗိုလ်လုပွဲကို ၁၁ ကြိမ်တက်ရောက်ထားသည်။

**သီဟ**

---

## စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နေ
(ဦးစိုးထွေးအောင်)-ဒေါ်ခင်စန်းမြင့်တို့၏သား
**ဒေါက်တာဝဏ္ဏစိုး**
**M.B,B.S,M.Med.Sc (Public Health)**
**လက်ထောက်ညွှန်ကြားရေးမှူး၊ ဆေးဌာန၊**
**လူမှုဖူလုံရေးအဖွဲ့(ရုံးချုပ်)နေပြည်တော် နှင့်**
ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့နေ ဒေါက်တာဌေးမြင့်ဦး-
(ဒေါက်တာနီနီအေး)တို့၏သမီး
**ဒေါက်တာစိမ့်စမ်းအေး M.B,B.S(Mgy)**
**လက်ထောက်ဆရာဝန်၊ ဆေးဌာန၊ လူမှုဖူလုံရေးအဖွဲ့(ရုံးချုပ်)**
**နေပြည်တော်**
တို့သည် နှစ်ဖက်မိဘဆွေမျိုးများ၏ ရှေ့မှောက်၌ ၁၉-၇-၂၀၂၀ ရက် (တနင်္ဂနွေနေ့)တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

**ဒေါက်တာဝဏ္ဏစိုး-ဒေါက်တာစိမ့်စမ်းအေး**

## ကျေးဇူးတင်လွှာ

၁၄-၇-၂၀၂၀ရက် (အင်္ဂါနေ့)တွင် ပြုလုပ်ကျင်းပသော ကျွန်တော်၊ ကျွန်မတို့၏ မင်္ဂလာဆွမ်းကျွေးသို့ ကြွရောက်ချီးမြှင့်ပေးကြသော ဂုဏ်သရေရှိ လူကြီးမင်း မိတ်ဆွေ သူငယ်ချင်းများအား ကျေးဇူးအထူးတင်ရှိပါကြောင်း။

**ကိုသန်းထက်မြင့်မောင်-မပွင့်ဖြူဝင့်အေး**

## တစ်ဦးတည်းဖြစ်ကြောင်း

ရမည်းသင်းမြို့၊ အထက(၂) တက္ကသိုလ်ဝင်တန်းမှ မောင်နေမင်းကျော်၏ ဖခင်အမည်မှန်မှာ ဦးအောင်နိုင်ဝင်း(ခ)ဦးကျော်ဝင်းနိုင်မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

## အမည်မှန်

ဦးနန်းထိုက်အောင် ၇/ဝမန(နိုင်)၁၁၃၄၈၈ ၏သား ဝေါမြို့နယ်၊ အဘား ကျေးရွာ အလက သတ္တမတန်းမှ မောင်စွမ်းထက်အောင်၏ အမည်မှန်မှာ မောင်စောထက်အောင် ဖြစ်ပါကြောင်း။

**မောင်စောထက်အောင်**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 7H/8288 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယင်းဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(မူဆယ်)မူဆယ်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၅ယ/၂၉၉၂၆ Honda 100, TWO WHEEL ယာဉ်လက်ဝယ်ရှိသူ ဦးဌေးဌေး ၈/ခမန(နိုင်)၁၀၇၉၄၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး(မူဆယ်)မူဆယ်မြို့**

## မွေးသက္ကရာဇ်အမှန်

တောင်ငူခရိုင်၊ ထန်းတပင်မြို့နယ်၊ အလက(ပျဉ်ဂန်း)မှ ဆရာမဒေါ်ဇင်မာဝင်း ၇/ထတပ(နိုင်)၀၉၈၈၉၇ ၏ မွေးသက္ကရာဇ်အမှန်မှာ ၁၅-၁၀-၂၀၀၀ ဖြစ်ပါကြောင်း။

**အောင်ကမ္ဘာ**
ဒဂုံမြို့သစ် (တောင်ပိုင်း၊ ဆိပ်ကမ်း၊အရှေ့ပိုင်း၊ မြောက်ပိုင်း)ရွှေပေါက်ကံ
မြေကွက်များဝယ်လိုသည်။
အိမ်အရောက်ငွေချေသည်။
ပွဲခပေးရန်မလိုပါ။
09-43118200
09-450096155

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၂၀)၊ မြေကွက်အမှတ် ၁၊ အကျယ်အဝန်း ပေ(၄၃ x ၆၀) ဧရိယာ ဝဒသမ၀၅၉ ကေရှိ ကွယ်လွန်သူ(ဦးစန်းမောင်) (– CD–050693) အမည်ပေါက် နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်ကို ဦးမောင်မောင်စိုး ၁၂/ဗဟန(နိုင်)၀၃၅၈၉၃ က အပေါင်အနှံ အရှုပ်အရှင်း ကင်းရှင်း၍ ၎င်းမှ တရား ဝင် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုလာသောကြောင့် ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ် တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါကဤကြော်ငြာပါသည့်ရက်မှစ၍၁၄ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း(မူရင်း) အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဟန်သီစိုး LL.B, WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၇၆၃)**
**အမှတ် ၄၇(ခြောက်လွှာ)၊ မြင်တော်သာလမ်းမ၊ (၃/မာန်ပြေ)ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၅၅၄၄၃၃၆၀၀၊ ၀၉- ၄၂၀၁၃၉၄၄**

## ဖခင်အမည်မှန်

ဝေါမြို့နယ်၊ ဖိုးဦးစိန်ကျေးရွာ အထက တက္ကသိုလ်ဝင်တန်းမှ မဒါလီလင်းနှင့် ပဉ္စမတန်းမှ မောင်ရဲရင့်အောင်တို့၏ဖခင်အမည်မှန်မှာ ဦးအောင်မြတ်ဌေး (ခ)ဦးမြဌေး ၇/ဝမန(နိုင်)၀၃၆၅၅၉ ဖြစ်ပါကြောင်း။

**ဦးအောင်မြတ်ဌေး(ခ)ဦးမြဌေး**

## မိဘအမည်မှန်

ဝေါမြို့နယ်၊ ဖိုးဦးစိန်ကျေးရွာ အထက တက္ကသိုလ်ဝင်တန်းမှ မစုပုံချစ်နှင့် ဖိုးစိန္တာစု ကျေးရွာ အလက(ခွဲ) သတ္တမတန်းမှ မောင်ဘုန်းပြည့်တိုးတို့၏မိဘအမည်မှန်မှာ ဦးဇင်မင်းဦး ၇/ဝမန(နိုင်)၁၀၆၂၃၃နှင့် ဒေါ်လှမိုးသွယ်ခိုင် ၇/ဝမန(နိုင်)၀၉၇၃၆၃ တို့ ဖြစ်ပါကြောင်း။

**ဦးဇင်မင်းဦး-ဒေါ်လှမိုးသွယ်ခိုင်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၀ယ/၄၉၂၄၄ ယာဉ်လက်ဝယ်ရှိသူ ဒေါ်ထွေးထွေးလွင် ၈/တတက(နိုင်)၀၀၆၅၁၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မအူပင်)မအူပင်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၅)၊ ကွင်း/အကွက်အမှတ်၃၆/ပြည်တော်သာရပ်၊ ဦးပိုင်အမှတ် ၃၀၊ မြေကွက်အမှတ် ၃၉၊ ဧရိယာ(၀ဒသမ၀၅၇)ကေရှိ မြေကွက်အား ဂရန်အမည်ပြောင်းရန် ဦးဌေး ၇/ညလပ(နိုင်)၀၂၅၃၅၈က ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ဓိဇဝါအိမ်ရာ(၂)၊ သံသုမာလမ်း၊ တိုက်အမှတ်(၆)၊ (၃)ထပ် Town House အခန်းအမှတ် (၀၀၅)၊ အကျယ်အဝန်း (၁၅ပေ× ၃၅ပေ) ရှိသည့်(GF+1F+2F) ဟုခေါ်တွင်သော ဒေါ်အိအိမိုင်ရာ (၁/မတန(နိုင်) ၀၈၄၂၂၆) အမည်ပေါက် တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးကောင်းဇော် (၁၂/တမန(နိုင်)၁၀၃၃၆၈)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်းအထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက် အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဦးထိန်လင်းသန်း** |
| LL.B, D.B.L, D.I.L., | LL.B, D.B.L, D.I.L, D.M.L, |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၈၂) |
| Hein Htet San Law Firm | ၀၉ ၅၅၀၆၁၄၆၊ ၀၉ ၅၅၀၄၂၆၅ |

အမှတ်(၁၅)၊ ပထမထပ်၊ သံသုမာလမ်း(ရတနာလမ်းဆုံ)၊ (၁၄) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် -၅၊ နည်းဥပဒေ -၂၀)
## ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး
## ၂၀၁၉ခုနှစ် တရားမကြီးမှုအမှတ်-၁၆၄

| | | |
|---|---|---|
| ၁။ ဒေါ်သင်းသင်းဝေ | နှင့် | ၁။ ဦးမိုးကျော်သူ |
| ၂။ မစုစုဝေ | | ၂။ မခင်မိုးမိုးအောင် |
| **တရားလိုများ** | | **တရားပြိုင်များ** |

(၁)တရားပြိုင် ဦးမိုးကျော်သူ၊ (၂)တရားပြိုင် မခင်မိုးမိုးအောင် အမှတ် ၇၉၊ ညောင်တုန်းလမ်းမကြီးနှင့် ကျန်စစ်သားလမ်း ထောင့်(ဖွံ့ဖြိုးအောင်အိမ်ရာဝင်း)၊ (၆) ရပ်ကွက်၊ လှိုင်သာယာမြို့နယ်(ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက နှစ်ဦးသဘောတူငွေယုံကြည်အပ်နှံခြင်းကတိစာချုပ်အရ ပေးထားသည့်ငွေပြန်လည်ရလိုမှုကြောင်းနှင့် လျှောက်ထားစွဲဆိုချက် ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၀ပြည့်နှစ် ဇူလိုင် ၂၈ရက် (၁၃၈၂ခုနှစ် ဒုတိယဝါဆိုလဆန်း ၉ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့်သင်တို့က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၀ပြည့်နှစ် ဇွန် ၂၆ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မို့မို့အေး)**
**ဒုတိယခရိုင်တရားသူကြီး(၈)**
**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏ အမှုသည်ဖြစ်သူ မြိတ်ခရိုင်၊ မြိတ်မြို့၊ ကန်ခေါင်းရပ်နေ ဒေါ်တင်တင်ဝင်း(ခ)ဒေါ်ဖွာတီမာ(ဘ)ဦးအောင်မင်း ၆/မအရ(နိုင်) ၀၈၀၂၆၃ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာလိုက်သည်။

ကျွန်ုပ်၏အမှုသည် ဒေါ်တင်တင်ဝင်း(ခ)ဒေါ်ဖွာတီမာ၏ အဘိုးဖြစ်သူ ဦးဖိုးကျင်မှ မြေးများဖြစ်သော (၁)ဒေါ်ဖွာတီမာ၊ (၂) ရာသို့ယာ၊ (၃) ရာရှီဒါ ၊ (၄) ဘာရီရာ၊ (၅) ဖွာဟင်၊ (၆) ဟာကင်၊ (၇) ဟာတင်၊ (၈)ရာဖို့၊ (၉)ဖွာရွတ်၊ (၁၀) အီဗရာဟင်၊ (၁၁)နူဂျန် တို့မှာ အရွယ်မရောက်သေးသူများဖြစ်သဖြင့် ၎င်းတို့၏ အုပ်ထိန်းသူအဖြစ် မြိတ်မြို့၊ ကန်ခေါင်းရပ်၊ မန္တလေးကျောင်းလမ်းရှိ အကွက်အမှတ် ၁၉(ခ)၊ ဦးပိုင်အမှတ် ၇၃၊ ဧရိယာ ၀ဒသမ ၀၅၅ မြေကွက်ကို မောင်ရာဖို့ထံမှ မှတ်ပုံတင်စာချုပ်စာတမ်းဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ သို့ဖြစ်၍ အမှတ်စဉ်(၁)မှ (၁၁)အထိ အမည်ပါသူများမှာ အရွယ်ရောက်ပြီး အသက်(၁၈)နှစ် ပြည့်ချိန်မှစ၍ အဆိုပါ မြေကွက်ကို တရားဝင် ပိုင်ဆိုင်သူ များအဖြစ် လက်ရှိထားပိုင်ဆိုင်သူများဖြစ်သည်။ ဦးဖိုးကျင်မှာ ၁၉၆၈ခုနှစ်တွင် ကွယ်လွန်ခဲ့ပြီး ဖြစ်သည်။ ဦးထွန်း မင်း(ခ)ဦးအီဗရာဟင်အားဦးမင်းဇော်(ခ)ဦးရာဖို့မှ ၎င်း၏ လုပ်ပိုင်ခွင့်အခွင့်အရေးများအား တရားဝင် ကိုယ်စားလှယ်လွှဲအပ်ပေးခဲ့ပြီး ဒေါ်ခင်မာဝင်း(ခ)ဒေါ်ရာရှီဒါမှ ဒေါ်တင်တင်ဝင်း(ခ) ဒေါ်ဖွာတီမာအား တရားဝင် ကိုယ်စားလှယ်လွှဲအပ်ပေးခဲ့သည်။

ယခုအခါ ဒေါ်တင်တင်ဝင်း(ခ)ဒေါ်ဖွာတီမာအနေဖြင့် အထက်ပါ အမှတ်စဉ် (၂) မှ (၁၁)အထိ ပိုင်ဆိုင်သူများ၏ သဘောတူ ခွင့်ပြုချက်ဖြင့် တခြားတစ်ပါးသူထံသို့ အထက်ပါမြေကွက်အား တရားဝင်လွှဲပြောင်းရောင်းချမည်ဖြစ်သဖြင့် အထက်ပါမြေကွက်နှင့် မြေပေါ်ရှိ အကျိုးခံစားခွင့်များနှင့်ပတ်သက်၍ တရားဝင် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို တရားဝင်ပိုင်ဆိုင်မှု အထောက်အထားများ ပြသကာ ယခုကြေညာချက်ထုတ်ဆင့်သည့်ရက်မှ ၁၀ရက်အတွင်း ၃၀-၇-၂၀၂၀ရက် နောက်ဆုံးထား၍ တရားဝင်လာရောက်ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာလိုက်သည်။ ကန့်ကွက် ဆောင်ရွက်ခြင်းမရှိပါက တည်ဆဲဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်တင်တင်ဝင်း(ခ)ဒေါ်ဖွာတီမာ၏**
**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစိုင်းသီဟဝင်း(LL.B) တရားလွှတ်တော်ရှေ့နေ၊**
**စဉ်-၁၆၂၉၀(၅-၁၂-၂၀၁၉)**
**ကန်ဖျားလမ်းမကြီး၊ ဘုရားကိုးဆူရပ်၊ မြိတ်မြို့၊**
**ဖုန်း-၀၉-၄၂၂၁၉၅၆၅၉**

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၅)ရပ်ကွက်၊ သမိန်ဗရမ်းလမ်း၊ မြေကွက်အမှတ်(၇၈၈)၊ အကျယ်အဝန်း (၄၅ပေ× ၆၀ပေ)ရှိ ဒေါ်မြင့်ဆွေ (၁၂/အစန(နိုင်)၀၇၅၈၃၇) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ဝင်းကြည်(၁၂/ဥကမ (နိုင်)၀၇၃၅၉၄) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇) ရက် အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဦးထိန်လင်းသန်း** |
| LL.B, D.B.L, D.I.L., | LL.B, D.B.L, D.I.L, D.M.L, |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၈၂) |
| Hein Htet San Law Firm | ၀၉၅၅၀၆၁၄၆၊ ၀၉၅၅၀၄၂၆၅ |

အမှတ်(၁၅)၊ ပထမထပ်၊ သံသုမာလမ်း(ရတနာလမ်းဆုံ)၊ (၁၄) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။

## ကန့်ကွက်နိုင်ပါကြောင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၈/ဒက္ခိဏသီရိ အလယ်ရပ်)၊ မြေဧရိယာ(၀ဒသမ၁၄၆)ကေ၊ မြေကွက်အမှတ် (ဒ-၃၀၆၂၃)၊ ဦးဌေးဝင်း(ဘ)ဦးထွန်းရှိန် ၉/ပမန(နိုင်)၀၇၄၆၁၆ အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို ဦးမောင်မောင်(ဘ)ဦးအောင်မြင့် (ခ)လျိုတဲကွက် ၉/ပဥလ(နိုင်)၀၂၂၅၁၃မှ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၅၇၂/၂၀၂၀(၂၄-၃-၂၀၂၀)တင်ပြ၍ ဦးအောင်ထွေး(ဘ)ဦးလူအေး ၅/တဆန(နိုင်)၀၈၃၀၀၂ နှင့်မှတ် ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရား ဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေး ကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အမည်ပြောင်း

ဦးအေးကြူ၏သား အထက(၁) အင်းစိန် Grade- 9 မှ မောင်စစ်ဘုန်းပိုင်အား မောင်နေထက်အာကာနှင့် အထက(၁) အင်းစိန် Grade- 6 မှ မောင်ချစ်ဘုန်းဟိန်းအား မောင်ရဲရင့်ဘုန်းဟိန်း ဟု ပြောင်းလဲခေါ်ပါရန်။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၁ယ/၄၀၉၀၃ Honda Dream 125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြင့်မြင့်ဝေ ၆/မအရ(နိုင်)၀၂၄၈၄၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မြိတ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၇ယ/၂၃၅၃၆ Honda PCX 150 ဆိုင်ကယ် ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးသန့် ၁၁/ရမန(နိုင်)၀၈၆၄၉၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းရုံး (ထားဝယ်)**

စာအုပ်စာပေ လူ့မိတ်ဆွေ

ထုတ်လုပ်ခွင့်လိုင်စင်အမှတ် ဂ/၂၀၁၇ တအထလ/တိုး(၅၄)၊ တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်(ဆေးပြား) - TMR 004815(0320) / (ဆေးမှုန့်)TMR 000394(0320)
RE GD.
ဝေဟွပ်ဟွပ်နဲ့ဒါပါးမာရှိအောင်ဆိုးနေတဲ့ချောင်း ကွမ်းရှက်ပုံ ဆေးကောင်း
မြန်မာ့တိုင်းရင်း ဆေးဖက်ဝင် စစ်မှန်သော ပရဆေး ပစ္စည်းများဖြင့် ဖော်စပ်ထားသောကြောင့် အံ့ ဩ လောက် အောင်အထူးပင် ဆေး စွမ်းထက်မြက်လှပါသည်။

များနာကိုက်ခဲ တုပ်ကွေးပျောက်လို့ နာမည်ကျော်
ဆေးစွမ်းထက်လို့နာမည်ကျော် ပြည်သူ့ကျန်းမာရေးအကျိုးမျှော်
စိန်ဘယက် ငန်းနီကျော်
အမျိုးသမီးများသွေးသားနှင့်ပတ်သက်၍ ကိုက်ခဲခြင်းကင်းပြီး သွေးသားစိုပြည် လှပစေပါသည်။


## စီးပွားရေးအခွင့်အလမ်းသစ်

CLEAR sunsilk LUX Fair & Lovely POND'S Knorr Signal DOMI familycare E-LAN Miss O2 Win

ကမ္ဘာတစ်ဝှမ်းကျော်ကြားသော လူသုံးကုန်၊ အိမ်သုံးကုန်၊ စားသောက်ကုန်အမှတ်တံဆိပ်များစွာကို ကမ္ဘာ့နိုင်ငံပေါင်း(၁၉၀)နိုင်ငံတွင် အောင်မြင်စွာထုတ်လုပ်ဖြန့်ဖြူးရောင်းချနေသည့် ယူနီလီဗာကုမ္ပဏီ၏ ဈေးကွက် တိုးချဲ့လုပ်ကိုင်နိုင်ရန်အတွက် အောက်ဖော်ပြပါ မြို့အသီးသီးတွင် ဖြန့်ချိရေး ကိုယ်စားလှယ်များ(distributors) လိုအပ်နေပါ၍ ပူးပေါင်းလက်တွဲ လုပ်ကိုင်လိုသူများအား ဖိတ်ခေါ်အပ်ပါသည်။

ရန်ကုန်၊ တိုက်ကြီး၊ လက်ပံတန်း၊ ဘားအံ၊ ရေး၊ ကျောင်းကုန်း၊ ညောင်တုန်း၊ ပန်းတနော်၊ မော်ကျွန်း၊ ဘိုကလေး၊ သထုံ၊ ကော့သောင်း

ဟိုပင်၊ ကျောက်မဲ၊ သီပေါ

ကုမ္ပဏီမှ အောက်ပါအချက်အလက်များကို အခြေခံ၍ လျှောက်ထားသူများကို ရွေးချယ်သွားမည်ဖြစ်ပါသည်။
(၁) ငွေကြေးအင်အား၊ (၂) လုပ်ငန်းခွင်တွင် ပါဝင်ဦးဆောင်နိုင်ခြင်း၊
(၃) နယ်မြေခံဖြစ်ခြင်း၊ (၄) စိတ်ဓာတ်ပြည့်ဝ၍ အကျင့်စာရိတ္တကောင်းမွန်ခြင်း

**စိတ်ပါဝင်စားသူများသည် အောက်ပါလိပ်စာသို့ ဆက်သွယ်စုံစမ်းမေးမြန်းလျှောက်ထားနိုင်ပါသည်။**
**အမှတ်(၁၉၈) အနောက်ရွှေဂုံတိုင် ၅လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။**
E-mail : ayemya.thinn@unilever.com,
Phone : 09-421003429, 09-43162131, 09-777441227, 09-5119601, 09-5001702, 09-5012377


## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## မူဆယ်ခရိုင်တရားရုံးတော်
## ၂၀၁၉ခုနှစ် တရားမကြီးမှုအမှတ်-၄၂

ဒေါ်နန်းအေမို နှင့်
၁။ ဦးအိုက်ကျော်ထွန်း
၂။ ဒေါ်မြစိန်
၃။ ဒေါ်ရွှေရင်
၄။ ဦးစိုင်းမောင်အေး
၅။ ဦးစံမြင်
၆။ ဦးစိုင်းကျော်
၇။ ဦးဆွေ
၈။ ဦးမောက်ဆိုင်ယီပီး
၉။ ဒေါ်ဆွဲ့ဆိုင်
၁၀။ ဒေါ်ကန့်ခမ်းလှ

တရားလို တရားပြိုင်များ

နမ့်ခမ်းမြို့နယ်၊ မန့်ဆွမ်းကျေးရွာအုပ်စု၊ ကောင်းနောင်ကျေးရွာတွင် နေထိုင်သော အမှတ်(၅) တရားပြိုင်ဖြစ်သူ ဦးစံမြင်နှင့် မန်စီမြို့နယ်၊ ဖာစန့်ကျေးရွာ၊ အိမ်အမှတ်(၁၀၂) တွင်နေထိုင်သော အမှတ်(၁၀)တရားပြိုင်ဖြစ်သူ ဒေါ်ကန့်ခမ်းလှ (ယခုနေရပ်လိပ်စာမသိ) သူများ သိစေရမည်။

သင်တို့အပေါ်၌ တရားလိုမှ အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှုစွဲဆိုထားသည်ဖြစ်၍ သက်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ ၂၀၂၀ပြည့်နှစ် ဩဂုတ် ၁၀ရက်(၁၃၈၂ခုနှစ် ဝါဆိုလပြည့်ကျော် ၇ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင်သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်ကတင်သွင်းရမည်။

၂၀၂၀ပြည့်နှစ် ဇူလိုင် ၁၀ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ကျော်စိုးခိုင်)
ဒုတိယခရိုင်တရားသူကြီး
မူဆယ်ခရိုင်တရားရုံး

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ပြင်ဦးလွင်မြို့နယ်တရားရုံး
## ၂၀၂၀ပြည့်နှစ် တရားမကြီးမှုအမှတ်-၄၀

ဒေါ်ခိုင်ခိုင် နှင့် ဦးစန်းမြင့်
တရားလို တရားပြိုင်

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး-၈၊ အိမ်အမှတ်(ရ-၂/၃၈)နေ ဦးစန်းမြင့် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ခိုင်ခိုင်က မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ သိုတည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်ကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၂၀ပြည့်နှစ် ဩဂုတ် ၆ရက် (၁၃၈၂ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ရေးသားပါရှိသူတရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင်သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေအမှီပြုလိုသည့်စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၀ပြည့်နှစ် ဇူလိုင် ၁၆ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(နွယ်နွယ်စိုး)
မြို့နယ်တရားသူကြီး
ပြင်ဦးလွင်မြို့နယ်တရားရုံး

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ပြင်ဦးလွင်မြို့နယ်တရားရုံး
## ၂၀၂၀ပြည့်နှစ် တရားမကြီးမှုအမှတ်-၄၁

ဒေါ်ခိုင်ခိုင် နှင့် ဦးမျိုးသန့်
တရားလို တရားပြိုင်

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး-၈၊ အိမ်အမှတ်(ရ-၂/၃၈)၊ ကျောက်စိမ်းလမ်းနေ ဦးမျိုးသန့် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ခိုင်ခိုင်က မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်ကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၂၀ပြည့်နှစ် ဩဂုတ် ၆ရက် (၁၃၈၂ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ရေးသားပါရှိသူတရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းပြင်သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာသွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၀ပြည့်နှစ် ဇူလိုင် ၁၆ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(နွယ်နွယ်စိုး)
မြို့နယ်တရားသူကြီး
ပြင်ဦးလွင်မြို့နယ်တရားရုံး

## အများသိစေရန် အသိပေးကြေညာခြင်း

စစ်ကိုင်းမြို့၊ ရွှေမင်းဝံရပ်ကွက်၊ ကွင်းအမှတ်(၇၉၇)၊ ဦးပိုင်အမှတ်(၈/၁၂၈)၊ မြေဧရိယာ ၀ ဒသမ ၁၁၀ ဧက အကျယ်အဝန်းရှိ ဒေါ်အေးသန်း အမည်ပေါက် ဂရန်မြေကွက်အတွင်းမှ တောင်ဘက်ခြမ်း ဧရိယာပေ(၄၀x၆၀) အကျယ်အဝန်းရှိ ဂရန်မြေကွက်အစိတ်အပိုင်းနှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို မူလအမည်ပေါက်သူ ဒေါ်အေးသန်းထံမှအရောင်းအဝယ်အရပ်ကတိစာချုပ်အဆင့်ဆင့်၊ကိုယ်စားလှယ်လွှဲစာတို့ဖြင့်တရားဝင်လက်ရောက်ဝယ်ယူပိုင်ဆိုင်သူဟု အဆိုပြုသူ ဒေါ်ဝင်းဝင်းခိုင်(ဘ)ဦးခင်သောင် ၅/မမတ(နိုင်) ၀၄၂၄၄၉ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် သဘောတူညီပြီး ရောင်းကြေးစရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောပိုင်ဆိုင်မှု အထောက်အထားစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကြေညာသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်သည်။

**လွှဲအပ်ချက်အရ-**

| | | | |
|---|---|---|---|
| **ဦးလင်းခိုင်သိန်း** | **ဒေါ်လှဲ့သန္တာအောင်** | **ဒေါ်ခိုင်သင်းဦး** | **ဒေါ်စောမွန်ဦး** |
| **LL.B.,D.B.L.,D.I.L** | **LL.B.,D.B.L** | **LL.B.,D.B.L** | **LL.B** |
| **စဉ်-၁၀၈၅၆** | **စဉ်-၁၃၈၄၁** | **စဉ်-၂၄၂၅၂** | **စဉ်-၅၁၈၂၉** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ်(၁)၊ ၄၅ လမ်း၊ (၈၃x၈၄)လမ်းကြား၊ ဘုရားကြီးမြောက်မုခ်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့**
ဖုန်း-၀၉-၄၄၀၄၄၄၈၀၁၊ ၀၉-၄၀၂၅၃၁၈၀၇၊ ၀၉-၇၈၈၄၁၄၈၄၇၊ ၀၉-၆၉၄၅၂၂၈၀၁၊ ၀၉-၇၈၄၄၂၂၈၀၁
**E-mail: lin.jurist.lawyer@gmail.com**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀
## မန္တလေးခရိုင်တရားရုံးတော်
## ၂၀၂၀ပြည့်နှစ် တရားမကြီးမှုအမှတ်-၅၄

၁။ ဒေါ်ခင်အေးမွန် နှင့် ၁။ ဦးမောင်စိန်
၂။ ဒေါ်တင်လေးမွန် ၂။ ဦးဇော်ဝင်း
၃။ ဦးဆန်းမွန်
တရားလိုများ တရားပြိုင်များ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဥပုသ်တော်ရပ်ကွက်၊ ၉x၁၀လမ်းကြား၊ (၇၄x၇၅) လမ်းကြားနေ (၁)တရားပြိုင်ဦးမောင်စိန် (ယခုနေရပ်လိပ်စာမသိသူ) နှင့်မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အမရဋ္ဌာနီရပ်အရှေ့ရပ်ကွက်၊ ၈x၉ လမ်းကြား၊ ၇၇x၇၈လမ်းကြားနေ (၂)တရားပြိုင်ဦးဇော်ဝင်း(ဘ)ဦးကျော်ရှိန် (ယခုနေရပ်လိပ်စာမသိသူ) တို့ သိစေရမည်။

သင့်အပေါ်၌ တရားလိုများက မြေကွက်အရောင်းအဝယ်စာချုပ်ချုပ်ဆို၍ မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားရပ်တို့ကိုချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၀ပြည့်နှစ် ဩဂုတ် ၄ရက် (၁၃၈၂ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော်၁ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများ၊ သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ်သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၀ပြည့်နှစ် ဇူလိုင် ၁၄ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(သန်းသန်းဆင့်)
ဒုတိယခရိုင်တရားသူကြီး(၂)
မန္တလေးခရိုင်တရားရုံး

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၀ယ/၈၀၇၇၉ ယာဉ်လက်ဝယ်ရှိသူ မအေးချမ်းစိမ့် ၉/အမရ(နိုင်) ၁၄၇၄၆၀က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(မြင်းခြံမြို့)

## ကြော်ငြာစာ

မန္တလေးမြို့၊ချမ်းမြသာစည်မြို့နယ်၊ထွန်းတုံးရပ်ကွက်၊အကွက်အမှတ်(ဗဗ-၆)၊ ဦးပိုင်အမှတ်(၆၃)၊ ၄၈x၄၉လမ်းကြား၊ မြတ်လေးလမ်းနှင့် ပိတောက်လမ်းကြားရှိ ဦးစံရှိန် အမည်ပေါက် တောဂရန်မြေကွက်အား ဒေါ်ဖီး ၉/မနတ(နိုင်)၀၂၃၁၂၇ က မြေကွက်၏ တောဂရန်မူရင်းမှာ လက်ဝယ်တွင်အသိမ်းလွန်၍ ပျောက်ဆုံးသွားပါသဖြင့် ပျောက်ဆုံးကြောင်း ရဲစခန်းနှင့်ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်၊ သေစာရင်းတို့တင်ပြ၍ မြေရာဇဝင် ၁(က)စာရင်းတွင် ဦးစံရှိန် အမည်ပေါက်မှတ်သားခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန် အသိပေးကြော်ငြာခြင်း

ကျွန်မ ဒေါ်မိတုံထုလွမ် ၁/ဗမန(နိုင်)၀၀၈၈၅၅၊ ညပ/၄၅၅၊ ညောင်ပင်ရပ်(ကရင်ကုန်း)၊ ဗန်းမော်မြို့၊ ကချင်ပြည်နယ်နေသူမှ အောက်ပါအတိုင်း အများသိစေရန် အသိပေးအပ်ပါသည်။

ကျွန်မတွင် လက်ရှိ သား(၃)ဦးရှိရာ ဦးနော်ဆန်း၊ ဦးတူးနောင်၊ ဦးတန်နောင်းတို့ဖြစ်ပါသည်။ ကျွန်မတို့လက်ရှိထား နေထိုင်သော ဗန်းမော်မြို့၊ ညောင်ပင်ရပ်ကွက်ရှိ ညပ/၄၅၅၊ ကွင်း/အကွက်အမှတ်(၂၁)၊ ဦးပိုင်အမှတ်(၃၃/၁)၊ အကျယ်အဝန်း (၉၀x၆၀) ပေ၊ ဧရိယာ ၀ ဒသမ ၁၂၄ ဧကရှိမြေနှင့်မြေပေါ်ရှိ (၁)ထပ် နေအိမ်အား သားငယ် ဦးတန်နောင်းအမည်ဖြင့် ကျွန်မမှ မြေငှားဂရန်လျှောက်ထားစေခဲ့ရာ ၂၀၁၆ခုနှစ်မှ ၂၀၂၆ ခုနှစ်အထိ (၁၀)နှစ်မြေငှားဂရန်ကို ရရှိခဲ့ပြီးဖြစ်ပါသည်။ ယခုအခါတွင် သားငယ်ဦးတန်နောင်းမှာ စိတ်ကျန်းမာရေးကောင်းမွန်ခြင်းမရှိသည့်အတွက် ဆေးကုသမှုခံယူနေရပါသည်။ ကျွန်မမှာ အသက်အရွယ်ကြီးရင့်သူဖြစ်၍ ကျွန်မတို့လက်ရှိထား နေထိုင်သော ဦးတန်နောင်း ၁/ဗမန(နိုင်)၀၄၅၀၃၈ အမည်ဖြင့် ဂရန်ရရှိထားသော အထက်ပါအိမ်ခြံမြေအား မိခင်ဖြစ်သူ ကျွန်မဒေါ်မိတုံထုလွမ် ၁/ဗမန(နိုင်)၀၀၈၈၅၅ နှင့် ၎င်း၏အစ်ကိုများဖြစ်ကြသော ဦးနော်ဆန်း ၇/ပခန(နိုင်)၀၁၉၀၆၆၊ ဦးတူးနောင် ၁/ဗမန(နိုင်)၀၅၄၁၁၀တို့၏ သဘောတူခွင့်ပြုချက် တစ်စုံတစ်ရာမပါရှိဘဲ ငှားရမ်းခြင်း၊ လက်လွှဲပေးအပ်ခြင်း၊ ရောင်းချခြင်း၊ လှူဒါန်းခြင်း၊ ပေးကမ်းခြင်း၊ ဂရန်အမည်ပြောင်းလဲခြင်းတို့ မပြုလုပ်ကြပါရန် သက်ဆိုင်ရာဌာနများသို့လည်း အသိပေးတင်ပြထားပြီးဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

ဦးနော်ဆန်း ၇/ပခန(နိုင်)၀၁၉၀၆၆၊ ဦးတူးနောင် ၁/ဗမန(နိုင်)၀၅၄၁၁၀ တို့အားလည်း ကျွန်မကိုယ်တိုင် အသိပေးအကြောင်းကြား၍ သဘောတူသိရှိကြပြီးဖြစ်ပါသည်။

**ဒေါ်တုံထုလွမ်၁/ဗမန(နိုင်)၀၀၈၈၅၅၊ ညပ/၄၅၅**
**ညောင်ပင်ရပ်(ကရင်ကုန်း)၊ ဗန်းမော်မြို့**

## အင်္ဂလိပ်ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 8B/5929 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## အများသိစေရန်ကြေညာခြင်း

မြစ်ကြီးနားမြို့၊ ရန်ကြီးအောင်ရပ်ကွက်နေ ကျွန်မ မယမင်းဖြိုး ၅/စကန(နိုင်) ၂၄၈၃၄၄ ၏ အမည်နှင့် ဓာတ်ပုံအား အသုံးပြု၍ (Yamin Phyo Facebook account) ဖြင့် ကျွန်မ၏လုပ်ငန်းခွင်နှင့် ပတ်ဝန်းကျင်တွင် ဂုဏ်သိက္ခာကျဆင်းအောင် ပြုလုပ်ခြင်း၊ စိတ်အနှောင့်အယှက်ဖြစ်အောင် ပြုမူခြင်းတို့ ပြုလုပ်နေသူ မည်သူမဆို တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ၎င်း Facebook account မှာ ကျွန်မအနေဖြင့် လုံးဝ(လုံးဝ)သုံးစွဲခြင်းမရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မယမင်းဖြိုး**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၅ယ/၃၈၄၄၀ Toyomax-125 M/Cယာဉ်လက်ဝယ်ရှိသူ ဦးမိုးကျော် ၈/ငဖန(နိုင်)၀၃၈၅၂၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊**
**မန္တလေးမြို့**

## အများသိစေရန်နှင့်ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ ရှေ့ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည်(၁၆)၊ ဦးပိုင်အမှတ်(၂၂/ဃ-၂)၊ မြေဧရိယာ ဝဒသမဝ၆၄ဧကရှိ မြေကွက်အား မူလက ဦးမောင်မောင်အမည်ဖြင့် အမှုတွဲအမှတ်-၅၅၃/V(၁၉၉၈-၁၉၉၉)အရ (၁၅-၇-၂၀၁၄)ထိ (၁၅)နှစ် မြေငှားဂရန်ရရှိခဲ့ပါသည်။ အဆိုပါမြေငှားဂရန်အား ၂၉-၁၁-၂၀၁၉ ရက်စွဲပါ စာချုပ်မှတ်ပုံတင်အမှတ်-၄၇၁/၂၀၁၉ဖြင့် ဦးအောင်မင်းနှင့် ဒေါ်ခင်မြင့်ကြည်တို့မှ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ယခုအခါ ဦးအောင်မင်းပါ(၂)ဦး ၁/မကန(နိုင်)၀၂၈၇၂၆ အမည်ဖြင့် မြေငှားဂရန် (ဦးပိုင်ခွဲ/အမည်ပြောင်း)လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူ မည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4A/3574 Toyota Dyna Bu 60 L/T (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကျော်ဦး ၉/မနတ(နိုင်)၀၀၅၃၆၁ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊မန္တလေးမြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ)ရပ်ကွက်၊ အကွက်အမှတ် (ဟ-၁၃)၊ ဦးပိုင်အမှတ်(၄၅)၊ ၆၀x၆၁လမ်း၊ ပျူစောထီးလမ်းနှင့် ကျန်စစ်သားလမ်းကြားရှိ ဦးမောင်ထွေး အမည်ပေါက် တောဂရန်မြေကွက်အား ဒေါ်ဆွေဆွေငြိမ်း ၉/ပကခ(နိုင်)၀၀၈၃၉၁က မြေချထားမိန့်မူရင်းမှာ အထားအသိုမှားယွင်းပြီး ပျောက်ဆုံးသွားပါသဖြင့် ပျောက်ဆုံးကြောင်း ရဲစခန်းနှင့်ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်၊ တောဂရန်တို့တင်ပြ၍ မြေရာဇဝင် ၁(က)စာရင်းတွင် ဦးမောင်ထွေး အမည်ပေါက်မှတ်သားခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ၂၄-၀၆-၂၀၂၀ နေ့တွင် ကျင်းပပြုလုပ်သည့် မြန်မာသီလဝါအက်(စ်)အီးဇက်ဟိုးဒင်းပတ်ဘလစ်အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်၏ သတ္တမကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးတွင် ဒါရိုက်တာအဖွဲ့မှ အစုရှယ်ယာရှင်များထံ တင်ပြပြီးဖြစ်သည့် ၂၀၁၉ ဘဏ္ဍာရေးနှစ်အတွက် ခွဲဝေပေးမည့် အမြတ်ဝေစုများအား လွယ်ကူလျင်မြန်စွာ ထုတ်ယူနိုင်ရန် ဆောင်ရွက်ပေးမည့် အစီအစဉ်

၁။ Record Date ၁၂-၀၅-၂၀၂၀ တွင် Securities Account ၌ အစုရှယ်ယာစာရင်းဝင်နေသည့် အစုရှယ်ယာရှင်များသည် (၂၇-၀၇-၂၀၂၀) မှစတင်၍ သက်ဆိုင်ရာ Securities Company များတွင် အမြတ်ဝေစုများကို ဆက်သွယ်ထုတ်ယူနိုင်ပါသည်။

၂။ ၀၇-၀၅-၂၀၂၀ နေ့နှင့် နောက်ပိုင်း အချိန်များ၌ Securities Account ဖွင့်လှစ်ထားသူများနှင့် မဖွင့်ရသေးသော အစုရှယ်ယာရှင်များအနေဖြင့် အောက်ဖေယားပါ ဘဏ်ခွဲများတွင် မိမိတို့၏ အစုရှယ်ယာသက်သေခံ လက်မှတ် အမှတ်အလိုက် ခွဲဝေပေးမည့် အမြတ်ဝေစုပမာဏတို့ကို (၂၇-၀၇-၂၀၂၀ မှ ၂၇-၀၈-၂၀၂၀) ထိ ထုတ်ယူနိုင်ပါသည်။

| စဉ် | ငွေထုတ်ပေးမည့် နေ့စွဲ | သမဝါယမဘဏ် ( Head Office ) | သမဝါယမဘဏ် ( HO Extension) |
|---|---|---|---|
| | | အမှတ် (၃၃၄/၃၃၆)၊ ကမ်းနားလမ်း နှင့် (၂၃) လမ်းထောင့်၊ လသာမြို့နယ်၊ ရန်ကုန်မြို့။ | အမှတ် (၃၃၄/၃၃၆)၊ ကမ်းနားလမ်း နှင့် (၂၃) လမ်းထောင့်၊ လသာမြို့နယ်၊ ရန်ကုန်မြို့။ |
| ၁။ | ၂၇-၀၇-၂၀၂၀ မှ ၂၇-၀၈-၂၀၂၀ အထိ | ID ၁၂ _ ၁၀၇၆ ထိ | ID ၁၀၉၄_၃၄၆၉ ထိ |
| ၂။ | | ID ၃၄၈၄_၆၀၆၈ ထိ | ID ၆၀၆၉_၇၈၈၁ ထိ |
| ၃။ | | ID ၁၀၄၁၅ _ ၁၂၄၃၅ ထိ | ID ၇၈၈၂_၁၀၄၁၃ ထိ |
| ၄။ | | ID ၁၄၃၆၂_၁၆၉၅၁ ထိ | ID ၁၂၄၄၇_၁၄၃၆၀ ထိ |
| ၅။ | | ID ၁၇၅၄၉_၁၈၃၈၇ ထိ | ID ၁၆၉၅၂_၁၇၅၄၅ ထိ |

၁။ အစုရရှယ်ယာရှင်များအနေဖြင့် အမြတ်ဝေစုထုတ်ယူရာတွင် ကိုယ်တိုင်ထုတ်ယူသူများအတွက် အောက်ပါစာရွက်စာတမ်းများ လိုအပ်ပါသည် _

(က) အစုရှယ်ယာလက်မှတ်မူရင်း (သို့မဟုတ်) ၀၇-၀၅-၂၀၂၀ နေ့နှင့် နောက်ပိုင်းအချိန်များတွင် Securities Company များသို့ အစုရှယ်ယာ သက်သေခံလက်မှတ်များ အပ်နှံခဲ့ပါက လက်ခံရရှိကြောင်း ဖြတ်ပိုင်းမူရင်း (သို့မဟုတ်) အစုရှယ်ယာသက်သေခံလက်မှတ် ပျောက်ဆုံးနေကြောင်း MTSH မှ ထောက်ခံချက်မူရင်း

(ခ) အစုရှယ်ယာရှင်၏ မှတ်ပုံတင်မူရင်း

၂။ အစုရှယ်ယာရှင်များအနေဖြင့် အမြတ်ဝေစုကို ကိုယ်တိုင်ထုတ်ယူရန် အခက်အခဲရှိသဖြင့် ကိုယ်စားလှယ်ဖြင့် ထုတ်ယူလိုသူများအနေဖြင့် အောက်ပါစာရွက်စာတမ်းများ လိုအပ်ပါသည်_

(က) အစုရှယ်ယာလက်မှတ်မူရင်း (သို့မဟုတ်) ၀၇-၀၅-၂၀၂၀ နေ့နှင့် နောက်ပိုင်းအချိန်များတွင် Securities Compnay များသို့ အစုရှယ်ယာ သက်သေခံလက်မှတ်များ အပ်နှံခဲ့ပါက လက်ခံရရှိကြောင်း ဖြတ်ပိုင်းမူရင်း (သို့မဟုတ်) အစုရှယ်ယာသက်သေခံလက်မှတ် ပျောက်ဆုံးနေကြောင်း MTSH မှ ထောက်ခံချက်မူရင်း

(ခ) အစုရှယ်ယာရှင်များ၏ မှတ်ပုံတင်မူရင်း

(ဂ) အစုရှယ်ယာရှင်များမှ အမြတ်ဝေစုထုတ်ယူရန် ကိုယ်စားလှယ်လွှဲအပ်စာမူရင်း

(ဃ) ကိုယ်စားလှယ်၏ မှတ်ပုံတင်မူရင်း

၃။ အစုရှယ်ယာသက်သေခံလက်မှတ်ပိုင်ဆိုင်သည့် လူပုဂ္ဂိုလ်မဟုတ်ဘဲ အသင်းအဖွဲ့/ကုမ္ပဏီများ ဖြစ်ပါက အောက်ပါစာရွက်စာတမ်းများလိုအပ်ပါသည်။

(က) အစုရှယ်ယာလက်မှတ်မူရင်း (သို့မဟုတ်) ၀၇-၀၅-၂၀၂၀ နေ့နှင့် နောက်ပိုင်းအချိန်များတွင် Securities Company များသို့ အစုရှယ်ယာ သက်သေခံလက်မှတ်များ အပ်နှံခဲ့ပါက လက်ခံရရှိကြောင်း ဖြတ်ပိုင်းမူရင်း (သို့မဟုတ်) အစုရှယ်ယာသက်သေခံလက်မှတ် ပျောက်ဆုံးနေကြောင်း MTSH မှ ထောက်ခံချက်မူရင်း

(ခ) အသင်းအဖွဲ့/ကုမ္ပဏီ၏ အမှုဆောင် ဒါရိုက်တာများ၏ အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် P.O ထုတ်ယူရန် ကိုယ်စားလှယ်လွှဲစာမူရင်း

(ဂ) ကုမ္ပဏီလိုင်စင်မူရင်း (မိတ္တူဖြစ်ပါက မိတ္တူမှန်ဖြစ်ကြောင်း ထောက်ခံချက်ပါရှိရပါမည်)

(ဃ) ကိုယ်စားလှယ်၏ မှတ်ပုံတင်မူရင်း

မှတ်ချက် ။ ။ တည်ဆဲဝင်ငွေခွန်ဥပဒေအရ အစုရှယ်ယာရှင်များရရှိမည့် အမြတ်ဝေစုအပေါ်တွင် ဝင်ငွေခွန် ထပ်မံပေးဆောင်ရန် မလိုကြောင်း နှင့် ဘဏ်များမှ Payment Order ဖြင့် ထုတ်ပေးမည့် အမြတ်ဝေစုလက်မှတ် မိတ္တူအား အထောက်အထားအဖြစ် သတ်မှတ်သိမ်းဆည်းထားနိုင်ပါရန် အသိပေးအပ်ပါသည်။

ဒါရိုက်တာအဖွဲ့

မြန်မာသီလဝါအက်(စ်)အီးဇက်ဟိုးဒင်းပတ်ဘလစ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်

---

## ငြင်းချက်ထုတ်ရန်ဆင့်စာ

(တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးတော်၌

၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် - ၃၉

ဒေါ်အေးမြတ်မွန် နှင့် ၁။ ဒေါ်မြနန်းသွယ်
၂။ ဒေါ်မြလေးနွယ်
၃။ ဒေါ်ခင်စန်းဝေ

တရားလို တရားပြိုင်များ

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ စမ်းတောင်ရပ်ကွက်၊ ဆီဆုံလမ်း၊ အမှတ်(၂၆)၊ မြေညီ+ပထမထပ်နေ ဒေါ်မြနန်းသွယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ဆီဆုံလမ်း၊ အမှတ်(၂၆)၊ မြေညီ+ပထမထပ်နေ ဒေါ်မြလေးနွယ်(ဒေါ်မြနန်းသွယ်ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာရရှိသူ)နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ (၁)ရပ်ကွက်၊ ၃၃လမ်း(အလယ်)၊ အမှတ်(၁၁၅)၊ ၄လွှာ၊ မျက်နှာမူလျှင် ညာနေ ဒေါ်ခင်စန်းဝေ (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက ပဋိညာဉ်အတိုင်း မြေကွက်နှင့်မြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၀ ပြည့်နှစ် ဇူလိုင် ၂၄ ရက် (၁၃၈၂ ခုနှစ် ဒုတိယဝါဆိုလဆန်း ၅ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်တို့ကထုချေတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၀ ပြည့်နှစ် ဇူလိုင် ၁၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ကျော်ဝဏ္ဏ)
မြို့နယ်တရားသူကြီး
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး

---

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ တွံတေးမြို့နယ်၊ ရန်ကုန်မြို့သစ်စီမံကိန်း၊ ပြန်လည်နေရာချထားသည့်အုပ်စု (RA)-(RA-3) အကွက်အမှတ်(တ-၀၅)ရှိ(၁) ယာယီမြေပေးမိန့်အမှတ်(၁၉၄၃/၂၀၂၀)အရ မြေကွက်အမှတ်(၀၀၇၇)၊ (၂) ယာယီမြေပေးမိန့်အမှတ်(၁၉၄၄/၂၀၂၀)အရ မြေကွက်အမှတ်(၀၀၇၈)၊ အကျယ်အဝန်း(၈၀'x၈၀')စီရှိ မြေကွက်(၂)ကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ၎င်းကိုယ်တိုင်အမည်ပေါက်ရရှိပိုင်ဆိုင်ပြီး တရားဝင်ရောင်းချခွင့်ရှိသူဟုဆိုသူ ဦးသောင်းလှိုင် ၁၂/တတန(နိုင်)၁၀၅၉၇၀ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကိုစရန်ငွေအဖြစ်ပေးချေပြီးဖြစ်ပါသည်။ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသောစာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်၏ထံသို့ ဤကြော်ငြာစာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ညိုမာ LL.B
အထက်တန်းရှေ့နေ (စဉ်-၃၅၇၇၆)
အမှတ်(13/B)၊ ရတနာလမ်း၊ (၁၆/၂)ရပ်ကွက်၊
သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၄၃၀၆၆၅၈၀၊ ၀၉-၇၉၂၂၄၇၅၄၈

---

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ တွံတေးမြို့နယ်၊ ရန်ကုန်မြို့သစ်စီမံကိန်း၊ ယာယီမြေပေးမိန့်အမှတ်(၅၄၂၅/၂၀၂၀)အရ ပြန်လည်နေရာချထားသည့်အုပ်စု(RA)-(RA-2) အကွက်အမှတ်(တ-၀၆)၊ မြေကွက်အမှတ်(၁၀၉၃)၊ အကျယ်အဝန်း(၁၀၀'x၁၀၀')ရှိ မြေကွက်နှင့်တကွ ယင်းမြေကွက်နှင့် ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အား အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်တင်တင်အေး ၁၂/တတန(နိုင်)၁၂၁၆၂၅ ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသောအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်၏ထံသို့ ဤကြော်ငြာစာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ ဆက်လက်အရောင်းအဝယ် ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ညိုမာ LL.B
အထက်တန်းရှေ့နေ (စဉ်-၃၅၇၇၆)
အမှတ်(13/B)၊ ရတနာလမ်း၊ (၁၆/၂)ရပ်ကွက်၊
သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၄၃၀၆၆၅၈၀၊ ၀၉-၇၉၂၂၄၇၅၄၈

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ တွံတေးမြို့နယ်၊ ရန်ကုန်မြို့သစ်စီမံကိန်း၊ ပြန်လည်နေရာချထားသည့်အုပ်စု(RA)-(RA-3)၊ အကွက်အမှတ်(တ-၀၆)ရှိ (၁)ယာယီမြေပေးမိန့်အမှတ်(၂၁၁၉/၂၀၂၀)အရ မြေကွက်အမှတ်(၀၀၉၉)၊ (၂၀)ယာယီမြေပေးမိန့်အမှတ်(၂၁၂၀/၂၀၂၀)အရ မြေကွက်အမှတ်(၀၁၀၀)၊ (၃)ယာယီမြေပေးမိန့်အမှတ်(၂၁၂၁/၂၀၂၀)အရ မြေကွက်အမှတ်(၀၁၀၁)၊ အကျယ်အဝန်း(၁၀၀'x၁၀၀')စီရှိ မြေကွက်(၃)ကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ၎င်းကိုယ်တိုင်အမည်ပေါက်ရရှိပိုင်ဆိုင်ပြီး တရားဝင်ရောင်းချခွင့်ရှိသူဟုဆိုသူ ဦးယောန ၉/မကန(နိုင်)၀၇၉၂၂၆ ထံမှ ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသောစာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်၏ထံသို့ ဤကြော်ငြာစာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ညိုမာ(LL.B)
အထက်တန်းရှေ့နေ(စဉ်-၃၅၇၇၆)
အမှတ်(13/B)၊ ရတနာလမ်း၊ (၁၆/၂)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၄၃၀၆၆၅၈၀၊ ၀၉-၇၉၂၂၄၇၅၄၈

---

**အမည်မှန်နှင့် ဖခင်အမည်မှန်**

မိုးကောင်းမြို့နယ်၊ အ.ထ.က(မရမ်း)၊ နဝမတန်းအောင်မှ မောင်ရဲထိုက်၏အမည်မှန်မှာ မောင်ဒေးဂျာ ဖြစ်ပြီး ၎င်း၏ ဖခင်အမည်မှန်မှာ ဦးအောင်မိုင် ၁/မကန(နိုင်)၀၉၉၄၁၉ ဖြစ်ပါကြောင်း။

**ပျောက်ဆုံးကြောင်း**

ယာဉ်အမှတ် 5I/1726 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ပြင်ဦးလွင်)

---

**တစ်ဦးတည်းဖြစ်ကြောင်း**

မြစ်ကြီးနားမြို့၊ ရွှေညောင်ပင် ရပ်ကွက်၊ ထ(ခွဲ)၊ အ.လ.က(၂)၊ သတ္တမတန်းအောင်မှ မနန်းအေးမွန်၏ဖခင် ဦးအောင်ရင်ထွေး(ခ)ဦးအောင်ကျော်ထွန်း ၁/မကန(နိုင်)၀၈၅၉၆၁မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**မိဘအမည်မှန်**

မြစ်ကြီးနားမြို့၊ အ.ထ.က(၂)၊ နဝမတန်း(D1)အောင်မှ မောင်လီယို သား၏ မိဘအမည်မှန်မှာ ဦးဆဒေဟူး ၁/မကန(နိုင်)၀၇၈၅၄၈ နှင့် ဒေါ်ရင်းသီ ၁/မကန(နိုင်)၀၉၅၃၂၇တို့ ဖြစ်ပါကြောင်း။

**အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း**

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ စီတာပူရပ်ကွက်၊ ကွင်း/အကွက် အမှတ်နှင့်အမည် (၁၂/၁ခ)၊ ဦးပိုင်အမှတ်(၄၃)၊ မြေရေိယာ ၀ ဒသမ ၁၈၃ ဧကရှိ မြေကွက်အား ဦးဒိန်လုံးနော်အမည်ဖြင့် အမှုတွဲအမှတ် ၆၀၄/V (၁၉၉၀-၁၉၉၁)အရ (၃၀-၆-၂၀၂၀)ထိ နှစ်(၃၀)မြေငှားဂရန်ရရှိခဲ့ပြီး အဆိုပါ မြေငှားဂရန် မူရင်းမှာ (၂၀၁၁) ခုနှစ် နေအိမ်မီးလောင်ရာ၌ ပါဝင်ပျက်စီးသွားခဲ့ပါသဖြင့် ယခုအခါ ဦးဒိန်လုံးနော်၊ KMG-၀၄၂၆၄၂ မှ မြေငှားဂရန်(မိတ္တူမှန်) လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူမည်သူမဆို ယခုကြော်ငြာစာပါသည့် ရက်မှစ၍ ၁၅ ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူ မရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန်(မိတ္တူမှန်)အား ဆောင်ရွက်ထုတ်ပေးသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကော်လိတ်တော်အရာရှိ
ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
မြစ်ကြီးနားမြို့

**သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်း**

ရှမ်းပြည်နယ် မြောက်ပိုင်း၊ သီပေါမြို့နယ်၊ နမ့်လန်ကျေးရွာနေ ဦးကျော်ဝင်းနှင့် ဒေါ်အေးမြဥမ္မာတို့၏သမီး မတင်ဇာဝင်း ၁၃/မကန(နိုင်)၀၇၁၁၀၁သည် မိဘပြောဆိုဆုံးမစကားကို လက်မခံဘဲ မိမိဆန္ဒအလျောက် နေအိမ်မှဆင်းသွားပါသဖြင့် ၎င်းကိစ္စအဝဝကို တာဝန်ယူဖြေရှင်းမည်မဟုတ်ကြောင်းနှင့် မတင်ဇာဝင်းအား သမီးအဖြစ်မှ စွန့်လွှတ်ကြောင်း ကြော်ငြာအပ်ပါသည်။

ဦးကျော်ဝင်း ၁၃/မကန(နိုင်)၀၂၀၄၂၈
ဒေါ်အေးမြဥမ္မာ ၁၃/သပန(နိုင်)၀၀၀၈၀၆

## ဒေါ်စဝ်နန်းစွန်(Noreen Sein)

### အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ တောင်ပိုင်စော်ဘွားကြီး(စဝ်ခွန်ပန်းစိန်- ဒေါ်စဝ်နန်းနွမ်)တို့၏သမီး၊ (ဒေါက်တာဦးမြင့်-ဒေါ်သန်းကြွယ်)တို့၏သမီး ချွေးမ၊ ဗဟန်းမြို့နယ်၊ တက္ကသိုလ် ရိပ်သာလမ်းသစ်၊ အမှတ် ၄၅၉/ E၊ အခန်း ၅၀၂နေ (ဗိုလ်မှူးမြင့်အောင်-ငြိမ်း)အမြောက်တပ်ဖွဲ့၏ ချစ်လှစွာသောဇနီး၊ ဒေါ်စဝ်နန်းမြင့်-(ဦးသူရအောင်)၊ ဒေါ်စဝ်နန်းနု-ဒုမှူးကြီး ရဲမင်းအေး(ငြိမ်း)၊ (ဦးခွန်အောင်မြင့်)၊ ဒေါ်စဝ် နန်းမြင့်သန်း- ဦးသိန်းလွင်၊ ဒေါ်စဝ်နန်းမြင့်စိန်- ဦးကျော်မင်းဦး၊ ဦးခွန်အောင်ထွေး-ဒေါ်နီလာဟန်တို့၏ မိခင်၊ မြေး ရှစ်ယောက်၊ မြစ်တစ်ယောက်တို့၏ ဘွားဘွားကြီးသည် ၁၈-၇-၂၀၂၀ရက် (စနေနေ့)ညနေ ၃ နာရီတွင်အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၇-၂၀၂၀ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင်ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂၄-၇-၂၀၂၀ ရက် နံနက် ၇ နာရီမှ ၁၁ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## ဦးစိုးဝင်း အသက်(၅၇)နှစ်

### သတင်းစာကိုယ်စားလှယ်(မရမ်းကုန်း)

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၇)ရပ်ကွက်၊ ရသာရုံလမ်း၊ အမှတ် ၆၈၉/ခ အပေါ်ထပ်နေ (ဦးဘိုးထွန်း-ဒေါ်မြသွင်)တို့၏သား၊ (ဦးတင်အောင်-ဒေါ်မြမြသင်း)တို့၏သားသမက်၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်နေ (ဦးတင်အေး)-ဒေါ်ခိုင်ညွန့်တို့၏မောင်၊ ဒဂုံ မြို့သစ်(မြောက်ပိုင်း)နေ ဒေါ်တင်တင်မြ၊ ဦးမင်းအောင်-ဒေါ်နီနီဝင်းတို့၏မောင်/ညီ၊ ဒေါ်မေသင်းအောင်၏ချစ်လှစွာသောခင်ပွန်း၊ မောင်သုတအောင်၊ မောင်ပြည့်စုံအောင်တို့၏ ချစ်လှစွာသောဖခင်သည် ၁၈-၇-၂၀၂၀ရက် မွန်းလွဲ ၁နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၇-၂၀၂၀ရက် မွန်းတည့် ၁၂နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁:၃၀ နာရီတွင်ထွက်ခွာပါမည်။) ကွယ်လွန်သူအားရည်စူး၍ ၂၄-၇-၂၀၂၀ရက် နံနက် ၇နာရီမှ မွန်းတည့် ၁၂ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

**ကရင်ပြည်နယ်၊ ဘားအံမြို့ ၊ အမှတ် (၁) အဆောင်မြင့် စံပြဈေး၊ ရှိအမှတ် ၂ ၊ ဆိုင်ခန်းအမှတ် (၆၁) အခန်းနှင့် ပတ်သက်၍ အများသိစေရန် ကြေညာခြင်း**

အထက်ဖော်ပြပါဆိုင်ခန်းသည် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်သန်း (၃/ဘအန (နိုင်) ၁၅၃၅၄၆) ၊ အမှတ်(၅) ရပ်ကွက်၊ သီရိရတနာ (၂) လမ်း၊ ဘားအံမြို့ ကရင်ပြည်နယ် နေထိုင်သူမှ (၁၄-၁၀-၂၀၁၆) ရက်နေ့တွင် ဈေးဆိုင်ခန်းအငှား ကတိစာချုပ်ချုပ်ဆိုကာ ဘားအံမြို့နယ် စည်ပင်သာယာရေးကော်မတီသို့ ငွေကျပ် ၁၂၀၀၀၀၀/- (ကျပ်ဆယ်နှစ် သိန်းတိတိ) ပေးသွင်းကာ ပိုင်ဆိုင်ခဲ့သော အခန်းဖြစ်ပါသည်။ (၈-၇-၂၀၂၀)ရက်နေ့တွင် ဆိုင်ခန်းအငှားကတိစာချုပ်မှုရင်း နှင့် ငွေသွင်းပြေစာ မူရင်း (၃) စောင်တို့ ပျောက်ဆုံးသွား၍ ဘားအံမြို့၊ အမှတ် (၅) ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးသို့ အသိပေးအကြောင်းကြားခဲ့ပြီး၊ ဘားအံမြို့မ ရဲစခန်းသို့ (၉-၇-၂၀၂၀) ရက်နေ့တွင် ထပ်မံတိုင်ကြားခဲ့ပါသည်။ ထို့ကြောင့် ဆိုင်ခန်းစာချုပ်မူရင်း နှင့် ငွေသွင်းပြေစာမူရင်း (၃) စောင်တို့ကို လက်ဝယ်ရရှိထားသူသည် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်သန်းထံ ပြန်လည်ပေးအပ်ရန် တောင်းဆိုလိုက်ပါသည်။ အကယ်၍ အဆိုပါဆိုင်ခန်း နှင့်ပတ်သက်သည့် စာရွက်စာတမ်းမူရင်းများအား လက်ဝယ်ထားရှိသူသည် ဆိုင်ခန်းပိုင်ရှင် ဒေါ်ခင်သန်း၏ သဘောတူခွင့်ပြုချက်မရရှိဘဲ ဆိုင်ခန်းအား ပေါင်နှံခြင်း၊ ရောင်းချခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများမပြုလုပ်ကြရန် နှင့် ပြုလုပ်ပါက တည်ဆဲဥပဒေနှင့် အညီ အရေးယူမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်သီတာဦး (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၆၅၀၀/၁၉၉၇)

အမှတ် (၄၃)၊ ပထမထပ်၊ ဓမ္မစိန္တာလမ်း၊ ကျားကွက်သစ်ရပ်ကွက်၊

တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ ၄၂၀၁၉၇၀၆၀၊ ၀၉ ၇၉၃၄၄၁၇၆၂

## ဦးကျော်ဝင်း

### အသက်(၆၁)နှစ်

ရန်ကုန်မြို့၊ ကျောက်မြောင်းနေ (ဦး S.B. ဘရှူးဝါး)-ဒေါ် S.M.ဘရှူးဝါး(ခ) ဒေါ်အုန်းတို့၏သား၊ ဒိုက်ဦးမြို့နေ ဦးစန်းမောင်-ဒေါ်မြငွေတို့၏ သားသမက်၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၄)ရပ်ကွက်၊ အောင်မင်္ဂလာ(၂)လမ်း၊ အမှတ် (၂၆)နေ ဒေါ်ခင်စန်းမြင့်၏ခင် ပွန်း၊ မခင်သန္တာကျော်(AYA Bank)၊ မောင်ရဲသီဟကျော်တို့၏ဖခင်သည် ၁၈-၇-၂၀၂၀ရက် (စနေနေ့) ည ၇:၀၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၇-၂၀၂၀ရက် (တနင်္လာနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင်ထွက်ခွာပါမည်။) **ကျန်ရစ်သူမိသားစု**

## ဒေါ်ထွေးထွေးအုန်း

### အသက်(၉၀)

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နေ (ဦးဘအုန်း-ဒေါ်ဒေါ်စော)တို့၏သမီး၊ (ဦးမင်းနိုင်-ဒေါ်သက်တင်) တို့၏ချွေးမ၊ (ဗိုလ်ကြီးထွန်းကြည်၊ ငြိမ်း)၏ဇနီး၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊ တပင်ရွှေထီးလမ်း၊ (၁၂)ရပ်ကွက်၊ အမှတ် ၁၈နေ ဒေါ်ခင်စုလင်း၊ ဗိုလ်မှူး မြတ်သူ(ငြိမ်း)-ဒေါ်ကေထုရာ၊ (ဦးဉာဏ်လင်းထွန်း)တို့၏မိခင်၊ မောင်ရဲနိုင်အောင်၊ မောင်အောင်မြတ်ကျော်၊ ဒေါက်တာဖွဲ့မာန်သက်ဦး၊ မလင်းသီရိအောင်တို့၏အဘွား၊ မြစ်နှစ်ယောက်တို့၏ အဘွားသည် ၁၈-၇-၂၀၂၀ရက် မွန်းလွဲ ၂:၂၀ နာရီတွင် ကွယ်လွန် သွားပါသဖြင့် ယင်းနေ့ ညနေ ၅:၃၀ နာရီတွင် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂၄-၇-၂၀၂၀ရက်တွင် ဒဂုံမြို့သစ်(အရှေ့ပိုင်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ထွေးထွေးအုန်း

### အသက်(၉၀)

သူငယ်ချင်း မြတ်သူ(၉၂၃)၏ ချစ်လှစွာသော မိခင်ဒေါ်ထွေးထွေးအုန်းသည် ၁၈-၇-၂၀၂၀ရက်တွင်ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**တေဇ(၉)မှ သူငယ်ချင်းများနှင့် မိသားစုများ**

## ဗိုလ်ကြီးသိန်းလှအောင်(ငြိမ်း)

### အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၀)ရပ်ကွက်၊ ထွန်းသီရိလမ်း၊ အမှတ်(၄၃)နေ (ဦးမောင်လေး-ဒေါ်ချစ်သာ)တို့၏သား၊ ဒေါ်မိမိသန်း၏ခင်ပွန်း၊ ဒုတိယဗိုလ်မှူးကြီးမြတ်ကျော်ကျော်(ငြိမ်း)-ဒေါ်ဆွေဆွေလတ်၊ (ဦးသန်းထွန်း)-ဒေါ်တိုးရွှေစင်၊ (ဦးအောင်စည်သူ)၊ ဦးဇော်နိုင်ထွန်း-ဒေါ်မိမိကျော်တို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၁၉-၇-၂၀၂၀ရက် (တနင်္ဂနွေနေ့) တွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၇-၂၀၂၀ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။ ) **ကျန်ရစ်သူမိသားစု**

**သင့်သွေးဖြင့် အသက်ကယ်ပါ**

## ဒေါ်သန်းသန်းနု(မဝါနု)

### သုဝဏ္ဏ

### အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ(၂၄)ရပ်ကွက်၊ ကမာလမ်း၊ တိုက်(၈၉/၃)၊ အရှေ့နေ (ဦးကျော်တင့်-ဒေါ်တင်ကြည်)တို့၏ သမီး၊ (ဦးခင်မောင်)-ဒေါ်ခင်သန်းဦးတို့၏ ညီမ၊ ဦးစန်းမောင်-ဒေါ်မြင့်မြင့်သိန်း၊ ဦးမြဦး (ပန်းချီ ပိုးဒီလွန်)-ဒေါ်ညွန့်ညွန့်တင်၊ ဦးယဉ်မိုး-ဒေါ်ပြုံးပြုံးကြည်၊ ဦးစိုးနိုင်၊ ဦးအုန်းသန်း-ဒေါ်နီနီမာ၊ ဦးမြထူး-ဒေါ်စမ်းစမ်းအေး၊ ဦးနိုင်ထွန်း-ဒေါ်နန်းသန္တာအောင်၊ ဒေါ်နီနီထွေး(ဒု-ဦးစီးမှူး/ငါးလုပ်ငန်းဦးစီးဌာန)တို့၏အစ်မသည် ၁၈-၇-၂၀၂၀ရက်(စနေနေ့)နံနက် ၈:၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၇-၂၀၂၀ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

(နေအိမ်မှကားများ နံနက် ၁၀:၃၀နာရီတွင်ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၄-၇-၂၀၂၀ရက် (သောကြာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## ဦးဦးထွန်းမောင်

### (ယခင်)သံမဏိမောင်စက်မှုလက်မှုလုပ်ငန်း

### (မောလိပ်၊ စစ်တွေမြို့)

### ရန်ကုန်

### အသက်(၇၄)နှစ်

စစ်တွေမြို့နေ (ဦးမောင်သာအောင်-ဒေါ်လှသာဖြူ)တို့၏သားကြီး၊ (ဒေါ်အေးခင်)၊ (ဒေါ်မသိန်းရွှေ)တို့၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်ဦးကျော့စိန်၊ ဦးသိန်းအောင်-ဒေါ်သန္တာခိုင်၊ ဒေါ်သန္တာထွန်း၊ ဦးကျော်ထွန်းခိုင်-ဒေါ်အေးမင်းစိုး၊ ဦးကျော်မင်းခိုင်၊ ဦးကျော်ကျော်ခိုင်တို့၏ ချစ်လှစွာသောဖခင်၊ မြေး ခြောက်ယောက်၊ မြစ်နှစ်ယောက်တို့၏ အဘိုးရှင်သည် ၁၈-၇-၂၀၂၀ရက် (စနေနေ့) ည ၁၁:၃၀ နာရီတွင် မြောက်ဒဂုံမြို့နယ်၊ (၄၈)ရပ်ကွက်၊ စိန္တကျော်သူ ဦးဩလမ်းမကြီး၊ အမှတ်(၅၃၅)နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၇-၂၀၂၀ရက် (တနင်္လာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(မြောက်ဒဂုံမြို့နယ်နေအိမ်မှ ကားများ မွန်းလွဲ ၁:၁၅နာရီတွင်ထွက်ခွာပါမည်။ ) **ကျန်ရစ်သူမိသားစု**

## ဒေါ်မာဂရက်သောင်း(ခ)ဒေါ်သီရိခင်

### အသက်(၇၀)

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဗဟိုလမ်း၊ အဏ္ဏဝါရိပ်သာ၊ တိုက်(ဂ)၊ အခန်း၁နေ ပါမောက္ခ ဒေါက်တာဦးခင်လှ ပါမောက္ခချုပ်(ငြိမ်း) ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်(မန်း)၏ဇနီး၊ ဗိုလ်မှူးစိုးငွေဝင်း(တပ်မတော်-ရေ)- ဒေါ်ဝင်းလဲ့ဖြူ၊ ဦးမင်းသိဏ်းခိုင်တို့၏ မိခင်၊ မနှင်းပိုးအိမ်၊ မောင်သူရိန်ထက်မြတ်၊ မစုမြတ်မိုရ်ဝင်းတို့၏အဘွားသည် ၁၈-၇-၂၀၂၀ရက် ည ၁၀:၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၇-၂၀၂၀ရက် (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၂၄-၇-၂၀၂၀ရက် နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ကိုရဲအောင်ပြေ(ခ)ကိုလူလေး(တောင်ကုတ်)

### အသက်(၃၉)နှစ်

တောင်ကုတ်မြို့၊ ကဲပိုင်ရပ်ကွက်၊ ဦးဥတ္တမလမ်း၊ အမှတ်(၃)နေ ဦးကျော်ခင်-(ဒေါ်အေးကြည်)တို့၏သားထွေး၊ ဒေါ်အေးအေးဖြူ၊ ဒေါက်တာဒေါ်အေးရီတို့၏တူ၊ (ဗိုလ်ကြီးလှုလှကျော်)-ဒေါ်အေးအေးမူ၊ ဦးဇေယျကျော်-ဒေါ်ဟန်စုလှိုင်၊ ဦးသာသန၊ (ဦးသက် ထွန်းကျော်)၊ ဦးစည်သူကျော်ဇံ-မနန်းခင်အေးကြည်တို့၏ညီသည် ၁၈-၇-၂၀၂၀ရက် (စနေနေ့) ည ၁၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၇-၂၀၂၀ရက် (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်းရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀နာရီ တွင် ထွက်ခွာပါမည်။) ကွယ်လွန်သူအားရည်စူး၍ ၂၁-၇-၂၀၂၀ရက် (အင်္ဂါနေ့) တွင် ကြည့်မြင်တိုင်မြို့နယ်၊ ဟုမ်းလမ်း၊ တိုက်(၈)၊ အခန်း(၁၇)၊ ပန်းလှိုင်အိမ်ရာ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

၁။ ကြက်ငှက်တုပ်ကွေးရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားရခြင်းဖြစ်ပြီး ရာသီမရွေး ကူးစက်ကျရောက်ဖြစ်ပွားတတ်သဖြင့် မိမိတို့ ကြက်/ ဘဲ/ငုံးခြံများတွင် အဆိုပါ ရောဂါကူးစက်ကျရောက်ခြင်းမရှိစေရေးအတွက် မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို စနစ်တကျမြှင့်တင်ရန် လိုအပ်ပါသည်။ ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နိုင်ရန် အတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြု ဆောင်ရွက်ရန်၊
(ခ) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများနှင့် ကြက်၊ ဘဲ၊ ငုံးအရှင်ဈေးများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊
(ဂ) အခြားခြံများမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်းမပြုရန်နှင့် လူနှင့် ယာဉ်အဝင်/အထွက် ထိန်းချုပ်ရန်၊
(ဃ) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများအတွင်း အပူချိန်၊ စိုထိုင်းဆ၊ လေဝင်/ လေထွက် ကောင်းမွန်စေရေး ဆောင်ရွက်ရန်၊
(င) မွေးမြူရေးခြံအတွင်းသို့ ဝင်ရောက်ပါက နှာခေါင်းစည်း၊ လက်အိတ် စသည့် အကာအကွယ်ပစ္စည်းများ စနစ်တကျ ဝတ်ဆင်ရန်၊
(စ) ကြက်၊ ငှက်များကိုကိုင်တွယ်ပြီးတိုင်းနှင့် ကြက်၊ ဘဲ၊ ငုံး မွေးမြူရေး ခြံများမှ ထွက်သည့်အခါတိုင်း ဆပ်ပြာဖြင့် လက်ဆေးခြင်းနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးပြုလုပ်ခြင်းများ ဆောင်ရွက်ရန်၊
(ဆ) အသားနှင့် ဥတို့ကို သေချာစွာကျက်အောင်ချက်ပြုတ်ပြီးမှ စားသုံးရန်၊
(ဇ) ကြက်၊ငှက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာ အုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ထံသို့ ချက်ချင်းသတင်းပို့ရန်၊
(ဈ) ရောဂါကြိုတင် ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင် ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်**
**ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊**
**မွေးမြူရေးနှင့်**
**ဆည်မြောင်း**
**ဝန်ကြီးဌာန**

## အာဖရိကဝက်အပြင်းဖျားရောဂါ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

၁။ အာဖရိက ဝက်အပြင်းဖျားရောဂါသည် ယခင်က အာဖရိကနိုင်ငံများတွင်သာ ဖြစ်ပွားခဲ့သော်လည်း ၂၀၁၈ ခုနှစ်၊ ဩဂုတ်လမှ စတင်၍ အာရှနှင့် အရှေ့တောင်အာရှနိုင်ငံအချို့တွင် ပျံ့နှံ့ကူးစက်ဖြစ်ပွားခဲ့ရာ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လတွင် မြန်မာနိုင်ငံ၊ ရှမ်းပြည်နယ်အရှေ့ပိုင်းနှင့် အရှေ့မြောက်ပိုင်းရှိ နယ်စပ်မြို့နယ်အချို့တွင်လည်း ကူးစက်ဖြစ်ပွားသဖြင့် ဖြစ်ပွားကျရောက်ခြင်းမရှိသေးသော အခြားဒေသများသို့ ကူးစက်ပျံ့နှံ့ခြင်းမရှိစေရေးအတွက် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိပါသည်။ မိမိမွေးမြူထားသော ဝက်များကိုလည်း အာဖရိကဝက်အပြင်းဖျားရောဂါ ကူးစက်ကျရောက်ခြင်းမရှိစေရေးအတွက် မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို စနစ်တကျမြှင့်တင်ရန် လိုအပ်ပါသည်။ အာဖရိက ဝက်အပြင်းဖျားရောဂါ ကြိုတင်ကာကွယ်နိုင်ရန်အတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) ဝက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြု ဆောင်ရွက်ရန်၊
(ခ) ဝက်ခြံများနှင့် သားငါးဈေးများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊
(ဂ) အိမ်မွေးဝက်များကိုအပူပြင်းပြင်းဖြင့် ချက်ပြုတ်ထားခြင်း မရှိသောစားသောက်ဆိုင်များမှ စားကြွင်း/ကျန်ကျွေးခြင်း မပြုလုပ်ရန်၊
(ဃ) အခြားခြံများမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်းမပြုရန်နှင့် လူအဝင်/အထွက် ထိန်းချုပ်ရန်၊
(င) အသက်အရွယ်တူဝက်များကိုသာ အတူတူမွေးမြူရန်၊
(စ) ဝက်ခြံများအတွင်း အပူချိန်၊ စိုထိုင်းဆ၊ လေဝင်/လေ ထွက်ကောင်းမွန်စေရေးဆောင်ရွက်ရန်၊
(ဆ) ရောဂါကင်းရှင်းကြောင်း စိတ်ချရသောခြံမှ ဝက်များကို ဝယ်ယူမွေးမြူရန်၊
(ဇ) ဝယ်ယူသည့်ဝက်များကို မိမိခြံရှိဝက်များနှင့်မရောမီ သီးသန့်ခွဲခြားထား၍ ရောဂါကင်းရှင်းမှ မွေးမြူရန်၊
(ဈ) ပြည်ပမှ တရားမဝင်တင်သွင်းလာသော ဝက်အရှင်နှင့် ဝက်ထွက်ပစ္စည်းများဖြစ်သည့် ဝက်သား၊ အေးခဲဝက်သား၊ ဝက်ပေါင်ခြောက်၊ ဝက်အူချောင်းနှင့် အခြားဝက်ထွက်ပစ္စည်းများ တင်သွင်းခြင်း၊ ရောင်းချခြင်း၊ စားသုံးခြင်းမပြုရန်၊
(ည) တောဝက်နှင့် အိမ်မွေးဝက်များ ရောနှောထိတွေ့ခြင်းမှ ကာကွယ်ရန်၊
(ဋ) တောဝက်နှင့် အိမ်မွေးဝက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက် သေဆုံးပါက နီးစပ်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေး လုပ်ငန်းအဖွဲ့ထံသို့ ချက်ချင်းသတင်းပို့ရန်၊
(ဌ) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်း လုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃)ရပ်ကွက်၊ ကျန်စစ်သားလမ်း၊ မြေကွက်အမှတ်(၁၆+၁၇)၊ အကျယ်အဝန်း(၄၀ပေ× ၆၀ပေ)စီရှိ ဦးဗန်လားဖိန်ငါ(၅/ကလထ (နိုင်) ၂၁၆၇၈၅)အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်(၂)ကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင် ဦးဗန်လားဖိန်ငါ ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇) ရက် အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန် ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဦးထိန်လင်းသန်း** |
| LL.B, D.B.L, D.I.L., | LL.B, D.B.L, D.I.L, D.M.L, |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၈၂) |
| **Hein Htet San Law Firm** | ၀၉၅၅၀၆၁၄၆၊ ၀၉၅၅၀၄၂၆၅ |

အမှတ်(၁၅)၊ ပထမထပ်၊ သံသုမာလမ်း(ရတနာလမ်းဆုံ)၊ (၁၄) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။

# (၇၃) နှစ်မြောက် အာဇာနည်နေ့အခမ်းအနား



ဗိုလ်ချုပ်အောင်ဆန်း၏ သားဖြစ်သူ ဦးအောင်ဆန်းဦး ကိုယ်စား တူတော်စပ်သူ ဦးရဲအောင်သန်း လွမ်းသူ့ပန်းခွေချ အလေးပြုစဉ်။ (သတင်း – ရှေ့ဖုံး)
သတင်းစဉ်



သခင်မြ ဂူဗိမာန်၌ သခင်မြ၏ မိသားစုများ လွမ်းသူ့ပန်းခွေချ အလေးပြုစဉ်။ (သတင်း – ရှေ့ဖုံး)
သတင်းစဉ်



ဒီးဒုတ်ဦးဘချို ဂူဗိမာန်၌ ဒီးဒုတ်ဦးဘချို၏ မိသားစုများ လွမ်းသူ့ပန်းခွေချ အလေးပြုစဉ်။ (သတင်း – ရှေ့ဖုံး)
သတင်းစဉ်



ဦးဘဝင်း ဂူဗိမာန်၌ ဦးဘဝင်း၏ မိသားစုများ လွမ်းသူ့ပန်းခွေချ ကန်တော့စဉ်။ (သတင်း – ရှေ့ဖုံး)
သတင်းစဉ်

### စစ်ပွဲတွေဖြစ်နေပြီး စီးပွားရေးအခြေအနေ ဆိုးရွားနေသော်လည်း ဆီးရီးယားပြည်သူများ ပါလီမန်အသစ်အတွက် ဆန္ဒမဲပေးမည်

စာ ➤ ၁၂

### ကိုဗစ်ကာလမှာ ကျရိပ်ပြနေတဲ့ စင်ကာပူရဲ့စီးပွားရေး

နိုင်ငံတကာရေးရာဆောင်းပါး စာ ➤ ၁၄

### ကျွန်တော်နဲ့ အလုပ်ဘဝ ဟန်ချက်ညီမှု

ဆောင်းပါး စာ ➤ ၂၀

### COVID –19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁၉–၇–၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

စာ ➤ ၁၆

## ဂျော်ဒန်နိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ခဲ့



နေပြည်တော် ဇူလိုင် ၁၉

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ရန် Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ မြန်မာသံရုံးများနှင့် ပူးပေါင်းညှိနှိုင်း၍ ဆောင်ရွက်ပေးလျက်ရှိသည်။ ထိုသို့ ဆောင်ရွက်လျက်ရှိရာ ဂျော်ဒန်နိုင်ငံရှိ Rich Pine ၊ Century Miracle နှင့် Camel and Vega စသည့် ကုမ္ပဏီများတွင် အလုပ်လုပ်ကိုင်လျက်ရှိပြီး မြန်မာနိုင်ငံသို့ ပြန်ရန် အခက်အခဲကြုံတွေ့နေရသည့် မြန်မာအလုပ်သမား ၁၄၀ အား မြန်မာအပြည်ပြည်ဆိုင်ရာ လေကြောင်းလိုင်း(MAI) ဖြင့် ပထမအကြိမ် ကယ်ဆယ်ရေး

*စာမျက်နှာ ၁၆ ကော်လံ ၁* ❏